www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



စာမူခွင့်ပြုချက်အမှတ်
၅၀၀၆၇၈၀၅၁၂၊
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၃၃၄၀၂၁၂၊
ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊
(ဇူလိုင်လ)၊ အုပ်ရေ(၅၀၀)။

ဝ၉၅.ဝ၃
နတ်ရှာမိုး၊
ကျောင်းကြီးမွေ့ဝှတ်တုတ်/နတ်ရှာမိုး။ - ရန်ကုန်
အောင်မြင်စာပေ၊ ၂၀၁၂။
၁၆၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ၊
(၁) နတ်ရှာမိုး၊

ထုတ်ဝေသူ
ဦးအောင်မြင့်၊
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
အောင်မြင်ပုံနှိပ်တိုက်၊
မြန်မာ့ရေး
အောင်မြင်စာပေ။

မိုက်ကယ်အိန်ဂျလိုက ပြောတယ်...
"သစ်သားထဲမှာ
ပန်းပုရုပ်ကရှိနေပြီးသား
ကျုပ်က...
အေးကမလိုတာတွေ
ပုတ်ထုတ်လိုက်တာ..." တဲ့။
ဟုတ်ကဲ့...
လောကထဲမှာ
ကျွန်တော်ကရှိပြီးသား
ခင်ဗျားတို့က...
အဲ့ဒီလောကကြီးကို
လိုအပ်သလို...
ခုတ်ခက်
ပုတ်ပက်ထုတ်လိုက်ပေါ့
အဟုတ်မြင်ရစေမယ်
ငုတ်တုတ်လေး။ ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁)

ဖေါင်းဖန်ဝါ ရှင်နေမင်းသည် အရှေ့ဘက်က တိမ်လွှာတိမ်ဆန်းတွေကို ပန်းသွေးနီနီအို့အို့ စုတ်တံလှမ်းတို့ခြင်းအားဖြင့် သည်နေ့လည်း ငါလင်းဦးမည်ဟု သတင်းကြိုပို့ရင်း အရုဏ်ပျို့ပြလိုက်သည်။ နီပျို့ပျို့ အရုဏ်အလင်းသည် ပဲခူးရိုးမတောင်ခြေက သံပင်စို့ရွာကလေးအပေါ် တိမ်တွေကို ကျော်ဆင်းလာ၏။

အရုဏ်ကျင်းပြီ။

ကုန်းကမူပေါ်က ထုံးဖြူတော်စေတီ၏ ဆည်းလည်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



အရုဏ်ဦးအလင်းစက်တွေ အရင်ကျလာ၏။ ဆည်းလည်းလှိုက်သံများက ရွာကျောင်းဆရာတော်၏ စကြံစျာန်သမာပတ်ကို ဦးခိုက်ကော်ရော်၍ ကျောင်းဝင်းအပြင်ကို ညင်းညင်းညှံ့ညှံ့ ရိုက်ဆော်သွား၏။ ကျောင်းဝင်းအဝက ညောင်ပင်အို ရွက်သစ်များကြား. . ဆည်းလည်းသံတွေ ဖြတ်တိုးသွား၏။ လက်ကျန်ညောင်ရွက် ဝါဝါရွှေရွှေတွေ ရွာလယ်လမ်းမပေါ် တဖျောဖျော လွင့်ကြွေကုန်၏။

ရွာလယ်လမ်းမသည် တစ်ဖက်တစ်ချက်ရှိ သပ်ရပ်သော စည်းရိုးခတ် ခြံဝင်းများအလယ်၌ ညီညာဖြောင့်ဖြူးစွာ သံပင်စို့ရွာကို တောင်ပိုင်းမြောက်ပိုင်း စည်းခြားသတ်မှတ်ထားသလို ကျောလျှားဆန့်ခင်းထား၏။ အဝါရောင်အနီရောင် ကွက်ကြားမြေဝတ်ရုံကို ခြုံအိပ်နေ၏။

သစ်သားဖုကလေးက ကြေးစည်ကိုနှိပ်လိုက်၏။

"တူ. . . ဝေ. . . ဝေ. . ဝေ. . ဝေ"

"ဆွမ်းတော်ခင်. . မျို့"

အရုဏ်ပျိုသည်နှင့်ကြားနေကျ ကြေးစည်သံနှင့် ဘုန်းကြီးကျောင်းသားလေးသံခဲ ဗျို့သံက ရွာလယ်လမ်းမတစ်လျှောက်. . . အချိန်မှန်လာသမို့ ရေဒီယိုသံပင်စို့ ဖြစ်တော့သည်။ သူ့ဗျို့သံကထူးခြားသည်။ ဆွမ်းတော်ခင်ဗျို့လည်း မဟုတ်။ ဆွမ်းတော်ခင်မျာလည်း မဟုတ်။ ဆွမ်းတော်ခင်မျို့ ပါတဲ့။ ဆွဲဆွဲငင်ငင်နှင့်ချစ်စဖွယ် အသံလေးမို့ သာယာဖွယ်နံနက်ခင်း၏ နဝံပီယံဖြစ်ရပါသည်။

ထိုအသံလေးနောက်မှာတော့. . (ရုံဖန်ရုံခါ ဆရာတော်ပါပါသော) အရုဏ်ဦးဆွမ်းခံတန်း. . . သံပင်စို့ရွာ၏ ကြည်နူးဖွယ်





သဒ္ဓါခန်း. . . ထေရဝါဒတို့၏ စားဦးစားဖျားပူဇော်ရိုး ဘိုးဘွားစဉ်လာဒါနခန်း. . . ဒါန သီလ ဘာဝနာတည်းဟူသော နိဗ္ဗာန်လမ်း၏ အဖွင့်ခန်းဖြစ်သည်။

ထိုအခိုက်အတန့်လေး၌ သြရိယခေါ်ရောင်ခြည်ဆန်းသည် ရွာလယ်လမ်းမပေါ်သို့ ကျရောက်ပက်ဖျန်းထားသည်သို့ ရှိနေတော့၏။ ဗုဒ္ဓ၏ သာသနာ့ရောင်ခြည်သည် လှူဒါန်းသူများ အလှူခံရဟန်းများပေါ်သို့ပါ ပက်ဖျန်းထားသည်မို့ ထိုအလင်းတန်းအောက်၌ တစ်လောကလုံးသည် ငြိမ်သက်အေးချမ်း နေတော့သည်ဟု. . . ဆရာလေးအောင်ပန်း ထင်သည်။

"တူ. . ဝေ. . ဝေ. . ဝေ. . ဝေ. ."

"ဆွမ်းတော်. . . ခင်. . မျို့"

ရောင်နီပျိုစကတည်းက ထိုရွာလယ်လမ်းနှင့် ဆွမ်းခံတန်းမြင်ကွင်းကို မြက်ခင်းစိမ်းနှင့်တဲငယ်လေးမှ သူထိုင်ကြည့်နေခဲ့သည်။ ကျောင်းဝင်းထဲမှ တူဝေဝေသံနှင့် သူ့တပည့်လေး သံခဲ၏ ဗျို့ဟစ်သံ အစမှအဆုံးအထိ နေ့စဉ် သူထိုင်ကြည့်မြဲ ဖြစ်သည်။ သူ၏ တဲအိမ်လေးက. . အပေါ်စီးကျသော ကုန်းကမူပေါ်တွင် သီးသီးသန့်သန့် တည်ဆောက်ထားခြင်းဖြစ်သည်။ သူစာသင်သော ဆရာတော်ကျောင်းဝင်းထဲက ဘ/က မူလတန်းကျောင်းကိုလည်း လှမ်းမြင်နေရသည်။

ဆွမ်းခံတန်းက ကျောင်းဝင်းထဲမှထွက်ပြီးရွာလယ်လမ်း အတိုင်း တောက်လျှောက်ပင် တရွေ့ရွေ့ဝေးသွားသည်။ ရွာဝင်စည်းရိုးစပ်နားရောက်သောအခါ မြင်ကွင်းမှ သံဃာတော်များ ခပ်ပျောက်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ အနည်းငယ်ကွေ့သော နေရာမို့ဖြစ်သည်။ ထို့နောက် ဆွမ်းခံပြန်တစ်ကြောင်း ရွာလယ်လမ်းအတိုင်း ပြန်ကြွလာသည်။ အသွားတုန်းက မမိလိုက်သူများ အပြန် လောင်းနိုင်သည်။

"တူ. . ဝေ. . ဝေ. . ဝေ. . ဝေ"

"ဆွမ်းတော်. . ခင်. . မျို့"

သံခဲလေးနောက်ဆုံးရိုက်ချက် တူဝေဝေနှင့် ကျောင်းထဲ ဝင်သွားလေပြီ။ ကျောင်းဝင်းပေါက်ရှေ့နှစ်ခြံကျော်မှ သီသီထွေး တို့ အိမ်ရှေ့တွင် နောက်ဆုံးရိုက်ခဲ့ခြင်းဖြစ်သည်။ သီသီထွေး ယောဂီ တဘက်ပခုံးထက်တင်၍ အငွေ့လူလူ ဆွမ်းပူပူကို တဘက်စနှင့် အောက်ကခု,မ ကိုင်ရင်းထွက်လာပေပြီ။ နေခြည်သည် သူမ၏ နွဲ့နှောင်းသော ကောက်ကြောင်းတစ်ခြမ်းကို ရွှေရည်နှင့်ပက်ဖျန်းလိုက်၏။ သူမခြံဝတွင်ရပ်လိုက်သည်နှင့် တိုက်အုပ်ကိုယ်တော် ဦးဆောင်သော ဆွမ်းခံသံဃာများ အိမ်ရှေ့ရောက်ပြီ။ နေ့စဉ် ကွက်တိပင်ဖြစ်သည်။

ဘယ်ကိုမှမကြည့်ဘဲ သီသီထွေးဆွမ်းလောင်းနေဟန်သည် နေခြည်ဆမ်းထားသော နံနက်ခင်းပန်းချီကားလို ခမ်းနားခြင်းနှင့်လှပသည်။ ကိုရင်တန်း နောက်ဆုံးက ဆွမ်းတန်း၏ ပဲ့ထိန်းကြီး ဦးဇင်းဝါယမအား ဆွမ်းဇလုံထဲရှိသမျှ နောက်ဆုံးလောင်းချအပြီး ဆွမ်းဇလုံကို ခြံခတ်တန်းအဝက အုတ်ခုံပေါ်တင်၍ လက်အုပ်ချီမည်။ လက်အုပ်ပြန်အချ၌ သူရှိနေသော ကုန်းကမူဆီ တစ်ချက်ဝေ့ကြည့်မည်။ ဆွမ်းဇလုံကို အသာအယာလှမ်းယူ၍ ခြံထဲပြန်ဝင်မည်။ ဘောလုံးကွင်း အနံတစ်လျှားကျော်ကျော် အကွာအဝေးမို့ သူရှိနေ သူကြည့်





နေသည်ကို သီသီထွေးသိမသိ သူမသိ။ မိုးမခပင်တွေ ကွယ်နေ၏။ သူ့ဘက်ကတော့ အတိုင်းသားပင် မြင်နေရ၏။

ဤတွင်. . .

ဆရာလေးအောင်ပန်း၏ နိစ္စဓူဝ လန်းဆန်းခန်း ပြီးဆုံးသွားပြီဖြစ်ပါသည်။ လာပါချေပြီ။

"ကွီ!. ."

"ကျီ!. . ကွျီ!. . ဂီ!. . ဟဲလို!. . ဟဲးလိုး!"

"ဟဲလို!. . ဗုတ်!. . ဗုတ်!. . ကျီ!. . ဟဲလို!"

"တက်စတင်း!. . ဟဲလို!. . တက်စတင်း! ရပြီ. . . ရပြီ. . အဟမ်း!. . ဟမ်း. ."

"ဟော့ကောင်. . အောင်ဘု. . အောင်ဘု. . . ကြားလား ကြားတဲ့နေရာက အမြန်ပြေးလာစမ်း. . . 'ဂွီ!. . ကွျီ!'. . ကျင်ဥမ ခဲလုံး. . ကျင်ဥမ. . . အောင်ဘုညက ပြန်အိပ်လား. . . 'ကွီ!'. . . အိပ်နေရင်. . . ဆောင့်ကန်ပြီးနှိုးပေးစမ်း. . . ငါကလို့ ပြောလိုက်ဦးမယ်. . . အစိန္တေယျအခွေ ပျောက်နေလို့"

ခပ်တိုးတိုးအသံက ဆက်လာ၏. . .။

"အေပေးနှယ်. . . မူးမူးရူးရူးနဲ့ ဘယ်ထားခဲ့မှန်းမသိဘူး"

"ဘဇံ. . . အဘဇံ ဆဲသံတွေ အပြင်ထွက်နေတယ်ဗျ. . . ဆရာတော်ကြားရင် ဆော်ပလော်တီးခံနေဦးမယ်. . . ကျုပ်. . မိုက်ဘူ. . . အဲ. . . မိုက်ပေးပါဗျာ ကျုပ်ခေါ်ပေးပါ့မယ်. . ."

"ကွီ!. . ကျီ!. . ဂျလစ်ဂျလစ်!. ."

"ဟဲလို. . ဟဲ-ိ . လို. . . လု. . လို. . ကောင်းပြီ၍

www.burmeseclassic.com



နားဆင်ပါခင်ဗျာ. . . ဗျာ. . . ဗျာ. . . ကျွန်တော်များ သံပင်စို့ရွာ မြောက်ပိုင်းက ကာလသားခေါင်း ကိုအောင်ဘုခင်ဗျား. . . မြောက်ပိုင်းဓမ္မာရုံတည်ဆောက်ရေးအလှူခံမဏ္ဍပ်က ဓမ္မာရုံဥက္ကဋ္ဌကြီး ဦးဘဇံက ကိုအောင်ဘုကို. . အမြန်ကြွရောက်ပါရန် ဖိတ်မန္တက ပြုအပ်ပါတယ် ခင်ဗျာ"

"ဟော့ကောင် ညွှန့်သီး ငါက ဥက္ကဋ္ဌကွ. . အောင်ဘုကို ငါက ဘာလို့ ဖိတ်မန္တက ပြုရမှာလဲကွ. . လခွီး. . . ရှိရှိသေသေခေါ်မနေနဲ့ ငါကလာဦးလို့၊ အမြန်လို့. . ဒါပဲ"

"ဟုတ်ကဲ့. . ကိုအောင်ဘုခင်ဗျား. . ဥက္ကဋ္ဌကြီးက အလှူခံမဏ္ဍပ်ကို အမြန်တကာ့ အမြန်ဆုံး. . ကြွရောက်ပါရန်အကြောင်း သပ္ပုရိတန္တယ်ဝင် သူတော်စင်အပေါင်း. . ."

"ဟော့ကောင်. . မင်းက လျှာကို တော်တော်ရှည်ပါ့လားကွ"

"ဘဇံကလည်းဗျာ ကျွန်တော်စကားမဆုံးသေးဘူးဗျ. . အဲကြားကြားသမျှ သပ္ပုရိတန္တယ်ဝင် သူတော်စင်အပေါင်းကလည်း ကိုအောင်ဘုကို အကြောင်းကြားပေးစေလိုကြောင်း. . . နိဗ္ဗာန်အကျိုးမျှော်၍ နိုးဆော်. . . 'ဂွီ!. . ကျွီ!'. ."

ဂွီ!. . ကျွီ!. . နှင့်ပင် အသံတွေ ထိုးရပ်သွားသည်။ မကျည်းပင် ထိပ်ဖျားနားမှ သူ၏တဲအိမ်နှင့် ဒုံကြီးတန်းနေသော အော်လံကို လှမ်းကြည့်ရင်း ဟင်းခနဲ သက်ပြင်းချလိုက်ရသည်။

ဩော်. . ဒီကနေ့ ဥပုသ်နေ့လေး တစ်ရက်စာ. . နားမည်။ စာဖတ်မည်ကြံခါမှ ဓမ္မရုံဥက္ကဋ္ဌလက်သစ်နှင့် မိုက်ခဲ(နိဗ္ဗာန်ဆော်ချင်လွန်းသူ) ဦးညွှန့်သီး၏ အသံဗလံများ. . လှပသော နံနက်ခင်းကို





ညံ့ညံ့စီစီထိုးခွဲ၍ ထွက်ပေါ်လာပါပြီ။ တစ်နေကုန် အော်ပေရော့မည်။

မိုက်ခဲကိုညွှန့်သီးက အသံချဲ့စက်ပိုင်ရှင်ဖြစ်၏။ အသံချဲ့စက် မပိုင်ခင်ကတည်းက သံပင်စို့ရွာလုပ် သံဖြူပုံးအော်လံကိုင် နိဗ္ဗာန်ဆော်ဖြစ်သည်။ အသံချဲ့စက်ပိုင်ရှင်ဖြစ်ရေးသည် သူ့ဘဝ၏ ရည်မှန်းချက်ဖြစ်ပြီး မိုက်ကိုင်ရေး(မိုက်ခဲရေး)သည်ကား သူ့ဘဝ၏ ရောမ ပန်းတိုင်ကြီး ဖြစ်တော့သည်။

"နိဗ္ဗာန်ဆော်ဆိုတာ နိဗ္ဗာန်ကိုသွားကြစို့လို့ ဆော်ဩတဲ့လူ နိဗ္ဗာန်ကိုလမ်းခင်းပေးတဲ့သူကွ. . . သူက အရင်ရောက်တာပေါ့ကွ လမ်းဖောက်သူပဲ. . . ငှဲ. . . ငှဲ. . . ငှဲ. ."

ဟူ၍ ကိုသာဉာဏ်ထရေတဲ(ထန်းရည်တဲ)၌ ပြောလေ့ရှိသူတည်း။

ကိုသာဉာဏ်က. . . ကိုညွှန့်သီးကို. . .

"နိဗ္ဗာန်သွားမယ့်လူကလည်း ထရေတဲဝင်နေရတယ်လို့ဗျာ ထရေကြွေးလည်းထပ်နေပြီ. . . ဆပ်ဦး"

"ဘုရားတောင် ယစ်ထုပ်ကြီးဘဝနဲ့ ပါရမီဖြည့်ခဲ့ရသေးတာပဲ သာဉာဏ်ရာ. . စက်ခ. . နိဗ္ဗာန်ဆော်ခလေးရတော့ ဆပ်မှာပေါ့ စိတ်ချ သံသရာကို မင့်ကြွေးယူမသွားပါဘူးကွာ"

"ဓမ္မာရုံက ဘယ်ဆီနေမှန်းမသိရသေးဘူး ခင်ဗျားကြွေးက ညည်ပင်းနစ်နေပြီ"

"ဓမ္မာရုံဥက္ကဋ္ဌကြီး အဘဇံပေးထားတဲ့ကတိကွ ဓမ္မာရုံ လက်ဆောင်ပြီးရင် ငါ့စက်ဖိုးနဲ့ဆော်ခတွေ တစ်ပေါင်းတစ်စည်းတည်း [illegible] မယ်တဲ့ မင်းသာစာရင်းအင်းနဲ့တင်ပြတဲ့"



www.burmeseclassic.com

www.burmeseclassic.com



မှန်ပါသည်။ အဘဖဲခြံကွက်ထောင့်တွင် သံပင်စို့မြောက်ပိုင်း ရပ်ကွက်ဓမ္မာရုံက. . . အုတ်ခုံထောင်ရန် ပန္နက်ကြီးသာ လေးဘက် လေးတန်ဆွဲတန်းပြီးခါစ ရှိပါသေးသည်။ မြေတောင်မတူးရသေး။ အလှူခံနေတာက. . . တစ်ဝါဆိုခဲ့ပြီ။

*"အစ်နွေယျ. . . ဥပမေယျ. . . အနန္တမေတ္တာသစ္စာ အတု မရှိသော ကျေးဇူးဂုဏ်တော်အပေါင်းတည်ခါ ဖြစ်တော်မူသော အရှင်ဝပ္ပသဗ္ဗမြတ်စွာဘုရား. . . ကိုယ်တော်. . ."*

ကိုအောင်ဘုပဲ ဖိတ်မန္တကကို ကြွချီလာသလား၊ တစ်နိုင်ငံ လုံးကိုလွှမ်းသည့် အဆိုတော်အေးအေးမြင့်ပင် အရှင်လတ်လတ် ရောက်လာလေသလားမသိ။ အစ်နွေယျသီချင်းသံ မိုင်ကုန်တင် ထွက်ပေါ်လာလေသည်။ ထိုသီချင်းအဆုံးမှာတော့. . မိုက်ခဲညွှန့်သီး ၏ မိုက်စမ်းသံ၊ အက်ကိုးချိန်သံတို့ မကျည်းပင်ထိပ်ဖျားရှိ အော်လံ လေးလုံးမှ စီစီညံညံထွက်ပေါ်လာပြီး သကာလ. . . နမောတဿ သုံးကြိမ်ရွတ်ဆို၍ အလှူခံမဏ္ဍပ်ဖွင့်လှစ်လေသည်။

"ဟုတ်ကဲ့ပါခင်ဗျာ ကျွန်တော်များ သံပင်စို့ကျေးရွာ သံပင်စို့ ဆရာတော် ဘဒ္ဒန္တပညာသာရကို အမှူးထား၍ မြောက်ပိုင်းဓမ္မာရုံ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌကြီး အဘဖဲရဲ့. . ခွင့်ပြုကြီးကြပ်မှု အောက်မှာ ဓမ္မာရုံတော်ကြီးအလှူခံမဏ္ဍပ် စတင်ဖွင့်လှစ်ကြောင်း သပူရိတနွယ်ဝင် သူတော်စင်အပေါင်းကို နိဗ္ဗာန်အကျိုးကြည့်၍. . . နှိုးထိအသိပေးအပ်ပါတယ်ခင်ဗျာ"

ဆက်လက်၍. . အလွတ်ကျက်မှတ်ထားသော ပုပ္ပမုံစပရ စေတနာသုံးတန်အကြောင်းကို ကြာနီကန်ဆရာတော်လေသံနှင့်





ရှည်ရှည်လျားလျားရွတ်ဖတ်နေပြန်သည်။

မိုးမခပင်အောက်ရှိ ခုံတန်းလေးမှ သီသီထွေးအိမ်ဘက် တစ်ချက်လှမ်းကြည့်ရင်း သူထရပ်သည်။ သံခဲလေး ကုန်းစပ်က တက်လာနေပေပြီ။ လက်ထဲက ကြိမ်ဆွဲခြင်းထဲတွင် ကပ္ပိယဦးလေးခ ပို့နေကျ သူ၏ မနက်စာ ဘောဇဉ်တစ်ခုခု ပါလာပေမည်။ သူတည် ထားသော ရေနွေးအိုးလည်းအငွေ့ထောင်းထောင်း အူနေပေပြီ။

ဆရာတော်ကလည်း. . 'ဒကာလေး စိတ်အေးလက်အေး မီးတောင် မမွေးပါနဲ့. . . အစစအရာရာပြည့်စုံအောင် ထောက်ပို့ ပေးထားမယ်၊ ဘာလိုလို. . မောင်ခနဲ့သံခဲကိုပြော. . ကြားလား. . အိမ်း. . ပုထုဇဉ်မို့. . သံယောဇဉ်ကိစ္စတွေဘာတွေ ရှိလာရင်လည်း ဒီရွာမှာပဲ အခြေကျသွားအောင်. . ရပ်မိရပ်ဖတွေ အကောင်းဆုံး စီစဉ်ပေးလိမ့်မယ်. . ဘုန်းကြီးကိုတော့ အရင်ပြောကွဲ့. . ကြားလား' တဲ့။

ထိုစကား မိန့်ကြားတုန်းက. . . သူ မှန်ပ့ါဘုရားဟု ပြန် သည် မလျှောက်ကြားခဲ့။ လက်အုပ်ကြီးချီ၍ ပြုံးတုံ့တုံ့သာ လုပ်နေ မိခဲ့သည်။ ဒါပဲလုပ်စရာကရှိခဲ့သည်လေ။ သည်တုန်းက သီသီထွေး ကိုလည်း မမြင်ဖူးသေးဘူးလေ။

"ဗိုက်ဆာနေပလားဆရာလေး ဦးလေးခအလုပ်များနေလို့ နည်းနည်းနောက်ကျသွားတယ်"

"မဆာသေးပါဘူးကွာ. . . ဘာတွေလဲ. . မင်းခြင်းထဲ ချိုင့် တွေပလုံးတွေနဲ့"

"အုန်းနို့ခေါက်ဆွဲတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းကြီးတောင် မကပ်ရသေးဘူးမှတ်လား"

"ဘုန်းကြီးကပ်တာက သပ်သပ်. . ဒါကဆရာလေးကို သပ်သပ်ကပ်တာ. . . တဲ့"

"ဟွာကောင်. . ငါဘုန်းကြီးမှတ်ဘူးလေကွာ. . ဘယ်သူက ကပ်တာလဲ. . . အဲ. . . ဘယ်အိမ်ကပို့တာလဲ"

"မမသီတို့အိမ်က. . ဆွမ်းခံပြန် ဘုဉ်းပေးဖို့ လာကပ်သွားတာ ဥပုသ်သည်တွေကိုတော့ နေ့ဆွမ်းမှကျွေးလိမ့်မယ်"

သီသီထွေးတို့အိမ်ကဆို၍ သူ ရင်တစ်ချက်ခုန်သွားသည်။ သီ့သီထွေးလက်ရာပင် ဖြစ်လိမ့်မည်။ သူ့ကို သပ်သပ်ဖယ်၍ ပို့ခြင်းတဲ့. . . ခုံပိုင်းလေးခင်း၍ ပြင်ဆင်ပေးနေသော သံခဲနေရာ၌ သီသီထွေးကို ဖျတ်ခနဲမြင်ကြည့်လိုက်သည်။ သူပြုံး၍ စိတ်ကူးယဉ်နေစဉ် ချိုင့်ဖုံးက ဝရုန်းခနဲ ပြုတ်ကျသွားသဖြင့် စိတ်ကူးထဲ သီသီထွေးအမေ၏မျက်နှာကြီး ဗြုန်းခနဲ ဝင်လာသည်။ ဆရာတော်၏ ပစ္စည်းလေးပါးဒကာတော်မ ဖြစ်သော်လည်း လယ်ပေါင်ခံ ငွေတိုးပေးစားသူမို့ ကြွေးတောင်းရက်စက်သူ ဒေါ်မြသီဖြစ်သည်။

ရွာထဲတွင် မြသီသုံးသီ ရှိသည်။ သာအောင်မြသီ၊ ဂါဂဲမြသီ၊ အာပြဲမြသီ ဟူ၍ ရှိရာတွင်. . . တတိယမြောက်မြသီဖြစ်သတည်း။

အဟီး!. . . ဖြုံစဉ်ကြီး။

ဒေါ်အာပြဲမြသီသည် တောင့်ဆဲ၊ ဖြောင့်ဆဲ၊ လှဆဲ၊ သဆဲ၊ အဆဲလည်းကြွယ်သော(အဲ. . ဆဲခြင်းကြွယ်ဝ) ရွာ့မျက်နှာဖုံး မုဆိုးမလည်းဖြစ်သည်။ (ဦးလေးခပြန်ပြောပြသောစကားအရ. . .)

"ငါ့သမီးလိုချင်ရင်. . . ငါနဲ့ တစ်သီတင်းလောက် အရင်





ပေါင်းကြည့်ဟေ့. . . ဒါမှအကြောင်းသိမှာ. . . မကောင်းသေးလို့ကတော့. . . ခေါင်းမွေးတောင်ရေးရေးမကျန်စေဘူးမှတ်" တဲ့။

ဟုတ်ကဲ့. . ၊ မှတ်သားရလောက်အောင်ပင် အဘယ်ကာလသားမှ အနားမကပ်ရဲအောင် ရွှေအာတော်ပြလေသောဟူ၏။

"ဆရာလေး မမသီလက်ရာဗျ. . . ဟင်းရည်ပူတုန်းလေးအားပေးလိုက်ဦးလေ ဘာတွေများငေးနေတာလဲဆရာလေးရဲ့"

"အေးဟေး. . ဘာရယ်မှုတ်ပါဘူးကွာ. . အုန်းနို့နံ့လေးကတော့ သင်းနေတာပဲ. . . မင်းရောစားပြီးပလား အများကြီးပဲ လာတစ်ခါတည်းဝင်စား. . ကျောင်းပေါ်မှာဆို ကိုရင်ဝိုင်းသိမ်းမှ မင်းတို့အလှည့်ရောက်မှာ"

ဘုန်းကြီးကျောင်းသားပီပီ၊ ဝင်လည်းစားနေကျမို့ သံခဲကလည်း သူနှင့်အတူ ဝင်အုပ်သည်။ ပလုတ်ပလောင်းကို စားတော့သည်။ ဆာနေရာပေါ့ သည်လောက်လွှျောက်ပြီး၊ သည်လောက်အော်ထားရရှာတာ မှုတ်လား။

"ဟုတ်ကဲ့ပါခင်ဗျာ. . ဟောဟိုမှာ. . စောစောစီးစီး အိပ်ရာအထမှာပဲ စိတ်သဒ္ဒါကြွနေတဲ့ စေတနာ့ရှင် ရောက်လို့လာပါပြီ. . . စေတနာရှင်ကတော့ အောင်မြေလောကစေတီတော် ဒါယကာအရေပူရ ပထမမြို့တည်နန်းတည် ဘိုးတော်ဘုရားမင်းတရားကြီးရဲ့ ရွှေလက်တော်အခါက. . သတိုးမင်းကြီးမဟာသုဓမ္မရာဇကျော်ထင်နန်ရှင်တော် ယောမြို့စားအမတ်ကြီး ပညာရှိအကျော်အမူး ဦးခေါ် ဦးရဲ့. . . မယားဘက်မှပါသော တူတော်မောင်သုံးဆင်းဆက် [illegible] ဦးလူမှတ် ဆိုတဲ့. . . ရပ်ကိုးရွာကိုး သူကြီးမျိုးရိုး ဆင်းသက်သော



www.burmeseclassic.com

www.burmeseclassic.com



သူ ဖြစ်ပါတယ်. . . ”

ခပ်တိုးတိုးအသံ။

(အောင်ဘုရေ ရေတစ်ခွက်လောက်ကွာ. . ဂလု. . ဂွပ်)

“အဲ. . . ဘယ်ရောက်သွားပလဲ. . . အဲ. . . ဟုတ်ကဲ့ ဘိုးတော်ဘုရား. . . အိမ်နိမ့်စံ မောင်ဝိုင်း ဘဝကတည်းက မှိုချိုးမျှစ်ချိုး လှေထိုးလိုက်ပြီး သခင်ကို အလုပ်အကျွေးပြုခဲ့တဲ့ ပေါ်ဦး၊ ထင်မြတ်၊ ကျော်ငွေးဆိုတဲ့ အိမ်တော်ပါငယ်ကျွန်တွေနဲ့လည်း ဦးလူမှတ်ဟာ နီးကပ်ခင်မင်ရင်းစွဲ ရှိခဲ့သူပါခင်ဗျာ. . . အဲ. . . ယခု ကျွန်တော်များ သံပင်စို့ရွာ သူကြီး၊ ကျွန်တော်များနှုတ်ကျိုးလို့ မျိုးရိုးစဉ်ဆက် သုံးစွဲလာတဲ့သူကြီး. . ဦးလေးဦးလူမောင်းဟာဖြင့် အထက်က ကွက်ကွက်ကွင်းကွင်း ကျွန်တော်ဖော်ပြခဲ့တဲ့ နှလုံးပြူးလိုင်ဖယ်နဲ့ ရွှေစလွယ်ရ ဦးလူမှတ်ရဲ့. . . သား. . . မြေး. . . တီ. . . ကျွတ်. . . အဲ. . တီတော်ရဲ့သား. . . အဲ. . . ကျွန်တော်. . . ဖြစ်ပါတယ်ခင်ဗျာ. . . အေး. . ”

(အောင်ဘုရေ. . . ရေတကောင်းယူခဲ့ပါကွာ. . . )

မိုက်လွှဲထား၍ ခပ်တိုးတိုးအသံ။

(ဒီမှာ. . ရေတကောင်းအစ်ကို ကျွန်တော်အဒေါ်ချက်စူ အိမ်က တစ်လုံးဆွဲလာတယ် နွားစာခွက်ထဲမှာ. . )

(အေးအေး. . )

“အေး. . . လိုင်ဖယ်နဲ့ရွှေစလွယ်ဆုရ သူကြီးဦးလူမှတ်ရဲ့ ‘ကျွတ်တော်’ ယခုသူကြီး ဦးလူမောင်းဟာလည်း ရပ်ရွာကောင်းကျိုးကို သယ်ပိုးတဲ့အပြင် သာသနာကောင်းကျိုးကိုလည်း ထမ်းပိုးနေသူ





ဖြစ်ပါတယ်၊ ကျွန်တော်တို့သံပင်စို့ သူကြီးဟာဖြင့် ပြီးခဲ့တဲ့ လကွယ်နေ့ အလှူခံမဏ္ဍပ်အပိတ်မှာလည်း နောက်ဆုံးပိတ် အိတ်နဲ့လွယ်ဆိုသလို. . . ကုသိုလ်တွေကိုအိတ်နဲ့ လွယ်ပြီး. . . နိဗ္ဗာန်ကို စိတ်နဲ့ ရွယ်ခဲ့သူပါ. . ခင်ဗျ. . . ခုလည်းပဲ. . . စောစောစီးစီး အိပ်ရာအထမှာပဲ လှူချင်တန်းချင်တဲ့ စိတ်သဒ္ဓါကြွပြီး နိဗ္ဗာနပစ္စယောဟောတုနဲ့ ရွှေခုံစပရစေတနာသုံးတန်ကို ပြဋ္ဌာန်းပြီး နိဗ္ဗာန်ကမ်းကို ကူးသွားဖြစ်လောက်တဲ့ ဘိုးဘွား၊ ဘီဘင်ကို အမျှပြု၍ အထူးကုသိုလ်အ... . . . အလှူတော်ငွေ. . . အဲ. . . ”

(ဘယ်လောက်လဲ သူကြီး. . )

(နှစ်ဆယ်ကျပ်ကွာ၊ တစ်ဆယ်မှတ်ထားဦး ညနေမှယူ)

(ဟုတ်ကဲ့ သူကြီး. . )

“အေး. . . ဟုတ်ကဲ့. . အလှူတော်ငွေ နှစ်ဆယ်ကျပ်တိတိ ...တဲ့ခင်ဗျာ. . . သာဓု. . . သာဓု. . . သာဓုပါ ခင်ဗျ. . . အေး. . ...ကောင်းမှုအကြောင်းပြု၍ မောင်းထုစရာ မလိုသော ကောင်း...တင်းမွှေးပါစေ. . ဘယာဘေးမှန်သမျှ ဝေးပါစေ. . ရာထူးမှာ ...မြဲပြီး. . . ဘယ်ဘက်ကတစ်ဆုပ် ကြဲရုံနဲ့ ညာဘက်ကတစ်...ဝင်ပါစေ. . . အေး. . . အမြတ်ဆုံးတရားနဲ့ ကပ်သုံးပါးကို...ကျော်နိုင်ပါစေ. . . အေး. . . ”

(သူကြီး. . . တစ်ဆယ်လာပေးဦးနော်)

(အေးပါကွ. . တိုးတိုးလုပ်ပါ. . မိလွှန်း ကြားသွားပါ့မယ်)

သံခဲက လက်ကျန်ဟင်းရည်ကို ပန်းကန်စောင်း၍ ...သောက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီအသံတွေထွက်နေတာ သူရို့မကြားဘူးလားဆရာ လေး"

"မကြားလို့ပေါ့ကွာ. . အသံထွက်နေတာက မန်ကျည်းပင် ထိပ်ဖျားဆိုတော့ အသံတွေ တိုးတိုးလေး မိုက်ထဲ အကုန်ဝင်နေတာ ကို သူတို့ဘယ်လိုမှ အောက်ကမကြားနိုင်ဘူးလေ"

"သူကြီး. . . သူ့မိန်းမဖွေးလေးလွန်းဆီက ငွေနှစ်ဆယ် တောင်းပြီး. . တစ်ဆယ်လှူတယ်. . ကျန်တဲ့တစ်ဆယ်နဲ့ ဒေါ်ချက်ရှ အိမ်မှာ ကက်သွားဆွဲရင်း ပုလင်းထောင်မှာဗျ ဆရာလေးရ".

"အဲ့ဒါ ကိုယ့်ကိစ္စမဟုတ်ဘူး သံခဲရ. . . မသိသလိုသာနေ ကိုယ်ဝင်မပါနဲ့. . . ကဲ. . သိမ်းစရာရှိတာသိမ်း. . ဦးလေးခ မင်းကို မျှော်နေတော့မယ်"

သံခဲက ပန်းကန်တွေ ရေတိုင်ကီနား ဆေးကြောရင်း. . .

"ဟာ!. . ခုမှသတိရတယ်. . မနေ့က မမသီက ကျွန်တော့် ကို ပုလင်းလေးတစ်လုံး ပေးတယ်. . . ဘာတွေလဲဆိုတော့ နင်မသိ ပါဘူး သံခဲတဲ့၊ ဦးလေးခကိုပေးလိုက်တဲ့. . . ဦးလေးခကနေ သျှောင် ကြီးဖွေကို ပေးလိမ့်မယ်တဲ့. . သျှောင်ကြီးဖွေဆိုတာက ဘယ်သူလဲ လို့မေးတော့. . . အဲ့ဒါ ကလေးအလုပ်မှုတ်ဘူးတဲ့ ဦးလေးခ သိ တယ်တဲ့"

"ဟာ. . . ဘာပါလိမ့်၊ အခု. . အဲ့ဒီ ပုလင်းကဘယ်မှာလဲ"

"ဒီမနက်မှသတိရလို့ ဦးလေးခကို ခုနကပဲပေးခဲ့တယ် ပုလင်းက ခပ်သေးသေးရယ်"

သီသီထွေးက သူ့ကိုသျှောင်ကြီးဖွေဟု ခေါ်ဖူးကြောင်း မှတ်





မိနေသည်။ ဦးလေးခရှေ့တွင် ဖြစ်သည်။ သံခဲလေးက သျှောင်ထုံး ခြင်းနှင့်သျှောင်ကြီးဖွေဆိုသော စကားလုံးကို သိပုံမရချေ။

သူ့ကို သျှောင်ကြီးဖွေဟု သူ့ရှေ့တွင် ခေါ်ဝေါ်သူကလည်း သီသီထွေးတစ်ယောက်သာ ရှိဖူးသည်။ ခေါ်တာကလည်း တစ်ခါ တည်းဖြစ်သည်။ ထိုစဉ် အလှူခံမဏ္ဍပ်က သီချင်းတစ်ပိုင်းတစ်စ သူ့နားထဲ ဝင်လာသည်။ မြန်မာ့ခြင်းပညာသီချင်း ဖြစ်သည်။

"ချစ်တဲ့သူ တိုဆံရှည် သျှောင်ကြီးဖွေ
လူပျိုတွေ...မိတ်ထဲတာတွေ...
ကျန်းမာခြင်းညီစေ...ဒီမြေတလင်း
မြတ်ခြင်းရှင်းခါလေ..."

သီသီထွေး သူ့ကို ဘာပုလင်းပေးတာပါလိမ့်ဟု တွေးရင်း. တွေးရင်း. . . သူခဏခဏတွေးကြည့်သော(သူကိုယ်သူလည်း အမြဲ ပင် မေးနေမိသော)မေးခွန်းက ခေါင်းထဲရောက်လာပြန်သည်။

"ငါက. . ဘာဖြစ်လို သျှောင်ကြီးဖွေနဲ့ ဒီလိုကြီးဘာကြောင့် ဖြစ်နေရတာတဲ့လဲ"

စဉ်းစားရင်း. . စဉ်းစားရင်း ခေါင်းတွေအုံ့ခဲလာသည်။ တော်ပြီ. . . ဆက်မစဉ်းစားနဲ့။






www.burmeseclassic.com

www.burmeseclassic.com

ဘဝတောင်ကုန်းအမှားကို
သားက
နှစ်ရှည်လများတိုက်နေခဲ့တာအမေ
တုံးလုံးပက်ခေါက်မေ့မြော
ဖောနဲ့ထ…
မြန်ချုံ ဒကာ်ရာဗလပွနဲ့
ခဏခဏဆိုတော့လည်း
မေ့တာပေါ့။
နေပါဦး…ယား…ယား…နဲ့
သားတိုက်နေတဲ့တောင်ကုန်းနာမည်…
ကျွတ်!…ပါးစပ်ဖျားတွင်ပါ။
ဩော…ဩော
အမှန်တရားဆိုလား
အဲလိုဆန်ဆန်နံမည်မျိုးပဲ။ ။





# အခန်း(၂)

**သိ**ခဲလေးမနက်စာဝိုင်းကို သိမ်းဆည်းနေစဉ်မှာပင် သူ့စိတ်ထဲ ဘာပုလင်းပါလိမ့်မလဲ ဟူသော အတွေးက. . သိချင်စိတ်ကို ထိုးဆွနေသဖြင့် မရိုးမရွဖြစ်ပြီး အပေါ်အင်္ကျီ(ကော်လံခေါင်းတုံးလက်တိုအဖြူ)ကို ကောက်စွပ်၍ တောင်ကုန်းအိမ်လေးပေါ်မှ သူဆင်းလာခဲ့သည်။ ဦးလေးခရှိနေသော ဘုန်းကြီးကျောင်း ဝိုင်းထဲအဝင် ဖိနပ်ကုန်းကောက်နေစဉ် ဦးလေးခ တံခါးဝနား ရပ်လာပြီး. .

"ဟာ!. . အတော်ပဲမောင်ပန်း. . . မင်းကိုဆရာတော်က အခေါ်လွှတ်လိုက်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စများလဲဦးလေး"

"ငါလည်းမသိဘူးကွ. . . ဆရာလေးကိုပန်းရေ ဒီလို ဥပုသ်နေ့ဆို နားပါစေလို့ ဆရာတောင်ကိုယ်တိုင် မိန့်ထားတာပဲ ခုဟာက အကြောင်းထူးရှိပုံရသကွ"

သူ. . . ပုလင်းကိစ္စ ခဏမေ့ပြီး ဆရာတော့်စံကျောင်းရှိရာ မြေလှေခါးစောင်းတန်းဘက်မှ ဆင်းချလိုက်သည်။ ကျောင်းပေါ်တွင် ဆရာတော်ကို အသင့်တွေ့ရသည်။ သူဝတ်ဖြည့်အပြီး၌. . .

"ဆရာတော်အခေါ်လွှတ်တယ်ဆိုလို့ပါဘုရား"

"အိမ်း. . . ရပ်ရေးရွာရေးတိုင်ပင်စရာလေးရှိလို့ မောင်ပန်းရေ. . . ရွာရောက်တာတစ်ဝါဆိုတော့ကာ ဒကာသိတဲ့အတိုင်းပဲ. . ကိုရင်သောမ. . ဟဲ့. . သောမ. . . ရေအိုးစင်အောက်က ကွမ်းရွက်ယူခဲ့စမ်း"

"မှန်ပါ့ဘုရား"

ဆရာတော်ကွမ်းအစ်ထဲ. . . ကွမ်းဖြည့်၍ ကွမ်းယာနေ၍ ခဏထိုင်စောင့်နေရသည်။ ကွမ်းယာဝါးရင်း ထုံးအနည်းငယ်ထပ်ကော်၍ ပိုနေသောထုံးကို ထုံးဘူးထဲ ပြန်ခြစ်ထည့်၍ ပဝါကြမ်းနှင့် လက်ညှိုးသုတ်ပြီးမှ. . .

"ရွာ့အခြေအနေကို မောင်ပန်း အတော်အတန် တီးခေါက်မိရောပေါ့. . ရွာက နှစ်ခြမ်းကွဲနေတယ်ကွဲ့. . မြောက်ပိုင်းက သူကြီးလူမောင်းနဲ့. . . တောင်ပိုင်းက စံရ. ."

"သူတို့က အမြဲတန်း ဘာလို့ပြိုင်ဆိုင်ချင်နေကြတာလဲ ဘုရား"





"အိမ်း. . ကျောင်းတော်ကရန်စနဲ့ အရွယ်ရောက်ပြီးတော့ ရွာထဲကကွမ်းတောင်ကိုင်မမြသီကိစ္စတွေရှိခဲ့ကြတယ်လေ"

"ဘယ်မြသီလည်းဘုရား"

"သာအောင်မြသီ၊ ဂါဂဲမြသီမဟုတ်ဘူးဆိုရင်. . ဘယ်မြသီကျန်မလဲ"

"မှန်ပါ့. . . သိပါပြီဘုရား"

"အိမ်း. . အရင်ကမြသီလည်း မဟုတ်တော့ပါဘူးကွယ်. . ခု. . . မုဆိုးမဘဝ သမီးတစ်ကောင်နဲ့ ရွာပြန်ပြီးအခြေချမှ ငယ်ငယ်ကရောဂါတွေ အဲ့ဒီနှစ်ကောင် ပြန်ထကြတာကလား. . 'အိမ်ထောင်သားမွေးလွန်ရှုပ်ထွေး၏' ဆိုတဲ့စကား တယ်မှန်ပေသကိုး"

သူရိပ်မိပါသည်။ တောင်ပိုင်းက ရွာ့မျက်နှာဖုံး သူဌေးဦးစံရကလည်း လွန်ခဲ့သော နှစ်နှစ်ကျော်ကမှ မုဆိုးဖိုပူပူနွေးနွေး ဖြစ်လာသည်။

ငယ်ချစ်ဒေါ်မြသီကလည်း မုဆိုးမဖြစ်ပြီး ရွာရှိမိဘအိမ်သို့အခြေချရန် ပြန်လာသည်။ မြို့ကြီးပြကြီး၌ အနေကြာလာသူဖြစ်၍ ကောင်းကောင်းသ,တတ်လာပြီး အရွယ်ကတင်၍ နုပျိုတောင့်တင်းဆဲဖြစ်သည်။ ဦးစံရက ဒေါ်မြသီကို ပြန်နွယ်လာသည်။

ငယ်ငယ်ကရှုံးကြွေးကို အိမ်ကွင်းတွင် ဂိုးမိုးရွာ၍ ပြန်ဆပ်ချင်နေသည်။ ဤသည်ကို ရိပ်စားမိသော သူကြီးဦးလူမောင်းကဖြစ်သည့်နည်းဖြင့် ကဖျက်ယဖျက်ဝင်လုပ်ရန် ကြံစည်နေသည်။ ကျောင်းတော်ကရန်စဆိုသည်က တော်ရုံတန်ရုံပြေငြိမ်းလေ့မရှိသည့် အပြင် ကာလသားလူမောင်းနှင့် စံရဘဝတုန်းက ရည်းစားလုဘက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့သည်။ ဘယ်သူရှိဦးမည်နည်း ကွမ်းတောင်ကိုင် မြသီပဲပေါ့။

နှစ်ဦးနှစ်ဘက်စလုံးကို မြသီကလည်း ညီတူညီမျှအခွင့်အရေးပေး၍ ကြိုးရှည်ရှည်နှင့်လွှန်ထားရင်း ဥာဏ်ကစားခဲ့သည်ကိုးလေ။ လူမောင်းက ပါဝါရှိသည်. . . သူကြီးသား။ စံရက ရွာ့မျက်နှာဖုံးသူဌေးသား။ မနအင်အားက လူမောင်းထက် နှာနှစ်ဖျား ကျော်ကျော်သာသည်။

"ဆရာတော်အခေါ်လွှတ်ရတဲ့အကြောင်းရင်းကို မိန့်ပါဦးဘုရား"

"လူမောင်းက ငါ့တောင် မတိုင်ပင်ဘဲ ဘဖ်ခြံထဲမှာ မြောက်ပိုင်းဓမ္မာရုံဆောက်ဖို့ အလှူခံမဏ္ဍပ်ဖွင့်ထားတယ်လေ"

"တပည့်တော်အသိပါဘုရား"

"အခု. . စံရကလည်း ငါ့လာလျှောက်တယ် သူလည်း. . သူ့ပိုင်ခြံထဲ တောင်ပိုင်းဓမ္မာရုံဆောက်ချင်သတဲ့"

"ဆရာတော့် သဘောထားကို အရင်မိန့်ပါဘုရား"

"ငါ့သဘောထားကတော့ကွာ. . တောင်ပိုင်းမြောက်ပိုင်းပေါင်းပြီး ဘုရားကုန်းမြေလည်း အကျယ်ကြီးဟာပဲ. . . အဲ့သမှာ သံပင်စို့ရွာဓမ္မာရုံကြီး ဟည်းနေအောင် ဆောက်သစေ့ချင်တာပဲ. . အိမ်း. . ခက်နေတာက လူမောင်းနဲ့စံရပဲ. . ဒီနှစ်ကောင်ကို ဘုန်းကြီးဘယ်လိုမှ စေ့စပ်ပေးလို့မရဘူးဖြစ်နေတာပဲ. . . ဘုန်းကြီးက လောကီရေးရာတွေထဲ ဝင်မပါချင်တာလည်း အချက်တစ်ချက်ပေါ့လကွယ်"

ကိုရင်သောမက ရေနွေးကြမ်းနှင့်ထန်းလျက် ပန်းကန်လာ





ချပေးသည်။ ကျက်သရေခန်းက ဘီစကွတ်မုန့် ယူပေးရန် ဆရာတော်ကမိန့်ရင်း. . .

"ကဲ. . အဲ့ဒါပဲ. . ဆရာလေးအောင်ပန်းရေ ဘယ့်နှယ့်အိမ်ခြေထောင်ကျော်လေးရှိတဲ့ရွာက တစ်စည်းတစ်လုံးတည်းမရှိဘဲ နှစ်ခြမ်းကွဲနေတာကြီး ဘယ်လိုလုပ်ကောင်းမလဲကွယ်. . . ခုနောက်ပိုင်း ဥပုသ်သီလ လာယူတာတောင် တောင်ပိုင်းအုပ်စုကတစ်စု. . မြောက်ပိုင်းအုပ်စုကတစ်စု သပ်သပ်စီလို ကျောင်းပေါ် ထိုင်နေကြတယ်. . . ဒါဟာမကောင်းတဲ့လက္ခဏာပေပဲ"

"တပည့်တော်က. . ဒီကိစ္စကို ဘယ်အခန်းကဏ္ဍက ပါဝင်ပေးရမလဲဘုရား"

"အိမ်း. . . လူမောင်းနဲ့စံရနှစ်ယောက် ပြေပြေလည်လည် ချစ်ချစ်ခင်ခင် ပြန်ဖြစ်သွားအောင် ဆရာလေးကိုအောင်ပန်း အနေနဲ့ သံခင်းတမန်ခင်း ဘယ်လိုခင်ကျင်းပေးနိုင်မလဲ. . ဘယ်လို အကြံဥာဏ်ပေးချင်သလဲ. . အဲ့ဒါခေါ်ပြီး တိုင်ပင်တာပါ ဒကာရေ. . . ဒကာလေးကတော့ တောင်ပိုင်းသားရော မြောက်ပိုင်းသားရော တပည့်တပန်းတွေရှိနေတော့. . လူချစ်လူခင်လည်း များတယ်လေ ကျောင်းသားမိဘတွေဆိုတာလည်း ဆရာလေးစကားဆို တယ်ပြီး မပစ်ပယ်ကြတာ ဘုန်းကြီးသိနေမင့်ဟာပဲ"

'ခက်တော့နေပြီ' ဟူသော သူ့ခန္ဓာကိုယ်အတွင်းပိုင်း တင်းနေရာမှ အသံတစ်သံ ထွက်လာသည်။ သူဟာသူတောင် ခြေရှုပ်စရာတွေ များပြောင်လှရတဲ့အထဲ။ ခေါင်းခဲစရာကိစ္စတစ်ခုက ဝင်လာပြန်တာပါကလား. . . ရှုတ်တရက်လည်း ဘာအကြံအစည်မှ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲရှိမနေ။ ဘယ်လိုပြန်လျှောက်ထားရင် ကောင်းမလဲဟု စဉ်းစားရတော့သည်။ အင်း. . . မြွေမသေ တုတ်မကျိုးလေး. . .။

"တပည့်တော် ဟိုဘက်သည်ဘက် ခင်မင်တယ်ဆိုပေမင့် ဦးလူမောင်းတို့ ဦးစံရတို့နဲ့က ထဲထဲဝင်ဝင် မပေါင်းသင်းဖြစ်သေးပါဘူး ဆိုတော့ကာ. . တပည့်တော်ကို အချိန်နည်းနည်း ပေးပါဘုရား တပည့်တော်အကောင်းဆုံးနည်းလမ်းတစ်ခုကို ရှာဖွေနိုင်မယ် ထင်ပါတယ်. . . ဦးလူမောင်းရဲ့ သားတပည့်တွေ ဦးစံရရဲ့ လက်ရင်းဒိုးတွေနဲ့ အောက်ခြေအထိဝင်ပြီး ခင်ခင်မင်မင်ပေါင်းသင်း. . သူတို့ချင်းကို အရင်ဆုံးရင်းနှီးအောင် လုပ်သင့်ရင်လုပ်ရမယ်. . .

ဒါမှမဟုတ်. . . ဦးလူမောင်း ဘာကြိုက်တတ်သလဲ ဦးစံရ ဘာကြိုက်တတ်သလဲလေ့လာပြီး အကြိုက်ပေးပေါင်းရင်း အားသာချက် အားနည်းချက် ဘာတွေရှိသလဲ. . . ပြီးတော့ သူတို့ရဲ့ အတွင်းစိတ်မှာ လိပ်ခဲတည်းလည်းဖြစ်နေတာ အဓိကဘာလဲ. . . အခြေအနေအရပ်ရပ်ကို အနီးကပ်လေ့လာရပါလိမ့်မယ်ဘုရား"

ဆရာတော်က ကြွေရည်သုတ်ထွေးခံကြီးထဲ ကွမ်းသွေးထွေးရင်း. . . သူလျှောက်တင်သမျှ တအိမ်းအိမ်းနှင့်ခေါင်းညိတ်နေသည်။

"တပည့်တော်ကို သူတို့နှစ်ဦးစလုံးက တိုင်ပင်ဖော် တိုင်ပင်ဖက်မိတ်ဆွေကောင်းလို့. . . ယုံယုံကြည်ကြည် ပေါင်းသင်းလာဖို့က အရေးကြီးပါတယ်ဖုရား. . ဒါကြောင့် အချိန်နည်းနည်း ယူပါရစေလို့ တပည့်တော်လျှောက်ထားတာပါ"

"အိမ်း. . . ဒကာလျှောက်တာ သဘာဝကျပါပေတယ်. .





သို့ပေသိ. . . ကနေ့ပဲ စံရက သူလည်းမမ္မာရုံဆောက်ဖို့ အလှူခံမဏ္ဍပ်ဖွင့်ရေးကိစ္စ ဘုန်းကြီးခွင့်ပြုချက် လာတောင်းတော့မှာ. . . သူကြီးခွင့်ပြုမိန့်မရှိပေမယ့် သာသနာပိုင်က ခွင့်ပြုမိန့်ရှိနေတော့သူ. . လူမောင်း ပြဿနာရှာရင် ရှင်းနိုင်တယ်လေ"

"တပည့်တော်အကြံပေးချင်တာက. . ခွင့်ပြုလိုက်ပါဖုရား မြေပန္နက်မယ်၊ ကြိုးလိုင်းတားမယ်၊ သမြေပန်းနဲ့သာသနာ့အလံထူမယ်၊ စားပွဲတစ်လုံးနဲ့ အသံချဲ့စက်ဖွင့်မယ်၊ အလှူခံမယ်. . ဒါပဲ အစလုပ်မှာလေ. . . ဘာအကောင်အထည်မှ ပေါ်လာသေးတာမှမဟုတ်တာ. . . ပြိုင်ပြီးတော့ အလှူငွေရရေး ကြိုးစားကြမှာပဲ. . . အရှင်ဘုရား ခွင့်ပြုလိုက်ပါ. . .

တစ်ခုတည်းသော သံပင်စို့မမ္မာရုံတော်ကြီးအတွက် အဖွဲ့နှစ်ဖွဲ့ခွဲပြီး အပြိုင်အဆိုင် အလှူငွေကောက်ခံနေတဲ့သဘောပေါ့ဘုရား ကောင်းသောယှဉ်ပြိုင်မှုပါ ဒါနအားပြိုင်မှုပါ. . သူတို့ ကြည်ကြည်ဖြူဖြူ ပေါင်းစည်းပြီး ပျော်ပျော်ပါးပါး သံပင်စို့မမ္မာရုံကြီးကို အုပ်မြစ်ချ အခန်းအနား ကျင်းပချင်လာအောင် တပည့်တော် ကိုယ်အားဉာဏ်အားရှိသမျှ စွမ်းဆောင်ပါ့မယ့်ဘုရား"

"အိမ်း. . . ရွာကိုရောက်လာတဲ့ မိုးကျရွှေကိုယ်ဟာ ဝိသကြုံလေးလို့ ဘုန်းကြီးအိပ်မက်မက်ဖူးတာ ဒကာလေးကို ပြောပြဖူးတယ်နော်"

"မှန်ပါ့ဘုရား"

"ဒကာ့ကိုယ်ဒကာ ရေးရေးလေးတောင် ပြန်ရှာလို့ မတွေ့သေးဘူးလား. . . ဒကာလေး"



www.burmeseclassic.com

www.burmeseclassic.com



"မတွေ့သေးပါဘုရား. . အဲဒါစဉ်းစားရင် ခေါင်းထဲ သံချွန်ပူကြီး တိုးဝင်လာသလိုခံစားရလို့ပါ"

"အိမ်း. . . ဒါဆိုနောက်ကြောင်းတွေ တွေးမနေနဲ့တော့ပေါ့. . နော. . ပစ္စုပ္ပန်တည့်တည့်ရှုရင်း အနာဂတ်ရေးပဲတွေး. . ကြားလား"

"မှန်ပါ့ဘုရား"

"ဘုန်းကြီးဆီကခွင့်ပြုချက်ရရင် ဓမ္မာရုံဆောက်လုပ်ရေးအစည်းအဝေးကို ဒကာလေးပါ ဖိတ်လိမ့်မယ်. . . ဒကာလေးက တောင်ပိုင်းထဲပါနေတာကိုး"

"တပည့်တော်တဲ့အိမ်က ဝတ္ထုကံမြေမှုတ်ဘူးလားဘုရား"

"ဝတ္ထုကံမြေလို့ ပြောလည်းရပါတယ် အဲ့ဒါ စံရလှူထားတဲ့ကျောင်းပိုင်မြေပဲ. . . ဒါပေမယ့် တောင်ပိုင်းမှာ ဘိုစာ ဖတ်တတ်တဲ့လူရည်သန့် လူရည်လယ်ဆိုလို့ ဒကာလေး တစ်ယောက်ပဲရှိသလေဒကာလေးကို အမှုဆောင်ထဲတောင် လျာထားမလားပဲ"

ဒုက္ခာရေ ဟူသောအသံက သူ့ကိုယ်ခန္ဓာထဲ လျှံထွက်လာပြန်သည်။

"နေရေးစားရေးအဆင်ပြေရဲ့လား ဒကာလေး"

"ပြေပါတယ်ဘုရား"

"လိုတာ မောင်ခကိုပြောနော်"

"မှန်ပါဘုရား"

ဦးချပြီး. . . သူကျောင်းပေါ်မှဆင်းလာခဲ့သည်။ သီသီထွေးနှင့် ပုလင်းလေး ခေါင်းထဲပြန်ဝင်လာသည်။ ဦးလေးခရှိနေမည့် ဆွမ်း





စားကျောင်းဘက် ခြေဦးလှည့်လိုက်သည်။

ဆွမ်းခံပြန် ဆွမ်းဘုဉ်းပေးပြီး ကျောင်းသားတွေနှင့်အတူ ဦးလေးခ၏ ဝေယျာဝစ္စဖြစ်သော ပန်းကန်၊ သပိတ်များဆေးကြောနေသည်။ သူဝင်ကူရင်း ဦးလေးခကို ကပ်မေးရသည်။ ဦးလေးခကနား အနည်းငယ်မက လေးသူဖြစ်သည်။ တစ်ခါတစ်ရံပါးစပ် လှုပ်သည်ကိုခန့်မှန်း၍ လက်ရှိအခြေအနေ၊ စကားပြောလာသူ၏ ဖြစ်နိုင်ခြေကို သူ့ဟာသူ အဓိပ္ပါယ်ဖွင့်၍ ပြန်လည်ပြောဆိုတတ်သော နားလေးသူတို့၏ သဘာဝနှင့်နေထိုင်သူဖြစ်သည်။ နားလေးသော သူ့အားနည်းချက်ကိုလည်း ကွယ်ဝှက်ထားလိုသူဖြစ်သည်။

သူက အနားရှိ ကျောင်းသားကြီးတွေ မကြားစေချင်၍ ဦးလေးခကို လက်အသာကုတ်၍ သူ့ပါးစပ်ကိုမြင်အောင်ပြရင်း မေးသည်။ သူ့ဟန်က အရေးတကြီးမေးဟန် ပေါ်နေ၏။

"ဦးလေးခ. . . သံခဲပေးတဲ့ပုလင်းလေး ဘယ်မှာလဲ"

"မင်းနှယ်ကွာ ရေးကြီးသုတ်ပျာနဲ့ ငါကဘာလဲလို့. . . ဆန်ပဲ. . ဆေးတည်ရင် ထမင်းဖြစ်တာပေါ့ မီးဖိုပေါ်မှာပေါ့ကွ. . ဒါပေမယ့် ဒီနေ့ဆွမ်းလောက်တယ်. . . ဘုန်းကြီးတွေ အုန်းနို့ခေါက်ဆွဲဘုဉ်းပေးတယ်လေ"

ကျွတ်!. . သံခဲပေးတဲ့ပုလင်းနဲ့ ဆန်ပဲဆေး. . . ထမင်းဖြစ်သွားလေပြီ။

"ပုလင်း. . . ပုလင်း"

"ကြံကြီးစည်ရာကွာ. . ငါသောက်ဖို့ယူလာတာမှ မထိုးတဲ့ တောလျှောက်မြစ်နဲ့ရောလိမ်းရင် ဒဏ်ကြေတယ်ဆိုလို့ မိချက်ဝိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆိက ဦးရည်လေး လက်နှစ်လုံးလောက် တောင်းလာတဲ့ဥစ္စာ. . . ကုန်ပြီပေါ့ကွ"

လေသံနှင့် ခပ်တိုးတိုးပြန်ပြော၍ တော်သေး၏ ကျောင်းသားကြီးတွေက နားစွင့်နေပြီမို့ သူဆက်မမေးတော့ဘဲ ဆေးပြီးသားပန်းကန်တစ်ထပ်ယူ၍ ကြောင်အိမ်ဆီ ထလာခဲ့ရတော့သည်။ သူစဉ်းစားရတော့သည်။ ထိုပုလင်းကို သံခဲက ဦးလေးခကို ပေးစဉ်က ဘယ်လိုပြောခဲ့မည်နည်း။

"မမသီသီထွေး ပေးလိုက်တာ. . . သျှောင်ကြီးဖွေ့ကို ပေးပေးပါ"

ဒါပဲပြောပေမည်။ ဦးလေးခကကော ဘယ်လို နားလည်မှုနှင့် ထိုပုလင်းကို ယူထားခဲ့သနည်း။ သီသီထွေး ရည်ညွှန်းသော သျှောင်ကြီးဖွေ့ဆိုတာ သူမှန်း. . . (အောင်ပန်း မှန်းရော) ဦးလေးခ တိုယ်နှိုက်က သိပါလေစ။ သီသီထွေးက သူ့ကို ဦးလေးခရှေ့တွင် သျှောင်ကြီးဖွေ့ဟု ခေါ်စဉ်တုန်းကရော. . ဦးလေးခက ဘယ်လိုကြားခဲ့ပါသလဲ. . .

သီသီထွေး သူ့ကို သျှောင်ကြီးဖွေ့ဟု ခေါ်တုန်းက နေ့လယ်ခင်းဆီ သူ့အတွေးက လှစ်ခနဲပြန်ရောပြေးသည်။





ထိုနေ့က. . . အဖိတ်နေ့ဖြစ်သည်။ သူ့ကျောင်းက အဖိတ်ဥပုသ် ပိတ်သည်။ ဆရာတော့်ရေစက် ပျက်နေသဖြင့် အုတ်ကန်ဒ်ဘေးရှိ ခြောက်ပေပတ်လည် ရေစက်ခန်းထဲ သူရေစက်ဝင်ပြင်နေခဲ့သည်။ ထူးဆန်းသည်မှာ သူပြင်တတ်နေခြင်းဖြစ်သည်။

ချက်ချင်းပင်အပြစ်ရှာနိုင်နေသဖြင့် သူ့ကိုယ်သူ အံ့ဩသွားသော နေ့ခင်းလည်းဖြစ်သည်။ နော်ဇယ်ကိုဖြုတ်၍ စိမ်ပြေနပြေဆေးနေမိသည်။ ဖွင့်ထားသော ရေစက်တံခါးက အရှေ့အရပ်ကိုချက်နှာမူနေပြီး ရေကန်နှင့် ရေချိုး၊ အဝတ်လျှော်၊ သက်နုံးလျှော်အင်တေကြမ်းခင်းက ရေစက်အနောက်ဘက်တွင် ရှိနေသည်။

သီသီထွေးနှင့် ကာလသမီးခေါင်း အေးကြည်တို့အုပ်စုနောက်တွင် ဘုရားပန်းအိုးတွေ လာချကတည်းက. . . သူအာရုံစူးစိုက်မိအောင် ငြိမ်ငြိမ်သက်သက် အလုပ်လုပ်နေမိခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com



အဖိတ်နေ့တိုင်း ရှိသမျှဘုရားပန်းအိုးတွေကို သူရို့လဲနေကျ. . . ရေချမ်းခွက်တော်တွေ ဆေးကြောသန့်စင်နေကျဖြစ်သည်။

စွာတေးအေးကြည်မ၏ သံစာစာက အရင်ဆုံးနားထဲ ဝင်လာသည်။

"ဟဲ့. . . မိခိုင် ဘုရားညောင်ရေအိုးတွေ စုံပြီလား!"

"စုံပြီ မမအေးကြည်"

"အွန်. . မစုံသေးပါဘူးမိခိုင်ရဲ့ စာသင်ကျောင်းဘုရားခန်းက ညောင်ရေအိုးသုံးလုံး ကျန်သေးတယ်လေ"

သီသီထွေး၏ အေးဆေးသော ကြိုးကြာသံလေး ဖြစ်ပါသည်။ အေးကြည်မက ငေါက်သံနှင့်. . .

"တွေ့လား. . . မိခိုင်တို့ကို စိတ်ချလို့မရဘူးဆိုတာ အဲ့ဒါပြောတာ. . . သွားယူချေ"

"တမင်ချန်ထားတာ မမအေးကြည်ရေ့ ကျောင်းစောင့်နတ်တ. . . သက်ဆိုင်သူ လာမယူရင် မြေဖုတ်ဘီလူးယောင်ဆောင်ပြီး ဖမ်းစားတတ်တယ်တဲ့. . . မိခိုင်ကြောက်လို့"

"ဟဲ့. . သက်ဆိုင်သူက ဘယ်သူလဲဟဲ့!"

"သတိတရ သတိပေးသူပေါ့ ဘယ်သူရှိဦးမှာလဲ"

သီသီထွေးမျက်နှာလေး ရဲခနဲဖြစ်နေမလားပဲဟု သူတွေးနေမိသည်။

"တိုးတိုးလုပ်ပါမိခိုင်ရယ် ကြမ်းကြားလေကြား. . နေ့ပြောနောက်ကြည့် ညပြောအောက်ကြည့်တဲ့"

ဇင်မက ဝင်ပါလာခြင်းဖြစ်သည်။ သီသီထွေးအသံလေး





ထွက်မလာ။

"ကဲ. . . မိခိုင့် ပန်းဟောင်းတွေသွားစွန့်. . ဇင်မနဲ့ သီထွေး စာသင်ကျောင်း ညောင်ရေအိုးသွားယူချေ. . ."

ခဏအကြာ၌ သူရှိနေသော ရေစက်တံခါးဝကို ကျောပေးထွက်ခွာသွားနေသော ဇင်မနှင့်သီသီထွေး၏ နောက်ပိုင်းအလှကို သူ ဖျတ်ခနဲ လှမ်းငေးရင်း. . အင်း. . အပြန်ကျ ရေစက်ထဲ ငါရှိတာ သိသွားလို့မဖြစ်ဘူး ဟူသောအတွေး ဝင်လာသည်။

တံခါးကို အသာအယာလှမ်းစေ့ရင်း စာသင်ကျောင်းထဲ ဝင်သွားသော နွဲ့နှောင်းအလှကို ထောင်လိုက်မျဉ်းအဟမှ သူ ချောင်းကြည့် နေမိခဲ့သည်။ ပြီးမှ လိပ်ပြာမလုံသော ခံစားမှုဝင်လာ၏။ ထိုစဉ်. . . အေးကြည်မအသံ. . .

"မိခိုင်နော်. . . နင့်သီသီထွေးက ကြိုက်လားမသိ၊ မကြိုက်လားမသိ. . . ကျောင်းဆရာနဲ့ သွားသွားမစနဲ့. . ဟိုတစ်ခါ နင်အစကောင်းလို့ သူ့အမေကြီး ကြားသွားပြီး နင်အတုတ်ခံရတာ မမှတ်သေးဘူးလား"

အသံတစ်သံက ထပ်ဝင်လာပြန်သည်။

"ဟုတ်ပါ့. . ဒေါ်အာဖြဴက ဝါးလုံးချေးသုတ် ရမ်းတော့တာလေ. . ငါ့သမီးနုနုညှညလေးကိုများ ဘယ်ကလွင့်လာမှန်းမသိတဲ့ သမ်းသရဲ ကလေကဝန်နဲ့ တူသလားတန်သလားတဲ့. . တို့ဆရာ လူအေးလေးပါ နင့်ကြောင့်အရမ်းခံရတာလေ. . . နင်ချေးပေတာ အကြောင်းမဟုတ်ဘူး တို့ဆရာလေးကိုတော့ လေအငွေ့တောင် မခံနိုင်ပေါင်တော်"



www.burmeseclassic.com

www.burmeseclassic.com



ခပ်ငယ်ငယ်အသံလေးတစ်သံက မေးလှာပြန်သည်။

"မမမာ. . လမ်းသရဲဆိုတာ ဘာလဲဟင် မြေဖုတ်ဘီလူးလိုပဲလား. . . ကြောက်စရာကြီးပဲလား"

"ဟင်းဟင်း. . . ချိုသဲလေး. . . လမ်းသရဲဆိုတာ လူပဲဟဲ့ ခေါင်းလောင်းဘောင်းဘီဝတ်တယ်၊ ဆံပင်အရှည်ထားတယ်၊ ဂီတာတီးတယ်. . . ကြောက်ဖို့မကောင်းဘူး ချစ်ဖို့ကောင်းတယ် မမမာသွားလည်ဖူးတဲ့ ရန်ကုန်မှာ အဲ့ဒါမျိုးလူတွေချည်းပဲ. . သူတို့သီချင်းတွေကလည်း မိုက်တယ်. . . ဘာတဲ့. . . *အပေါ်ထပ်နဲ့xxxအောက်ထပ်ဇာတ်လမ်းxxxတွေ့မှတွေ့တတ်ပလေစမ်းxxxဟမ်းxxx*"

"ဟဲ့. . မိမာ. . . အာပြမနေနဲ့. . ဟိုမှာ ဦးဇင်းကေသရကြည့်နေတယ်"

"အဲ. . . အဲ့ဒီ ကျောင်းဆရာ. . . လှေနဲ့မျောလာတုန်းက မမမာပြောသလို. . ဟို ဘောင်းဘီရှည်ကြီးနဲ့ဆို. . မေ့နေတာဆို ခေါင်းမှာလည်း ဒဏ်ရာကသွေးတွေ့ခဲ့ပြီး ခြောက်ကပ်နေတယ်ဆို"

"ဦးလေးခလည်း အဲ့လိုပြောတာပဲ ငါလည်းမသိဘူးလေဟယ်"

ချိုသဲဆိုသော မြီးကောင်ပေါက်မလေးက. . ကိုသာဉာဏ်သမီးလေးဖြစ်သည်။ ထန်းလျက်ဖိုတွေပိုင်သဖြင့် ကော့ကော့ရော့ရော့ နေတတ်သည်။ ချစ်စရာလေး. . ကိုသာဉာဏ်ကလည်း တစ်ဦးတည်းသမီးမို့ ချစ်သည်။ ကာလသားကြိုက် ထန်းရည်လည်း ရောင်းသည်မို့ ချိုသဲကြောင့် လူစည်တတ်သည်။

"ချိုသဲတို့ ထန်းရည်တဲမှာ အဲ့ဒီကျောင်းဆရာ ဂီတာလာတီး





ဖူးတယ် မမမာ"

"ဟဲ့. . ရွာမှာဘယ်ကဂီတာရှိလို့လဲဟဲ့"

"ဖိုးသဲတို့အိမ်လာလည်တဲ့ ရန်ကုန်က ဧည့်သည်ကောင်လေးတွေပါလာတာလေ. . သူတို့ထရေသောက်ရင်း ဘာတွေတီးနေမှန်းမသိဘူး. . သံပုံးလွတ် ခွေးသေးပန်းသလိုပဲ တဗျင်းဗျင်းနဲ့ အဲ့ဒီတုန်းမှာ ကျောင်းဆရာ ထန်းလျက်လာဝယ်ရင်း. . ပေး. . တဲ့ ကြိုးမညီဘူးတဲ့ ကြိုးညှိပေးတယ်. . သူတစ်ပုဒ်တီးတယ် ဖဲကြိုးဝါနဲ့ ယုဇနပင်ဆိုလားပဲ. . ဘိုလိုလည်း ဆိုတယ်. . အရမ်းကောင်းတာပဲ မမမာရယ်. . . မြို့ကဧည့်သည်တွေ မျက်လုံးတောင် ပြူးသွားတယ် ထန်းရည် အတင်းဝိုင်းတိုက်တယ်. . မသောက်ဘူး၊ နောက်တစ်ပုဒ်တောင်းတာတောင် ဆက်မဆိုဘူး ဆရာတော်အချိုပွဲ နောက်ကျမယ်ဆိုပြီး ပြန်သွားလေရဲ့. . . အဲ့ဒါဆို. . သူ. . ဆံပင်ရှည်တယ် အဲ. . . ခေါင်းလောင်းဘောင်းဘီဝတ်တယ်. . . ဂီတာတီးတယ် မမမာဟုတ်နေပြီပေါ့. . . လမ်းသရဲအစစ်ပဲ"

မိခိုင်ဘုရားပန်းစွန့်ရာမှ ပြန်ရောက်လာပုံရသည်။

"ဟဲ့. . ချိုသဲလေး. . ဘယ်မှာလဲ လမ်းသရဲအစစ် ဘာသရဲဖြစ်ဖြစ်. . . ငါကကြောက်တယ်ဟဲ့"

"မမမာကမြင်ဖူးတယ်. . ချစ်ဖို့ကောင်းတယ်တဲ့ ဆရာလေးလည်း ချောတာပဲ. . . အသားလေးဆို ဖွေးသန့်နေတာပဲ မျက်နှာတလည်းချစ်စရာလေး"

"ဟဲ့. . ကောင်မတွေ လုပ်နေတာက ဘုရားဝေယျာဝစ္စ ပြောနေတာက လင်အကြောင်းသားအကြောင်း. . . ငါကြိုက်ထည်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရ. . . ချိုသဲနော် နင်အသေးဆုံးအကဲဆုံး”

အေးကြည်မက ပတ်တောပိတ်လိုက်သည်။

ခဏတာ အသံဗလံများ တိတ်သွားသည်။ တံခါးအဟကြားမှ သီသီထွေးနှင့် ဇင်မပြန်လာနေသည်ကို သူလှမ်းမြင်နေရသည်။ ဘာရယ်တော့မဟုတ် သူ့ဆံပင်ကိုသူသပ်လိုက်မိသည်။ အညိုရောင်ဘက်လုသော ခပ်ပွပွဆံပင်အုံက ကျောလယ်ထိ ရှည်နေသဖြင့် သူက အမြတ်တနိုးပင် ရှိနေတတ်ခဲ့သည်။ လူမြင်ကောင်းအောင် (ဖြန့်ချမထားဘဲ) နဖူးပြောင်အောင် နောက်လှန်၍ ခပ်ပွပွခပ်လျော့လျော့လေး သားရေပင်နှင့် စုစည်း၍ ကျောလယ်သို့ ချထားလေ့ရှိခဲ့သည်။ ဆံရှည်ကိစ္စ ဆွေးနွေးနေကြသံကို အတိုင်းသား ကြားနေရသဖြင့် သားရေပင်ဖြုတ်၍ သျှောင်တစောင်းပြင်စည်းလိုက်မိသည်။

အာ. . . လက်မှာ ဒီဇယ်နံ့တွေနှင့်မို့ ဆံပင်တွေ ဒီဇယ်စော်နံကုန်ပြီဖြစ်သည်။ သရော်ကင်ပွန်းနှင့် လျှော်ရပေဦးတော့မည်။

သီသီထွေးနှင့်ဇင်မ မြင်ကွင်းမှ ပျောက်၍သူရှိနေသော ရေစက်နောက်နားရောက်လောက်မှ ဦးလေးခအသံကြားရခြင်းဖြစ်သည်။

“စာသင်ကျောင်းက ညောင့်ရေအိုးတစ်လုံး နှုတ်ခမ်းပဲ့နေတယ် သီသီရေတွေ့လား”

“ဟုတ်တယ်. . ဘခ. . ဒီမှာ”

“လာ. . . လာ. . . ဘခ သိမ်ထဲက အပိုတစ်လုံးနဲ့လဲမယ် လဲမယ်နဲ့ မလဲဖြစ်ဘူး. . သတိရတုန်း တစ်ခါတည်း လဲပလိုက်မှ. . လာ”





ပြောပြောဆိုဆို ဝုန်းခနဲပင် စေ့ထားသော ရေစက်တံခါးက ပွင့်လာသည်။ သူကြောင်အနေမိသည်။ ညောင်ရေအိုး နှုတ်ခမ်းပဲ့လေးကိုင်၍ တံခါးဝလာရပ်သော သီသီထွေးနှင့်. . သီသီထွေးကို အရမ်းခင်သော စပ်စုမလေးချိုသဲ။ ချိုသဲက သီသီထွေးကို နောက်က သိမ်းဖက်ရင်း အာမေဋိတ်သံနှင့် လန့်ပြောပြောလာသည်။

“ဟယ်တော့!. . . ဆံရှည်. . . အဲ. . . လမ်းသရဲက. . ဒီထဲရောက်နေတာကိုး”

“ဗျာ!”

“ဘာလမ်းသရဲလဲ. . . သျှောင်ကြီးဇွေပါ ချိုသဲရဲ့”

ဦးလေးခက ရေစက်ပစ္စည်းများထည့်သော သေတ္တာပေါ်က ပန်းအိုးကိုလှမ်းယူသည်။ သီသီထွေးမှတ်ချက်နှင့် သူ သျှောင်ထုံးနှောင်ထားသည်ကို ဦးလေးခကြားသလား၊ မြင်သလား သူမသိခဲ့။

ပန်းအိုးယူ၍ လှည့်ထွက်သွားပြီး လှပသောကျောပြင်နှင့်အတူ ခုထိကြားယောင်ဆဲ စကားစုတစ်စု နောက်ပြန်ထားခဲ့သည်။

“သျှောင်တစောင်းနဲ့ဆိုတော့ ရှေးဗမာဟန်ပေါ့. . နန်းဆန်တယ်” တဲ့. . ။

သူ အဲ့ဒီကစပြီး သျှောင်တစောင်း ထုံးဖွဲ့ဖြစ်ခဲ့သည်ကို အမှတ်ရသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

ဝေဘာသဘာဝ ညနေနွားရိုင်းသွင်းချိန် ဖြစ်ပါသည်။

"ဘယ်သွားမလို့လဲ မောင်အောင်ပန်း"

"ဩော်. . . ဦးလေးသာညာဏ်ပါလား ဦးစံရအိမ်လေ. . . အစည်းအဝေးရေနွေးသောက် ကြွပါဆိုလို့"

"အေးကွ. . . ငါ့လည်းလာဖိတ်တာနဲ့. . . အဲ့ဒီတိုင်"

ဦးသာညာဏ်နံဘေး၌ ဝဝကစ်ကစ်ချစ်စဖွယ် [illegible] ခရဲတရဲ သူ့ကိုပြုံးပြပြီး သူ့အဖေတံတောင်ကိုလှမ်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါလာသည်။

"ဒီမယ်လေ. . . မင့်နှမ စပ်စုမက အိမ်မှာပျင်းလို့တဲ့ ဦးစံရနဲ့ သူ့အရီးဂွန်းဆီ ထန်းလျက်နဲ့ထန်းမြစ် ပို့မယ်ဆိုပြီး အတင်းလိုက်လာတာ"

"ချိုသဲက ရပ်ရေးရွာရေးစိတ်ဝင်စားတာ ဖြစ်မှာပါ လေးသာဉာဏ်ရ. . ဟုတ်တယ်မှတ်လား ချိုသဲလေး"

"ဟုတ်"

သူကချိုသဲလေး သူ့ဘက်မဲပါလာအောင် စတင်စည်းရုံးခြင်းဖြစ်သည်။

"ချိုသဲက လူကြီးသူမကို ကန်တော့ဖို့လည်း သတိရတတ်သားပဲ. . . လိမ္မာလိုက်တာနော် လေးသာဉာဏ် သမီးလိမ္မာလေးရထားတာပဲ"

"အကြောင်းမသိသေးလို့ပါကွာ. . လိုချင်တာမရရင် ခြေနှစ်ချောင်းမြေပွတ် တရွတ်တိုက်တာများ သွေးပါထွက်တာ မမြင်ဖူးသေးလို့ပါ"

"အဖေနော်. . . လူထူရင် အဖေတို့အထုပ်ဖြည်ပြီ၊ အဲ့လိုမလုပ်တာကြာပြီနော်. . . ခုထိုင်လှုပ်လိုက်မှာ"

ဖောင့်ခနဲ ရပ်လိုက်သည်။ လက်ထဲကအထုပ် ဖုတ်ဆို ပစ်ချလိုက်သည်။ သည်တော့လည်း ဦးသာဉာဏ်ပျာပျာသလဲ အထုပ်ကောက်ရင်း. . .

"မလုပ်ပါနဲ့ သမီးရယ် အဖေက ချစ်လို့ကျီစားတာပါ၊ သမီးလိုချင်တာ အဖေပဲအကုန်ဝယ်ပေးခဲ့တာပဲ. . လာပါ. . ညော့သည်





ရှေ့မှာ ပို့ပြီးလိမ္မာရမယ်လေ"

"ဒါညော့သည်မှမဟုတ်တော့တာ. . သံပင်စို့ရွာသား ဖြစ်နေပြီပဲ. . ရွာကျောင်းဆရာပဲ ဘယ်မှလည်း ပြန်စရာမရှိမှန်း. . ဆွေမသိ၊ မျိုးမသိမှန်း တစ်ရွာလုံးသိနေမင့်ဟာပဲ. . . ဟာပဲ"

သူဘယ်လိုဝင်ရှင်းရမှန်းမသိခင် ချိုသဲကစိတ်ပြေပြီး သူ့အဖေလက်ထဲက ထန်းမြစ်နှင့်ထန်းလျက်ထုပ်ပြန်လု၍ ဟုတ်ခနဲရှေ့ကပြေးလေတော့သည်။ ပါးစပ်ကလည်း အိမ်တစ်အိမ်ကို လှည့်အော်သွားသည်။ ပီဘိကလေးလေးလိုပါပင်။

"မမဇင်မရေ. . ထန်းမြစ်ဖုတ်စားချင်ရင် အရီးဂွန်းတို့အိမ်လိုက်ခဲ့. . အတင်းပြောစရာလည်းရှိတယ်"

"အဲ့ဒါပဲကြည့်တော့ မောင်အောင်ပန်းရေ သမီးတစ်ကောင်နွားတစ်ထောင်ဆိုတာ. . . ဟဲ. . . ဟဲ. . နွားတစ်ထောင်ထဲ နွားမအကောင်တချို့ပါရင် နို့ညှစ်ရောင်း လို့ရသေး. . . အဟေးဟေး. . သမီးထွေး မိန်းကလေးဆိုတော့. . ဟာ. . ငါ့စကား. . ထွေးပြီးနွေးလှေးပျား တောအနံ့ ဖြစ်နေပဟ. . ဟားဟား"

ဦးသာဉာဏ်က အဲ့လိုလူစားလည်းဖြစ်သည်။

နေရာတကာ စကားပုံတွေ ပုံတိုပတ်စတွေ ညှပ်ညှပ်ပြောလေ့ရှိသူဖြစ်သည်။ နဘေကာရန်လည်း ဆန်ချင်သူဖြစ်သည်။ ဦးစံရအိမ်ဝိုင်းကြီးထဲ ဝင်ခဲ့ကြသည်။

ဩော်. . . 'ဘယ်မှလည်း ပြန်စရာမရှိမှန်း ဆွေမသိ၊ မျိုးမသိမှန်း တစ်ရွာလုံးသိနေမင့်ဟာပဲ. . . ဟာပဲ' ဆိုသော ချိုသဲလေး၏ မှန်သောကလေးစကားက ပွဲတင်ကျန်ရစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူဌေးညီမ ဒေါ်ငွန်းက အူယားဖားယားတံခါးဝက ပေါ်လာပြီး. . .

"ဟော. . . ဆရာလေးလာတယ် အစ်ကိုစံရရေ. . လာပါ ထိုင်ပါဆရာလေး"

"အစ်မငွန်းရယ်. . . ဒီမယ်ကျွန်တော်လည်းပါတယ်ဇလေဗျာ. . ကျွန်တော့်ကျ. . . မထိုင်ရတော့ဘူးလား"

"သောဉာဏ်ရယ် နင်က လာနေကျ. . . ချကျွေးတာ စားနေကျ ချမကျွေးလည်း နောက်ဖေးဝင်စားနေကျဟာပဲ"

"နောက်ဖေးတော့ မလွှေးပါရစေနဲ့ဗျာ ဟိုဖြူဖြူအကောင်တွေတဖွားဖွားနဲ့ အသည်းယားလို့ပါ"

ရောက်နှင့်သူများ တဟားဟားရယ်ကြသည်။ နှစ်ဆောင်ပြိုင်အိမ်ကြီး၏ အောက်ထပ်အင်္ဂတေကြမ်းပေါ် သင်ဖြူးဖျာတွေ ခင်းကျင်းထားသည်။ လူသုံးလေးဆယ်ကျော် ရှိနေသည်။ ပဲသုပ်နှင့် လက်ဖက်ရည်ကြမ်းဗန်းတွေ ဟိုတစ်ကွက် သည်တစ်ကွက် ချရင်းဝိုင်းဖွဲ့စကားပြောနေကြသည်။ ပလုတ်ပလောင်း စားနေကြသည်။

ခေါင်းရင်းဘက်တွင် စားပွဲတစ်လုံးနှင့် ကုလားထိုင်သုံးလုံး ချထားပြီး သူဌေးနှင့်တပည့်ကျော်ဇဂွဲက စားပွဲဘေး၌ အလုပ်ရှုပ်နေသည်။ အင်ပလီဖိုင်းယာ(ခေါ်)အသံချဲ့စက်ကို ဘက်ထရီနှင့် ဂွင်းနေခြင်းဖြစ်သည်။ ဆူဆဲဝေါက်ငမ်းသံတွေ သူဌေးပါးစပ်မှ တရစပ်ထွက်နေသည်။ စားပွဲနောက်တွင် တုံးလုံးချထားသော အော်လန်ကြီးက ဟိုလိမ့်ဒီလိမ့်ဖြစ်နေသည်။

သူနှင့်ဦးသာဉာဏ်က စားပွဲရှေ့ကွက်လပ်တွင် ဝင်ထိုင်





လိုက်သည်။ ရေနွေးဗန်းနှင့် ပဲသုပ်ပန်းကန်ကို တစ်ယောက်က လာချပေးရင်းစားပါသောက်ပါဟု လာပြောသည်။ အရက်နံ့က ထောင်းခနဲနေသည်။ ဒေါ်ငွန်းက မီးယပ်ပိန်လက်လေးနှင့်ထိန်း၍ ကျိုက္ကစံဘီစကွတ်မုန့်ပန်းကန်လေး လူကြားထဲ ယူလာနေသည်။

အထူးဧည့်သည်တော်ဖြစ်သော သူ့ရို့ဝိုင်းဆီ ရှားပါးစားစရာမို့ လာချပေးခြင်းဖြစ်လိမ့်မည်။ ထိုစဉ်. . ရေနွေးဗန်းကိုင် တစ်ယောက်က နောက်ကတိုက်သလိုဖြစ်သွားသဖြင့် ပန်းကန်လူးလွန့်ပြီး ဘီစကွတ်မုန့်ဝိုင်းတွေ လျှောထွက်ပြုတ်ကျကုန်သည်။ ဒေါင်လိုက်ပြေး၊ အပြားလိုက် ပျံကုန်သည်။

"ဟဲ့!. . ပလုပ်တုတ်. . မုတ်တုတ်"

ကာလသားဝိုင်း နှစ်ဝိုင်းကြား ပျံကြွသွားသမို့ ဖတ်ခနဲဖျတ်ခနဲ ကောက်၍ ပါးစပ်တွေထဲရောက်ပြီး ရုတ်ခြည်းပျောက်ကွယ်သွားကြသည်။

"သေနာကျလေးတွေ. . . မြန်လိုက်ကြတာတော်"

"ကျွေးဖို့မွေးဖို့ ထုတ်လာတာမှုတ်ဘူးလား အရီးငွန်းရဲ့"

"ဟုတ်တယ်. . . ဒါပေမယ့် နင်တို့အပင်းရှိဖို့ မှုတ်ဘူးဟဲ့ ဧည့်သည်အတွက်ဟဲ့. . . ဧည့်သည်အတွက်"

"ဂ္ဂီ!. . . ဂေါ်!. . . ကျွီ!. . . ဂွီ!. . ."

"ရပြီ. . ရပြီ. . . တက်ဆင်း. . . ဝမ်းတူးသရီး. . . တက်ဆင်း. . ဟော့ကောင်. . ဂွီ. . ဇဂွဲ. . အော်လန်. . အော်လန်. . . တို့ဝိ. . . အော်လန် ထောင်လကွာ. . . လခွေးတဲ့မှ"

အကျီကျွတ်နှင့်ချွေးပျံနေသော ကျွဲတစ်ကောင်လို မည်း



www.burmeseclassic.com

www.burmeseclassic.com



ပြောင်နေသည့် တပည့်ကျော်ဇဂွဲက အော်လန်ကြီးကောက်ထမ်းပြီး ပရိသတ်ဘက် လှည့်ထားသည်။

"စမ်းပြောကြည့်ပါဦး လေးစံရ"

"ဟဲလို!. . တောက်!. . တောက်!. . ဖရှူး. . . ဖူး. . . ရနေပြီဟ. . . တက်ဆင်း ဝမ်းတူးသရီး. . . ဟဲလိုး. . . ရ. . ပြီဆို မင်းမေကလွှား မင့်နားကမကြားဘူးလား ဘာစို့နေသလဲ"

နောက်ဆုံးတွင် အော်လန်ကို အိမ်ပြူတင်းပေါက်ရှိ သံတိုင်ကြားထဲ ဖင်ထိုးထည့်သည်။ ကြိုးနှင့်တုတ်၍ ပရိသတ်ဘက် လှည့်သည်။ အော်လန်နောက်တစ်လုံးကို အိမ်ခေါင်းရင်းက ကုက္ကိုပင်ထိပ်ဖျားတွင် တက်တပ်သည်။ မြောက်ပိုင်း(သူကြီး လူမောင်းအိမ်)ဘက် တည့်တည့်လှည့်ချည်သည်။

စားပွဲပေါ်၌ မိုက်ခွက်တိုင်ကမရှိ။ မိုက်က ရှေးတုန်းကမိုက်အဝိုင်းပြား၊ အနားသပ် သံချောင်းပတ်ထားသည်။ အပေါ်က ဆင့်တန်းပေါ် သံရိုက်သည်။ စားပွဲတည့်တည့်ကျအောင် ဂုန်နီကြိုးချသည်၊ လူတစ်ရပ်စာအမြင့်ချိန်၍ ကြိုးတုတ်လိုက်ခြင်းအားဖြင့် အခမ်းအနားပြင်ဆင်မှု အဆုံးသတ်သည်။

ပဲသုပ်နှင့်ရေနွေးကြမ်း တက်တက်ပြောင်ပြီမို့ ခေါင်းတွေထောင်၍ အခမ်းအနားဆီ အာရုံစိုက်ကြပြီလည်းဖြစ်သည်။ ဦးစံရက မိုက်နားရပ်၍. . .

"ဟော့. . . အခမ်းအနားမှူးလုပ်မယ့်စိန်ထုပ် ဘယ်ရောက်နေလဲ. . ညနေကတည်းက ငါမမြင်ဘူး. . ဟော့ကောင်!. . စိန်ထုပ်ငါ. . . ခေါ်. . . နေ. . . တယ်. . . ကြား. . . လား. . . လား. . .





လား. . . လား. . . လား၊ ကဲ. . . ဒီထဲကကောင်တွေ. . စိန်ထုပ်ကို ဘယ်မှာတွေ့ကြလဲ"

"ညနေက နေတောင်သိပ်မကျသေးဘူး. . . ဒေါ်ချက်စူ ခြံဝိုင်းဝနား တွေ့လိုက်တာပဲ လေးစံရ"

"ဟော့ကောင်ဇဂွဲ. . သွားလိုက်ခေါ်စမ်း. . ဟမ်း!. . ခေါ်မနေနဲ့တော့ကွာ. . . ကြာတယ်၊ ငါပဲ. . . တစ်လက်စထဲ အခမ်းအနားမှူး လုပ်လိုက်တော့မယ်. . . ကဲ. . . နေရာယူကြပါ. . . နေရာယူကြပါ. . . အခမ်းအနားဖွင့်လှစ်ပါတော့မယ်. . ၊ အဲ. . . ဟော့ကောင်သာဥာဏ် ဒီနားခဏလာဦး"

ဦးသာဥာဏ် ဝေါက်ခနဲထ၍ ဦးစံရရှိရာ စားပွဲနောက်နားကပ်သွားသည်။ မိုက်က အတော်ဆွဲပါသည်။ ခပ်တိုးတိုးကပ်မေးသော ဦးစံရအသံ အပြင်ကို ထွက်နေသည်။ ပြောနေသူကိုယ်နှိုက်က ကြားမကြားတော့မသေချာပါ။

"ဟော့ကောင်သာဥာဏ် မင်းနဲ့စိန်ထုပ်က မြို့နယ်အစည်းအဝေး တက်ဖူးတော့ သိလိမ့်မယ်. . အခမ်းအနားကို ဘယ်လိုဖွင့်သလဲ"

"ဘာအခမ်းအနားဆိုတာ အရင်ပြောရတယ်. . . ၊ ဖွင့်လှစ်ကြောင်းကြေညာ၊ နိုင်ငံတော်အလံနဲ့ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြု. . ၊ နာယက,က အဖွင့်မိန့်ခွန်းပြော. . . အဲ့ဒါပဲ၊ ကျနော် အခမ်းနားမှူး လုပ်ပေးမယ်လေ"

"ငါ့ဟာငါလုပ်မယ်လို့ ကြေညာပြီးပြီကွ. . . ၊ ရတယ်. . .



www.burmeseclassic.com

www.burmeseclassic.com



ငါတောင်ပါ လုပ်တတ်ပြီ. . . သွားတော့. . . ဖူး. . . ဖရှူး ဟော့ကောင် . . . ဇရွဲ့. . . အက်ကိုးနည်းနည်းတင်စမ်း”

“ဂွီ!. . ကျွီ!. . တောက်!. . တောက်!. . ဟဲလို!. . လို! လို!. . လို!. . တက်ဆင်း. . ဆင်း. . ဆင်း. . ဆင်း. . ဆင်းရပြီ. . . ပြီ. . . ပြီ. . . အဟမ်း!. . ဟမ်း!. . ဟမ်း!. . ဟမ်း!. . အဲ. . . အင်း အဲ. . . ဘာအခမ်းအနားလည်းဆိုတာ အရင်ပြောရမယ်ဆိုတော့ အဲ. . . အခမ်းအနားကတော့ မခံချင်တဲ့အခမ်းအနားပါပဲ. . . ဘယ်နှယ့်တစ်ရွာလုံးကိုးကွယ်တဲ့ သံပင်စိုဆရာတော် ကျောင်းတစ်ကျောင်းပဲရှိတာ. . . ရွာမမှာရုံဆောက်ချင်သပဆို ကျောင်းဝင်းထဲ သွားဆောက်ပေ့ါ. . .

ကျုပ်လှူထားတဲ့ ဘုရားဝတ္တုကံမြေတွေ သုံးဧကတောင် ကျော်သေး၊ ကျုပ်လှူတဲ့မြေမို့ မမှာရုံဆောက်ရင် ဘာဒါနမှ မြောက်မှာ မှုတ်ဘူးလေးဘာလေး. . အသံကထွက်လာသေးတယ်. . ကျုပ် အဲ့ဒါကိုမခံချင်တာ သူရောလှူနိုင်လို့လား. . ကျုပ်လို”

ဦးသာညာဏ်က နောက်ကထရပ်လာသည်။ သွားကပ်ပြော သည်။

“အစ်ကိုစံရ. . အဲ့ဒါတွေမပြောနဲ့လေ ဘာအခမ်းအနား ဆိုတာပဲပြော. . အခမ်းအနား ဖွင့်လှစ်ကြောင်း ကြေညာရမှာလေ”

“ငါသိပါတယ်. . . ငါမခံချင်တာကြာပြီ. . . မင်းပဲ စဉ်းစား ကြည့်လေ”

“ဟာ. . . အစ်ကို အခမ်းအနားကိစ္စပဲ ပြောပါဆို”

“အေး. . ဟုတ်ပြီ. . အခမ်းအနား. . ဒီနေ့ အခမ်းအနား





ဘာ. . . အဲ. . . ဒီနေ့ ပဲသုပ်နဲ့ရေနွေးကြမ်း ခေါ်ကျွေးတာက. . . မြောက်ပိုင်းကိုမခံချင်လို့ တောင်ပိုင်းမမှာရုံဆောက်ဖို့ ကိစ္စပဲ. . . အဲ့ဒါကို ဝိုင်းတိုင်ပင်မလို့. . . အဲ. . . ကျွန်တော်များ တောင်ပိုင်း သားတွေ သံပင်စိုရွာတောင်ပိုင်း မမှာရုံတည်ဆောက်ရေး အစည်း အဝေးကြီးဖွင့်လှစ်ကြောင်း. . ကြေ. . . ညာ. . . အပ်. . . ပါ. . တယ်. . ခင်ဗျား. . . ”

ဦးသာညာဏ်က လက်ခုပ်စတီးရင်း ဘေးဘီကိုလည်း လိုက် တီးရန် ပြူးဖျာ၍ ကိုယ်အမူအရာနှုတ်အမူအရာဖြင့်ပြပါမှ. . .

“ဖျောင်း!. . ဖျောင်း!. . ဖျောင်း!. . ဖျောင်း!. . ဟေး! ဟေး!. . ဟေး!. . ရှီး!. . ရှီးဖျောင်း!. . ဖျောင်း!. . ”

“အလံတော်နဲ့ အာဇာနည်ခေါင်းဆောင်. . . အလံတော် အလေးပြုအစီအစဉ် အစ်ကိုစံရ”

“ငါသိပါတယ်ကွ. . . အစီအစဉ်နှစ်အရ နိုင်ငံတော်အလံ နှင့် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်း ဆောင်ကြီးများကို အလေးပြုရအောင်. . အားလုံး. . မတ်တတ်ထ ကြပါ”

ရုတ်ရုတ်သဲသဲ ထရပ်အော်ဟစ်နေကြသည်မို့ ခဏစောင့် နေရသည်။

အပေါ်ထပ်လှေခါးရင်းနား လူစုစု ငုံ့ကိုင်း၍ ဘာလုပ်နေ သည်မသိ။ မိုက်နှင့်ပင် လှမ်းမေး၏။

“အဲ့. . ဒီ. . လှေခါးရင်းနားက ဘာဖြစ်နေကြတာတုန်း”

“ငထူးက. . . ထိုင်ရက်ပဲ အလေးပြုနိုင်မယ်တဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ရေ”

“ဘာကွ. . . နိုင်ငံတော်အလံနဲ့ ခေါင်းဆောင်ကြီးတွေကွ မရှိမသေနဲ့. . . ထဆိုထစမ်း”

အသံစွာသောတစ်ယောက်က. . .

“ဘယ်လိုမှ မထနိုင်ဘူးတဲ့ ဘစ်ရရေ. . . ဟော့. . ဟော. . ထိုင်တောင် မထိုင်နိုင်တော့ဘူး. . . တုံးလုံးလဲသွားပြီ. . . မူးနေတာဗျ. . .”

“တောက်!. . ခွေးမသား. . . လူထူရင်လုပ်ပြီ. . ကဲ. . ရေတွင်းကို ဆွဲထုတ်သွားကြစမ်း. . . ခေါင်းကနေ ရေလောင်းပေးလိုက်ကြ. . .”

ခဏနေမှပင် ဦးစံရ ပရိသတ်ကို မျက်နှာမူရင်း. . .

“ကဲ. . . အားလုံးငြိမ်ပါ အစီအစဉ်နှစ်ကို စပါမယ်”

“နိုင်ငံတော်အလံလည်း မရှိဘူး”

ငြိမ်နေစဉ် အမှန်အတိုင်းထွက်လာသော အသံတစ်သံ ဖြစ်သည်။

“အရင်ကရှိတယ်ကွ. . . စပါးဒိုင် တာဝန်ကြေစပါးသွားရောင်းရင်း မြောက်ပိုင်းကလှည်းအုပ်စုနား စိုက်ထားမိတာ. . ကျုပ်အလံ ဘယ်ကောင်ခိုးသွားမှန်းမသိဘူးကဲ. . ငြိမ်ပါ”

ငြိမ်သက်သွားသည်။

ခြံထဲကရင်ကွဲနှင့် ပုရစ်သံတွေပါ တိခနဲ တိတ်သွားသည်။

ဦးစံရကလည်း မိုက်ရှေ့ စကားလုံး စဉ်းစားနေပုံရသည်။

နိုင်ငံတော်ရှေ့မှာက(ထိုခေတ်က)စကားလုံးအချို့ ရှိနေ





သေးသည်လေ။

ငြိမ်သက်တိတ်ဆိတ်အား ကောင်းနေစဉ်မှာပင်. . .

“ပီ. . ရီ. . ရီ. . ရီ. . . ပူ. . . ဘွတ်!!”

“အို!. . အစီးဂွန်းကလည်း”

“ဟယ်!. . ငါမဟုတ်ရပေါင်ဟယ် နင့်ဆီကလာတဲ့အသံပါ ချိုသဲရယ်”

ဝေါခနဲ ဝလုံးကွဲရယ်သံကြီး ငြိမ်သက်မှုကို တစ်စစီ ခွဲပစ်လိုက်၏။ ထိုအသံကြားမှပင်. .

“ချိုသဲမှုတ်ဘူး”

“အွန်!. . . နင့်ဘေးကဇင်မ သက်သေရှိတယ်. . ဇင်မ သူ့ဝါဝန်စ နမ်းကြည့်စမ်း”

“အို. . . ပေးမနမ်းပါဘူး”

ဘေးကကာလသားတွေ နှာခေါင်းရှုံ့သူ၊ လက်နှင့်ပိတ်သူ အတင်းမော့ရှူသူ ရှုဖြစ်ကုန်၏

“ငါတော့ ဝအောင်ရှူတယ်ဟေ့ ကြုံကြိုက်ခဲလို့”

ပတ်တုတ်မရအောင်ဖြစ်သွားသည်။ ထိုခဏ သူလည်း မပြုံးဘဲမနေနိုင်တော့။ ဖြစ်ချင်တော့ သူပြုံးသည်ကို ချိုသဲလေးက မြင်ဖြစ်အောင်လှမ်းမြင်သွားသည်။ ဖျူဖွေးသော မျက်နှာပြည့်ပြည့်လေး ရဲခနဲ နေအောင်ဖြစ်သွားသည်။

ငြိမ်နေလိုက်လျှင် ဟိုလူလိုလို ဒီလူလိုလို ယုံထင်ကြောင်ထင်နှင့် ရယ်မောပြီးမြောက်သွားမည့် သဘာဝကိစ္စဖြစ်သော်လည်း ကလေးစိတ်မစင်သေးသည့် အပျိုစင်ကလေး ချိုသဲက [illegible]



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ချလိုက်ပြီး၊ မျက်နှာကိုလက်နှင့်အုပ်ခါ ဘယ်ညာခြေသပွတ် ထိုး၍ အော်ငိုတော့သည်။

ဒေါ်ဂွန်းက ငယ်ငယ်ကလို အတင်းကောက်ပွေ့သည်။ မနိုင်၍ ဖုတ်ဆို မြီးညောင်းရိုးနှင့် ပြန်ပြုတ်ကျသည်။

ဗြံခနဲ အသံက စီညံသွားသည်။ ဦးသာဉာဏ် အပြေးလာ၍ သူ့ သမီးကောက်ထမ်း နှစ်ဆောင်ပြိုင်အိမ်ကြီး နောက်ဖေးခန်းဝင်သွားမှ ဇာတ်လမ်းက ပြီးလေ၏။

ဦးစံရလည်း မျက်နှာပိုးမနည်း သတ်၍. . .

"ကဲ. . . ကဲ. . ပြန်ငြိမ်. . . ငြိမ်!. . အားလုံး. . သတိ!"

ငြိမ်သွားမှ. .

"မြန်မာနိုင်ငံတော်အလံနှင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်းခေါင်းဆောင်ကြီးများအား. . အ. . . လေး. . . ပြု"

ငြိမ်သက်စွာ ခါးများကိုင်း၍ ဦးများညွတ်လိုက်ကြသည်။

"ဒုံ!!. . ဂလောက်!. . ဂလက်!. . "

ဦးစံရ နဖူးနှင့် မိုက်ဆောင့်သံ ထွက်လာခြင်းဖြစ်ပါသည်။ နဖူးနည်းနည်းအီသွားသော်လည်း သတိဆွဲထား၍ နဖူးမပွတ်အား။ အာလူးခပ်သေးသေးတော့ ထွက်လောက်သည်။ စံပြအဖြစ် သူက ဟန်ပါပါမာန်ပါပါ ဆတ်ခနဲ ညွတ်ချလိုက်သည့်အရှိန်က လက်ရွေးစင် ဘောလုံးသမား ဗဟာဒူး ခေါင်းတိုက်ဂိုးသွင်းသည့် အချိန်အဆခန့် ရှိသည်လေ။

ကြားကြားသမျှ အခမ်းအနားထဲရှိ ပုရိသ၊ သုခိတ၊ ဒုက္ခိတ





အားလုံး ကုန်းကုန်းကြီးတွေ ဖြစ်နေကြသည်။ (ဟာ!. . ဘာဆက်ပြောရမှာပါလိမ့်. . အဲ. . နှစ်လုံးထဲပါ နေစမ်းပါဦး ပါးစပ်ဖျားတွင်ပါ. . အာ. . ဘာပါလိမ့်. . တောက်!. . )

ခါးတောင် ညောင်းလာနေပြီ စဉ်းစားမရ၊ အားလုံးလည်း ကုန်းကုန်း ကိုင်းကိုင်းကြီးတွေ ဖြစ်နေကြပြီ။ မေ့နေသော စကားလုံးကို အစဖော်ပေးမည့် သာဉာဏ်ကလည်း နောက်ဖေးမှာ သမီးသွားချော့နေသည်။ ခါးကိုင်းခေါင်းငုံ့ချိန် ကြာလာသည်။ ထိုထက်ပို ကြာလာသည်။ ခေါင်းငုံ့လည်လိမ်၍ ဦးစံရကို လှမ်းကြည့်လာကြပြီ။

(နှစ်လုံးထဲပါ. . . အဲ. . . ဟာ ထူးပါဘူး. . )

"ကဲ. . . အားလုံး. . . ပြန်. . . မတ်"

"ဟူး"

"အား"

"လုပ်ပါဦးဟ. . . ငါ့ ခါးကြောတင်းသွားလို့"

"ငါ့လည်း နှိပ်ပါဦးဟ. . ပြန်မတ်လိုပမရတော့ဘူးဟ လုပ်ပါဦး"

"အုံး!"

"ထု. . . ထု"

အမှန်က. . . 'နေမြဲ'ကို မေ့နေခြင်းသာပါ။

ပြောနေကျမဟုတ်သည့်အပြင် သည်အလုပ်က လုပ်နေကျ သည်းမဟုတ်ခဲ့ခြင်းသာပါ။ သည်အခမ်းအနားမျိုး မကြုံဖူးသူက များနေသဖြင့် နေမြဲ စကားလုံးကိုမေ့ပြီး. . ဒုက္ခခဏ ရောက်သွားသော သူဌေးဦးစံရအဖြစ်ကို ရယ်စရာဟု ရွာသူရွာသားများက သိလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြ။ ပြန်မတ်ဆိုသောစကားကို ဟားစရာမှန်းလည်း မသိလိုက်ကြ။ သူကတော့ ကြိတ်ရယ်ရလွန်း၍ အူလိပ်နေတော့သည်။ စားပွဲထိပ်တွင် အခမ်းအနားအောင်မြင်သွား၍(ရင်ကော့၍) ဦးစံရက ထိုင်ကြပါရန် လက်ကားကားအုပ်၍ ရုပ်တည်နှင့် လုပ်နေပုံကိုက ဟာသရသ မြောက်နေတော့သည်။

"ဆက်လက်ပြီး. . အဲ. . ဒီအခမ်းအနားမှာ သဘာပတိကြီးက မိန့်ခွန်းပြောကြားပေးပါလိမ့်မယ်. . . အဲ. . . သဘာပတိက ကျုပ်ပဲ. . . ကျုပ်ပဲပြောရမှာလေ"

လက်ခုပ်သံ လက်ကွင်းမှုတ်သံများ ဆူညံစွာ ထွက်လာပြန်သည်။ လူအုပ်နောက်ကို ကိုသာဥက် ပြန်ရောက်လာပြီး ဆော်သြလိုက်၍ဖြစ်ပါသည်။

"လိုရင်းပဲပြောမယ်ဗျာ တောင်ပိုင်းမွှာရုံဆောက်ချင်တယ် ကျုပ်ခြံတွေအများကြီးရှိတယ်၊ နေရာဝိုင်းရွေးပေးကြပါ၊ အားလုံးသဘောတူတဲ့နေရာမှာ အလှူခံမဏ္ဍပ်ဖွင့်မယ် လှူချင်သူတွေ လာလှူကြပါ၊ မလှူလည်း ကျုပ်တစ်ယောက်တည်း လှူမယ်၊ မွှာရုံကြီးဟည်းနေအောင် ဆောက်မယ်. . သူများထက် သာရမယ်. . ဒါပဲ၊

ဆရာတော်ဆီက မွှာရုံဆောက်ခွင့်လည်း ကျုပ် လျှောက်ထားပြီးပြီ. . သူများတစ်ထပ်ဆောက်ရင် ကျုပ်ကနှစ်ထပ် ဆောက်မယ်၊ မြို့တက်ပြီး မွှာရုံပုံစံကို ကျကျနနဆွဲမယ်. . .

လိုအပ်ရင် မြို့ကအင်ဂျင်နီယာပါ ငှားမယ်၊ စံရတို့က မလုပ်ရင် မလုပ်ဘူး. . လုပ်ရင်လည်း ထုပ်ပေါက်ခေါင်ပေါက်လုပ်တယ်၊ သဘာပတိမိန့်ခွန်းက ဒါပဲ. . . တဲ. . . လက်ခုပ်ကျယ်ကျယ် တီး





တော့. . . အော်လန်ကွဲအောင်. . တီး"

လက်ခုပ်သံတွေ၊ တရှိုးရှိုးသံတွေ ဘဝင်ညံအောင် ထွက်နေတော့သည်။ အစည်းဝေးက ဘာမှသိပ်မကြာလိုက်ပါ။ ဖြစ်မြောက်ရေးကော်မတီထဲ အမှုဆောင်အဖြစ် သူအတန်တန်ငြင်းသည့် ကြားက ဆားညှပ်၍ ပါသွားခဲ့လေသည်။ တောင်ပိုင်းနှင့်မြောက်ပိုင်းဆိုသော ပဲလှော်နှစ်ခြမ်းကြားက. . ဆားကို ပြောခြင်းဖြစ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၄)

"ရော့ . . . မောင်ပန်း မင်းပြောတာ ဒီပုလင်းလေး မှတ်တယ်"

နံနက်ခင်းဘောဇဉ်ကို ကိုယ်တိုင်လာပို့ရင်း ဆွဲခြင်းထဲက ကွန်မီသာဇင် ပုလင်းညိုလေးကို ထုတ်ပေးလာသည်။ မိုးမခပင် အောက် ခုံတန်းလေးတွင် ထိုင်နေသော သူက ဦးလေးဓလေးသော ပုလင်းလေးကို ယုယုယယလှမ်းယူရင်း အပြင်ကကြည့်သည်။

အရည်လေးတွေ ပုလင်းလည်ပင်းနားထိ ရှိနေသည်။ ခက်လား ဘာလားမသိ အထဲတွင်ရှိနေသည်။ ပုလင်းနှုတ်ခမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မှ သိသည်။ အုန်းဆီကို ဒေါနပန်းခက် စိမ်ထားခြင်းဖြစ်သည်။ စိမ့်ခနဲ ယိုထွက်လာသော ဖရဏာပီတိသည် တစ်ကိုယ်လုံးသို့ ချက်ချင်းပျံ့သွား၏။ ဂွမ်း. . အုန်းဆီထိ။

"သံခဲက. . . ဘယ်လိုပြောပြီးလာပေးလဲ ဦးလေးခ"

နှစ်ယောက်ထည်းမို့ ကပ်၍ခပ်ကျယ်ကျယ် မေးနိုင်တုန်း မေးရသည်။

"မင်းကလည်း တိုးတိုးလုပ်ပါကွ လူကြားပါ့မယ်. . သံခဲက မောင်ကြီးရေကိုပေးလိုက်ပါတဲ့ မမသီပေးခိုင်းလိုက်တာတဲ့ ဒီကောင်လေး နားကျပါးကျ နားထောင်လာပုံမရဘူး. . မင်း ပုလင်းတောင်းမှပဲ ဆက်စပ်ပြီး ငါစဉ်းစားလို့ရလာတာကွ. . . သီသီက မင်းကို မောင်ကြီးရေလို့တောင် ခေါ်နေပလား. . . ဟားဟား. . . နိပ်ဟ"

"မှတ်ပါဘူးဗျာ. . . ဘယ်ကလာ မောင်ကြီးရေကမှာလဲ သျှောင်ကြီးဖွေ. . သျှောင်ကြီးဖွေ. . ဒီ. . သျှောင်ကိုပြောတာဗျ"

သူက သူ့သျှောင်ကိုကိုင်ပြ၍ပြောမှ သဘောပေါက်သွားပုံရသည်။

"အဟီး. . . သိပါဘူးကွာ ငါက မင်းတို့အတော်ခရီးရောက်နေပြီထင်လို့ ဆရာတော့်လျှောက်ပြီး နားဖောက်ခိုင်းရ ကောင်းမလား စဉ်းစားနေတာ"

"မလုပ်ပါနဲ့ ဦးလေးခရာ သူ့အမေကြီးက သူနဲ့အရင်ပေါင်းရမယ်ဆို. . . ကျွန်တော့်ခေါင်းမွေး အပြောင်မခံနိုင်ပေါင်ဗျာ အမြတ်တနိုး ဒါလေးပဲရှိတာ"

"အေးကွ. . မင်းက သျှောင်နဲ့ဆိုတော့. . . ငါငယ်ငယ်က





ခြင်ဖူးတဲ့ မင်းသားရွှေမန်းပန်တျာကြည်လင်နဲ့ အတော်တူတာတလား. . . သိပ်ချောတဲ့မင်းသားကွ"

"ဟင်းဟင်း ဦးလေးခကိုကျွေးစရာက. . . အဲ့ဒီခြင်းထဲက ဦးလေးခလာပို့တာပဲ ခွဲကျွေးရမှာလေ"

"ငါစားခဲ့ပြီးပြီကွ. . . အေးကွာအရင်က ရှာဘုရားပွဲတွေ မြန်လွမ်းမိသေးတော့တယ်. . . သံပင်စိုးစေတီဘုရားပွဲဆို လှည်းဝိုင်းတွေ စခန်းချပြီး တယ်စည်ခဲ့သပေါ့"

"ဘာလို့ ဘုရားပွဲတော် မလုပ်တော့တာလဲဟင်"

"ဆရာတော်က သူကျောင်းထိုင်ဖြစ်ကတည်းက နစ္စ၊ ဂီတ၊ ဝါဒီတ ပုဒ်အရ ဘုရားနဲ့ပွဲလမ်းသဘင်ကို မတင့်တယ်ဘူးဆိုတဲ့ ဘက်ကလေ. . . ရှေးအစဉ်အလာမို့သာ မျက်နှာလွှဲနေခဲ့ရတာကလား လူမောင်း သူကြီးဖြစ်လာတော့. . . ဘုရားပွဲဟာ အာဝါဒေးဖြစ်လာတယ်. . . အရက်ပုန်း မဟုတ်တော့ဘူး အရက်ပြောင် ဖြစ်လာတယ် လောင်းကစားဝိုင်းတွေပါ ပါလာတယ်. . .၊ တစ်နှစ် အမူးလွန်ပြီး လောင်းကစားဝိုင်းမှာ ရန်ဖြစ်သလေ ဓါးထိုးမှု ဖြစ်ပါရောလား၊ လူမသေပေမယ့် ပွဲတော်အစဉ်အလာတော့ တစ်ခါတည်း သေသွားတာပဲ"

တဲအိမ်ရှေ့ကွပ်ပျစ်တွင် ဦးလေးခပါလာသော ဆီဆမ်းပဲပြုတ်ထမင်းနှင့် ငါးရံ့ခြောက်ကိုစားရင်း စကားဆက်သည်။ သူက တောင်ပိုင်းမမှာရုံဖြစ်မြောက်ရေး အမှုဆောင်ဖြစ်သွားပုံကို ဦးလေးခကို ရယ်ရယ်မောမော ပြောပြမိသည်။

"အော်လန်ကြီး ကုတ္တိုပြင်ထိပ်ဖျားတင်ပြီး ဦးရာ. . .



www.burmeseclassic.com

www.burmeseclassic.com



မြောက်ပိုင်းမမွှာရုံဆောက်တာကို မကျေနပ်ကြောင်း တွင်တွင်ကြီး ပြောတယ်ဦးလေးခရာ. . မြောက်ပိုင်းက တစ်ထပ်ဆို သူက နှစ်ထပ် ဆောက်မယ်တဲ့ သူကြီးကလည်း သူလှူထားတဲ့ဝတ္ထုကံမြေမှာ မမွှာရုံ ဆောက်ရင် ဘာကုသိုလ်မှမရဘူး ပြောတယ်တဲ့. . . သူအဲ့ဒါကို ဆတ်ဆတ်ခါ နာနေပုံရတယ်"

ဦးလေးခက ရေနွေးကြမ်းမှုတ်သောက်ရင်း. . .

"သူကြီးလူမောင်းကလည်း သူတော်ကောင်းမှမဟုတ်တာ တစ်ယောက်အကြောင်းတစ်ယောက်က အတွင်းသိအစင်းသိတွေ လေ. . ရည်းစားလုဘက်လည်း ဖြစ်ခဲ့သပေါ့. . အဲ့ဒီနှစ်ကောင် မြသီ ကို အသေအလဲ ပိုးပန်းခဲ့ကြတာကလား. . . လူမောင်းက သူကြီး သား. . ပါဝါရှိတယ်၊ စံရက သူဌေးသား ငွေအားရှိတယ် တပည့်ပေါ တယ်"

"ဒေါ်မြသီက သူတို့နှစ်ယောက်လုံးနဲ့ အကြောင်းမပါဘူး နော်"

"မြသီက အဲ့ဒီနွားနှစ်ကောင်ကို နွားဖားကြိုးထိုးပြီး ကြိုး ရှည်ရှည်နဲ့လွှန်ထားရင်း. . . စိတ်ထင်သလို ကစားနေတာလေ. . တောင်းတထိန်လာခင်းတဲ့ မြို့သူဌေးသားနဲ့ လိုက်ပြေးတော့မှပဲ သူ တို့ကိုယ်သူတို့ အောက်သွားမရှိတဲ့ နွားပြာကြီးတစ်ရှဉ်းမှန်း သိကြ တော့တာ. . . ပြောမယ့်သာပြောနေတာ မောင်ပန်းရေ. . သူကြီး လူမောင်းဟာ ငါ့ညီတစ်ဝမ်းထဲ ကွဲတာ. . . ပါဝါပြလွန်းလို့ မြင်ပြင်း တတ်ပြီး ငါကမခေါ်တာကြာပြီ"

ဦးလေးခဆေးလိပ်မီးညှိသည်။ တစ်ဖွာနှစ်ဖွာရှိုက်သည်။





စကားဆက်သည်။

"ဒီနှစ်ကောင် ဘုန်းကြီးစေ့စပ်ပေးလို့ မေးထူးခေါ်ပြော ပြန် ဖြစ်လာသေးတယ်လေ. . . မြသီမုဆိုးမ ရွာပြန်လာမှ မြို့ကြီးသူ အသွေးအမွေးနဲ့ အဆစ်အပေါက်နဲ့ဆိုတော့. . အဲ့ဒီသမီး ယောက်ဖ နှစ်ကောင် ငယ်ချိူ(ဂျို)ပြန်သွေးပြီး. . တဖောင်းဖေးနဲ့မျက်ဖြေး ပြန် ဖြစ်သွားတာ"

"ဘယ်လို. . . ဘယ်လို သမီးယောက်ဖ ဟုတ်လား!"

"ဟုတ်သလေ. . . မြသီ လင်နောက်လိုက်ပြီး ဘာကြာသ တုံး. . တစ်ဝါတောင်မပြည့်ဘူးထင်ပ. . စံရညီမနှစ်ယောက်ရှိ တာ. . . မိလွှန်းနဲ့မိငွန်းလေ. . . အကြီးမ မိငွန်းနဲ့လူမောင်း ရည်ငံ ကြပါကောလား. . .၊ စံရက ဘာမှမပြောပါဘူး တစ်ရွာလုံး သိမင့် ဟာ. . . ဒါပေမယ့် တကယ်ခိုးပြေးတော့. . . လား. . . လား. . . အငယ်မ မိလွှန်းဖြစ်နေတယ်. . . အဲ့သမှာစံရ ဒေါသူပုန်ထတော့ တာပေါ့. . အကြီးမ မိငွန်း ခုထိ မီးယပ်ပိန်ဖြစ်နေတာ အဲ့ဒီစိတ်နဲ့ပဲ မသေလို့ ညီမချင်းလည်း သေခန်းပြတ်တာပဲလေ၊ မိလွှန်းကမလည် မဝယ်အရွှယ် လူမောင်းတို့လုပ်ပုံ ပြောပါတယ်"

ရာဇဝင်အူပေါက်တွေ ကြားရလေလေ၊ တောင်မြောက် ပေါင်းစည်းရေးသည် ကိုးရီးယားအရေးထက် ခက်လေလေ ဖြစ်နေ တော့သည်။ သူများအရေးထက် သူ့အရေးအတွက်လည်း မေးခွန်း များ ခေါင်းထဲပေါ်လာသည်။ သူမှတ်မိသမျှ ဒီရွာရောက်နေတာ တစ်နှစ်နှင့်ခြောက်လကျော်ပြီ ဖြစ်သည်။ ခေါင်းကုတ်စဉ်းစားရင်း. . ခေါင်းကအမာရွတ်ကို စမ်းမိသည်။ သူ့အတွေး. . သူ



www.burmeseclassic.com

www.burmeseclassic.com



ခဏခဏပေါ်လာနေသည်က အသွားငါးလက်မခန့်ရှိသော . . ဓါး မြောင်လေးတစ်လက်ဖြစ်သည်။ ဓါးရိုးတွင် အရည်လဲ့နေသော နီရဲနေသည့် ကျောက်တစ်ပွင့်ကိုမြင်ရသည်။

အိပ်မက်ထဲ ကိုင်ရသည်ကပင် စီးစီးပိုင်ပိုင် ရှိလှသည်။ သူကိုင်နေကျ ဆောင်နေကျ ဖြစ်နိုင်သည်။

သူခပ်ကျယ်ကျယ်ပင်မေးရသည်။

"ဦးလေးခ . . ကျွန်တော့်ကိုစတွေ့တာ ချောင်းစပ်က ကနစိုပင်ကြီး အောက်မှာနော် . . . စ,တွေ့တာ . . . စ,တွေ့တာကို ပြန်ပြောနေတာ"

"အေးလေ . . လှေက ဒိုက်တောထဲခေါင်းစိုက်လို့ . . မင်းခြေထောက်နဲ့ ဆင်းလာတာကွ ခြေရာတွေအတိုင်းသားပဲ . . . ဒါပေမယ့် ဟိုထိုးဒီယိုင်ဖြစ်နေပုံပဲလေ . . . မင်းကနစိုပင်ခြေရင်းမှာ အိပ်သလိုလေးကို လဲနေတာ၊ ခေါင်းကဒဏ်ရာက သွေးတွေတောင် ခြောက်ကပ်ခဲကျပ်နေရော"

"ကျွန်တော့်ခရီးဆောင်အိပ်က"

"မင်းခေါင်းအုံးထားတယ်လေ သစ်ပင်ရင်းမှာ . . မင်း . . အသက်ရှူနေပေမယ့် ဘယ်လိုမှ နှိုးလို့မရဘူး ငါဘာလုပ်ရမှန်း မသိလို့ ဆရာတော်ကိုပြန်လျှောက်တာ"

"အဲ့ဒီ ကျွန်တော်အိပ်နေတဲ့အနီးအနားမှာ . . ဘာ . . ဘာများ ထူးထူးခြားခြားတွေ့သေးလဲဟင်"

"ဘာတွေ့ရမှာတုန်း . . . မင်းတုံးလုံးမှေ့နေတဲ့ဆီပဲ ငါက သောကရောက်နေခဲ့တာလေ . . . နေဦးကွ . . အေး . . လှော်တက်





အကျိုး တွေ့တယ် . . တက်ပြားဘက်က မှုတ်ဘူး . . လက်ကိုင်အရိုးဘက်က . . . ထောင့်ထိုးကျိုးထားလို့ အချွန်ဖြစ်နေတယ် . . ဟုတ်ပခင်းလက်ချောင်းမှာလည်း . . ဗွက်လား မြေကြီးလား . . လက်သည်းထဲမှာရောပဲ"

"ဟာ . . ဟုတ်ပြီ . . လာ . . ဦးလေးခ . . အဲ့ဒီကနစိုပင်ဆီပြန်သွားရအောင် . . . အရေးကြီးတယ် ကျွန်တော့်ဘဝအတွက် သဲလွန်စတစ်ခု ရှိကိုရှိရမယ်"

ဝေါ်ပြားတစ်လက် အသင့်ရှိနေသဖြင့် နှစ်ဦးသား ဘောနတ်ချောင်းဘက် ဆင်းခဲ့ကြသည်။ သူ့အိမ်လေးနှင့် မိနစ်နှစ်ဆယ်လောက် လျှောက်ရသော အကွာအဝေးတွင် ဘောနတ်ချောင်းသည် ရေကောစပ့် ငြိမ့်ငြိမ့်လေး ပတ်ခွေစီးဆင်းနေသည်။ သူခဏခဏလာထိုင်နေကျ ကနစိုပင်ကြီးက ဆီးကြိုမြင်ပင်ဖြစ်သည်။ မနက်ခင်းနေခြည်တစ်ခြမ်းဆမ်းထား၍ ကနစိုပင်ကြီးသည် ရွှေရောင်တစ်ဝက် မြစိမ်းတစ်ဝက် လင်းလက်နေ၏။

"ကျွန်တော်တစ်ခုခု မြှုပ်ထားခဲ့သလိုပဲ . . . အထင်လည်းဖြစ်မယ်ဦးလေးခ"

"ရေ . . လကွာ"

"ဒီအပင်အောက်ခြေမှာ ကျွန်တော်တစ်ခုခု မြှုပ်ထားခဲ့တယ်လို့ နည်းနည်းပြန်သတိရလာလို့"

"ဩော် . . အေးအေး . . တိုးတိုးလုပ်ပါကွ . . ဟုတ်တပြီတက်ကျိုးမှာ ဗွက်တွေဆိုတော့ . . အင်း . . ဒီဘက်ရေဝင်တဲ့ အပေါ်ဘက်ကို စတူးကြည့်"

www.burmeseclassic.com



"ဟုတ်တယ်. . ဦးလေးခ"

သုံးလေးနေရာ လိုက်တူးကြည့်သည်။ ဘာမှမထူး။ ဦးလေးခ ဖက်နှင့်ခပ်လာသော ချောင်းရေကို တစ်ဝသောက်၍ တစ်နေရာ သူထပ်တူးသည်။ သုံးလေးချက်၌. . .

"ဟာ. . . ဂေါ်ပြား တစ်ခုခုနဲ့ထိတယ်ဗျ"

ဆက်တူးသောအခါ ပလပ်စတစ်အကြည်နှင့်ပတ်ထားသော အံ့ဝတ်လိုအထုပ်တစ်ထုပ် ထွက်လာသည်။ သူ့လက်တွေ တုန်ယင်လာသည်။ မြေကြီးတွေဖယ်ရင်း ထိုင်ချလိုက်သည်။ ပလပ်စတစ်ကို ခွာလိုက်သည်။ ရှပ်အင်္ကျီအဖြူထဲတွင် မာတာတာ ဖုတုတု ရှိနေသည်။ ကမန်းကတန်း ပတ်ထားပုံရသော အင်္ကျီကို ဖယ်ခွာလိုက်သောအခါ. . .

"ဟား. . . ဒါ. . . ဒါ ကျွန်တော့ ခါးမြှောင်ဗျ. . . ဟာ. . ဒီ. . . ဒီမှာ. . . ကျွန်တော့်ပိုက်ဆံတွေ" (ထိုစဉ်က တရားဝင် သုံးစွဲနေသော ခေါင်းပေါင်းခေါ် ရာတန်ဆယ်ထုပ်ဖြစ်ပါသည်။)

"သိန်းထုပ်. . ဆယ်ထုပ်တောင်မှပဲ မောင်ပန်းရ ဝမ်းသာသကွာ. . ဉစ္စာမှန်လို့ ပြန်ရတာပဲ"

ကျောက်စီခါးအိမ်ထဲက ခါးမြှောင်လေးကို သူဆွဲထုတ်လိုက်သည်။ သံမဏိသွားက လက်ခနဲ နေရောင်တွင် ပြက်သွားသည်။ သူ ခါးရိုးကို မိမိရရ ဆုပ်ကိုင်လိုက်သည်။ သူ့ကိုယ်ထဲ အားမာန်တစ်ခု အလိုလိုဝင်လာသလို ခံစားရသည်။ သူဆုပ်ကိုင်၍ အားမရခင်မှာပင် စိတ်ဝင်စားနေသော ဦးလေးခကို ခဏပေးလိုက်သည်။

"ဟကောင်. . . မင်းဟာက ရှေးဟောင်းပစ္စည်းပဲကွ တန်ဖိုး





ဘယ်သေးလိမ့်မတုန်း. . . ကနုတ်လက်ရာတွေနဲ့ ကျောက်တွေကလည်း ကောင်းမှကောင်းပေ့ပဲ"

"ဟာ. . . ဒီလက်ကိုင်ရိုးမှာ ပတ္တမြားကြီးတစ်လုံး ရှိနေရမှာ. . . ဒါကိုကျွန်တော် ကောင်းကောင်းသတိရတယ်"

ရွှေစွန်ကုပ်ရာသာ ကျန်နေသည် ကျောက်ကမရှိ တဖျတ်ဖျတ် အလင်းတန်းတွေ အာရုံထဲပေါ်လာနေသည်။ လင်းခနဲ ဝင်းခနဲ ပြီးပြက်သွားပြီး ရုပ်ရှင်ကားဟောင်းတစ်ခုလို ဟိုတစ်ကွက် ဒီတစ်ကွက်ပုံရိပ်တွေ ဖျတ်ခနဲဖျတ်ခနဲ ပြန်မြင်လာသည်။

"မျိုးရိုးစဉ်ဆက်ထိန်းသိမ်းလာတဲ့ ဘိုးဝိုင်းအမွေ ကျောက်စီခါးမြှောင်ပဲငါ့မြေး. . မျိုးဆက်သစ် ငါ့မြေးတာဝန်ယူရမယ့် အလှည့်ပဲ"

စကားသံက ပီပီသသရှိနေကြားနေရသော်လည်း ရုပ်ပုံကမပီမသစွန်းထင်းရာတွေနှင့် ဝိုးဝါးထွေးယှက်နေသည်။

"အဘိုး"

သူပါးစပ်က အလိုလိုထွက်ကျလာသော ခေါ်သံဖြစ်သည်။

သူ့လက်မောင်းကို လျှပ်ရမ်းလာထိသည်ကို သတိထားမိသည်။

"မောင်ပန်း. . . မောင်ပန်း. . . မင်း. . . တစ်ခုခုကို ခေါ်လိုက်တာလား အော်လိုက်တာလား. . . ငါကြားလိုက်သလိုပဲ"

ရှုတ်ခြည်းပင် ကနုစိုပင်အောက်က လက်ရှိအခြေအနေဆီ သူ့အာရုံ ပြန်ရောက်လာသည်။ ဦးလေးခ သူ့ကို ကြောင်အမ်းအမ်း ကြည့်နေသည်။ ဦးလေးခ ပေါင်းလာသောသဘက်နှင့် အားလုံးထုပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဘေးဘီကို အကဲခတ်သည်။ မြေပြင်ကို ပြန်ညှိသည်။

ဦးလေးခက ကနစိုပင်ကို လက်အုပ်ချီ၍ တစ်စုံတစ်ရာ ရွတ်ဆိုသည်။ နှစ်ဦးသား ခြေလက်တွေ ဘောနတ်ချောင်းထဲ ဆင်းဆေးသည်။ ပြီးတော့. . . အတွေးကိုယ်စီနှင့် ရွာဆီပြန်ခဲ့ကြသည်။ ဆရာတော်ဆီ ဦးတည်သည့် အသိကိုယ်စီ။

သူတို့နှစ်ဦးလုံး မသိလိုက်သည့် အကြောင်းမှာ. . . ညဥ့်ကကွဲပျောက်၍ မနက်စောစောကတည်းက ကနစိုပင်ပေါ်တက်၍ ကွဲပျောက်ရှာနေသော မြောက်ပိုင်းသား မဲလုံးလေး(အောင်ဘုသား)က ကနစိုပင် အောက်သူတို့ဝင်သည်မှ ထွက်သည်အထိရှိနေ၊ အပေါ်က ကြည့်နေ. . မြင်နေ. . ကြားနေ. . ခဲ့ကြောင်း ဖြစ်ချေသည်တမုံ့။







# အခန်း(၅)

"တောင်ပိုင်းသား မြောက်ပိုင်းသား ကာလသားတွေနဲ့ ရင်းရင်းနှီးနှီးထဲထဲဝင်ဝင် ပေါင်းသင်းချင်ရင်တော့ ညနေဘက် သာဥာဏ်ထန်းတောကိုသွား. . . အဲ့သမှာ တစ်ရွာလုံးက ကာလသားတွေ အားလုံးနီးပါးရှိသကွ"

ဦးလေးခ၏ စကားဖြစ်သည်။

ဆရာတော်ကလည်း သံပင်စို့ရွာ စည်းလုံးရေးနှင့် သံဝင်ရိုးခမ္မာရုံကြီး တည်ဆောက်ရေးအတွက်မို့ အာပတ်လွတ် ဆိတ်ငြိမ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ရှေ့တွင် ဦးလေးခက အကြံပေးခြင်းဖြစ်သည်။ ဆရာတော်က ဘာမှဝင်မပြောသဖြင့် ခွင့်ပြုသည်ဟုပင် သူက ယူဆလိုက်သည်။ ဝန်ခံရလျှင် ထန်းရည်လေးဘာလေးလည်း(ပုထုဇဉ်ပီပီ) သောက်ချင်နေခဲ့ပါသည်။ ဦးလေးခကို အကဲခတ်ကြည့်သောအခါ မသိမသာတံတွေးမျိုပြသည်။ ပါအောင်ခေါ်ဆိုသော မျက်နှာပေး. .

"ဦးလးခလည်း အဖော်လိုက်ခဲ့ပါလား(တစ်ဆက်တည်းပင်) ဆရာတော်ဘုရား. . . ဦးလေးခပါ အဖော်အဖြစ် တပည့်တော် ခေါ်သွားခွင့်ပြုပါဘုရား"

"အိမ်း. . . ကိုယ်ပေါင်းစိတ်ခွာတော့ ရှိပ.လေစေ. . ရှာစည်းလုံးရေးကို နှလုံးသွင်းထားကြပေ့ါ"

ဆရာတော်က တရားဝင်ထန်းရည်သောက်ခွင့် ပေးသဖြင့် ပျော်ရွှင်သွားသော ဦးလေးခမျက်လုံးကို သူဖတ်၍ရပါသည်။ ထိုညနေ ကျောင်းဆင်းပြီး၍ သူ ရေမိုးချိုး အဝတ်အစားလဲပြီးသည်နှင့် ဟင်းပေါင်းပါသော ညဉ့်စာထမင်းခြင်းနှင့် ဦးလေးခ တက်ကြွစွာ ရောက်ရှိလာလေသည်။

ခေါင်းဆေး ဆင်ကြယ်ဖိနပ်တွေဘာတွေနှင့်. . .

"နှစ်ယောက်စာထည့်လာတယ်ကွ. . . အဟဲ. . . ထရေသောက်ပြီးရင် ဝမ်းမီးတောက်တတ်တယ် ဝမ်းထဲကပိုးမျိုးရှစ်ဆယ်ကိုလည်း ဒါနပြုသင့်တယ်လေကွာ. . . ဟဲဟဲ"

"ဝိကာလဘောဇနာဆို ဦးလေးခ. . က"

"သုံခါမေရယျနေမှတော့ အဝိကာလဖြစ်သွားတာ. . မင်းတို့ ခေတ်စကားအရ. . . အော်တိုပဲလေကွာ. . ဟားဟားဟား"





အင်း. . . သူလည်းလေလောကီသားပေမို့ဟုပင် ဆိုရပေသည်။ ပုထုဇဉ်လိုင်စင် ခဏပြန်ရ၍ ပျော်နေပုံက သိသာသည်။

နှစ်ယောက်သား ခြေလှမ်းညီညီပင် ထန်းတောဆီ ချီတက်ခဲ့ကြသည်။ နေလုံးသည် အနောက်ရိုးမပေါ် မေးတင်ရန် တိမ်ထုကို ဖောက်ဆင်းနေ၏။ ညနေရီသည် ရွှေချည်ငွေချည်တွေ ဖျန်းပက်ထား၍ ပန်းချီကားအရှင်လတ်လတ်လို ဝင်းပစွာအသက်ဝင်နေ၏။

တစ်ခေါ်လောက်မှပင် ထန်းတောထဲက ဂီတာတဗျင်းဗျင်းနှင့် သျှောင်ပေစူးသီချင်းသံ ထွက်လာ၏။ ဂီတာဝိုင်းပါ မမျှော်လင့်ပဲရှိနေသဖြင့် သူပိုပျော်သွားသည်။

"ရန်ကုန်က ညှော့သည်တွေ ရောက်နေတယ်ထင်တယ် ဦးလေး"

"ဟေ"

"ဂီတသံကြားရလို့ပြောတာပါ"

"အေး. . . ဟုတ်ပ. . . အဲ့ဒါမြောက်ပိုင်းက ညွှန့်သီးသားဖိုးသဲ သူငယ်ချင်းတွေကွ. . နေ့ခင်းကတည်းက ရောက်နေတာ ငါမြင်ခဲ့တယ်. . . အရမ်းသွားမရောနဲ့. . အဲ့ဒါ မြောက်ပိုင်းအုပ်စု"

"အခြေအနေကြည့်ရသေးတာပေ့ါ. . ဟော. . ဟိုက မြေးထွက်လာတဲ့ စကတ်နဲ့ကောင်မလေး. . ချိုသဲမှုတ်လား၊ ဦးလေးခကို လာကြိုတာထင်တယ်. . ."

"အေးဟ!. . ဒီကိုပြေးလာနေတာပဲ ငါ့တော့ဟုတ်မယ်မထင်ပါဘူး"

ချိုသဲအနားရောက်မှ အရှိန်သပ်၍. . တစ်ခါမှလည်း သူနှင့်



www.burmeseclassic.com

www.burmeseclassic.com



စကားမပြောဖူးသည်ကို အမှတ်ရသွားဟန်. . ခေါင်းကုတ်၊ ဖင်ကုတ် လုပ်ရင်း. . . ထစ်ထစ်အအနှင့်. . .

"ဆ. . ဆရာလေး. . ဟို. . ဟို. . . မြို့က. . လမ်း. . လမ်းသရဲတွေ ရောက်နေတယ်. . . ဆရာလေးကို မေး. . . မေး နေလို့. . . အဲ. . . အဲဒါ ဝမ်းသာပြီး. . . လာ. . . လာ. . . လာ ပြောတာ. . . ဟော. . ဟဲ. . . ဟောဟဲ. . . မောလိုက်တာ"

ဦးလေးခက မသိသားဆိုးရွားစွာပင်. . .

"ဟမလေး မိချိုသဲရယ် နင်ကတော့ဖြစ်ရမယ်. . . ဒါများ မောကြီးပန်းကြီး ပြေးပြောရတယ်လို့၊ နင်အဲ့ဒီက ရပ်စောင့်နေလဲ ငါတို့နင့်ဆီတည့်တည့် လာနေတာပဲဥစ္စာ"

"ဩော်. . . လေးခကလည်း ချိုသဲက. . ချိုသဲက. . . ဝမ်း သာလို့၊ ဆရာလေး မလာစဖူးလာလို့. . . ပီးတော့ ဟိုကလည်း တ မေးထည်းမေးနေတော့. . . ဝမ်းသာလို့. . . အဲ. . . ကြိုပြီးဝမ်းသာ အောင်လာပြောပေးတာ. . . သူများက ဖိနပ်တောင်ကျွတ်အောင် ပြေးလည်းပြောရသေး. . . လေးခ. . . က"

ပြောရင်းမဲ့လာနေ၍. . .

"ဝမ်းသာပါတယ် ချိုသဲလေးရယ်. . . ကျေးဇူးလည်း တင် ပါတယ် ကိုယ်လည်းထရေသောက်ရင်း ဂီတာတီးချင်နေတာမို့. . . ပျော်လည်းပျော်သွားပါတယ်. . . လာ. . . လာ. . သွားစို့"

ခေါင်းလေးကို လက်ဝါးအုပ်၍ ခေါ်ပြောလိုက်မှပင် ပြန် လည်ကြည်လင်ပြီး အတူပါလာသည်။ ဖုန်တောထဲကဖိနပ် ပြန်စွပ် သည်။





"အိမ်စားဖို့ ကြွက်ကြော်တွေကြော်ထားတယ်. . စပယ်ရှယ် ပဲ နီရဲပြီး ရွှနေတာပဲ. . . လေးခကို မကျွေးဘူး"

"နင့်ဆရာလေးကိုတော့ ကျွေးမယ်ပေါ့. . ဟုတ်လား"

"ကျွေးမယ်. . . ကျွေးမယ်. . . ဆရာလေး. . . လေးခကို ပြောင်ပြီးစား. . . မကျွေးနဲ့နော်"

"ဟုတ်ကဲ့ပါ ကျောင်းအစ်မရယ်"

တကယ့်ကလေးဆိုးလေးတစ်ယောက်လိုပင် ဦးလေးခကို လျှာထုတ်၍ ပြောင်ပြရင်း. . သူ့လက်ကို ဖတ်ခနဲ ဆွဲ၍ ထန်းတော ထဲ ဝင်လာခဲ့ကြသည်။ ဝင်ဝင်ချင်းပင် တောင်ပိုင်းသားအုပ်စု ကိုဇွဲ၊ စိန်ထုပ်နှင့်ငထူးတို့က. . .

"ဟ!. . ဆရာလေးကိုပန်း. . .လေးခ. . . ဝမ်းသာလိုက် တာ၊ လာကြဗျာ. . ကျွန်တော်တို့လည်း ခုပဲရောက်တာ. . လာ. . တစ်ခါတည်းဝိုင်းထဲဝင်"

ချိုသဲက သူ့လက်ကို အတင်းဆွဲထားရင်း. . .

"မရပါဘူးရှင် ဆရာလေးကိုညှော်ခံဖို့ ချိုသဲလေးက ဦးထားပါ တယ်. . လေးလေးစိန်ထုပ်တို့ ဦးဇွဲတို့ နောက်မှညှော်ခံ. . . ချိုသဲ အရင်ညှော်ခံခွင့်ပြုကြပါရှင်. . . လာဆရာလေး ငမူးတွေမူးရင် ရစ် တတ်တယ်"

ထတောပိုင်ရှင် သခင်မလေးကို ဘယ်သူမှ မနိုင်ပါ။

တဟဲဟဲ ရယ်ရင်း. . .

"မိချိုသဲ ဆရာလေးက အူရိုင်းနော်. . တို့ဝိုင်းဆီ မ[illegible] [illegible]အောင်တော့ မတိုက်လိုက်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အွန်!. . ရှင်တို့က အခါးတိုက်မှာ ချိုးတိုက်မှာ ပဲလျှော်နဲ့. ချိုသဲက စပယ်ရှယ်ချိုပြင်း တိုက်မှာ. . . စပယ်ရှယ်ကြွက်ကြော်နဲ့ ငါးပုပ်ခြောက်နဲ့. ."

မြောက်ပိုင်းဝိုင်းက ထန်းပင်အောက်တွင်မို့ သူ့ကို မမြင်ကြသေး. . . အရှိန်ကောင်းနေပြီ။ ချိုသဲခေါ်ရာ ထန်းတဲထဲရှိ စားပွဲဆီ ဝင်ထိုင်ကြသည်။

"အဖေရေ. . အထူးညွှန်းသည် အဖေသောက်တဲ့ ငှက်ခါး တောင်ပေး"

"ဟား. . ဆရာလေး. . လေးခလည်းပါသကိုး ရဟန်းကြီးကြိုက်၊ ကပ္ပိယခိုက်ပါ ချပေးမယ်ဗျို့"

ညသို့ဖြင့် ပျော်ရွှင်ဖွယ်ညနေခင်းသည် ချိုချိုပြင်းပြင်းလေး ပွင့်လင်းလာတော့သည်။ ဦးသာဥာဏ်ပါ ဝင်ဝိုင်းသည်။ ထန်းရည်တလည်း အရောအနှောမရှိ၍ ကောင်းလှပါသည်။ ပူနွေးဆဲကြွက်ကြော်ကလည်း လယ်ကြွက်စစ်စစ်တွေမို့ စိတ်ထဲသန့်သည်။ ချိုလှသည်။

သောက်ရင်းစားရင်း ဦးလေးခနှင့် ဦးသာဥာဏ်တို့၏ ရပ်ရေး ရွာရေးသတင်း(အတင်း)တွေကို သူကတော့ နားထောင်သမားသက်သက်ဖြင့်သာနေသည်။ ရွာအခြေအနေ ပိုသိရသည်။

အတော်အတန် တီးနိုင်ဆိုနိုင်နေပြီဖြစ်သော မြောက်ပိုင်းဝိုင်းက ဂီတာသံ၊ သီချင်းသံကိုလည်း အာရုံခံနေမိသည်။ ဟိုးတစ်ခါက သူကြိုးညှိရင်း TIE A YELLOW RIBBON သီချင်း တီးပြခဲ့ဖူးသော ဝဏ္ဏဟန်နှင့်မောင်မောင်ဆန်း တိုးတက်လာကြောင်း. . ဂီတနားက





ခွဲခြားသိနေသည်။

ငါက ဂီတာတီးတတ်တယ်တဲ့လား၊ ငါက ဘာလုပ်တဲ့ ဘာကောင်ပါလိမ့်ဟူသော အတွေးဝင်လာလာချင်း. . သူ ခေါင်းထဲက ထုတ်ပယ်လိုက်ရပြန်သည်။ နီရဲနေသော သံချွန်ကြီး မီးနောက်ပြန်ဆုတ်သွားသည်ကို မြင်နေရသလိုရှိသည်။

ပြီးတော့. . . ညဥ့်ကအိပ်မက်. . ခပ်ဆန်းဆန်းအိပ်မက်က ခေါင်းထဲအလိုလို ပြန်ပေါ်လာနေသည်။ ရောင်စုံရုပ်ရှင်ကားလို ရှင်းရှင်းလင်းလင်း ပြတ်သားလို့. . .

သူ့အဘိုးက မဲရိုးကြီးကို မဲ၍ကိုက်နေသည်။ ချထားသော သျှောင်တစောင်းပင် ပြောင်းဆန်အောင် ခါနေသည်။ ထို့နောက်. . အောင်မြင်သောကိုက်ခြင်း ပြီးမြောက်သွားပုံနှင့် မဲမြောင်ရိုးကို လှမ်းကြည့်သည်။ မဲမြောင်ရိုးက ပတ္တမြားနေရာကွက်လပ်၊ စွန်ကုပ်ငှတ်တုတ်သာကျန်နေ၍ ပြုံးလိုက်သည်။ ပါးစပ်ထဲက ရဲခနဲ အရောင်တွေ တောက်ပလွှာသည်။

ဟာ!. . ဟော. . ပတ္တမြားကို အဘိုး ဂလုခနဲ အသံမြည်အောင်ပင် မျိုချလိုက်ပါပကော။ ဗုဒ္ဓေါ. . . သူ့အမြင်တွင် ပတ္တမြားအာသီးကိုဖြတ်၍ ဝင်သွားသည်ကို လှမ်းမြင်နေရသည်။ ထို့ထက်ဆန်းကျယ်သည်က ရဲစွေးနေသောပတ္တမြား အစာအူကြောင်းတွင်း ဝင်သွားသည်ကို သူရှင်းရှင်းကြီး တိုးလျှိုပေါက် မြင်နေရခြင်းဖြစ်သည်။

ဟော. . . ဟော. . အစာအိမ်ထဲ ရောက်သွားပြီ. . အစာအိမ်အောက်ခြေနားအထိ အိဆင်းသွားသည်။ အဘိုး ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



သောက်ချလိုက်သည်မသိ အစာအိမ်ထဲ အရည်တွေဝင်လာသည်။ နှစ်နေသော ပတ္တမြားကိုကျော်၍ အရည်တွေဖြတ်စီးသွားသည်။

ဟင်!. . . အဘိုးသောက်နေတာ ထန်းရည်တွေပါလား အဘိုးက သူ့ကိုလှမ်းကြည့်ရင်းပြုံးပြသည်။ အလို!. . အဘိုးက. . . ငါ့ ကြီးရုပ်. နဲ့. . . အိုး. . . ငါကိုယ်တိုင်ပါလားလေ. . . ။

"ရော့လေ. . နောက်တစ်ခွက်. . . ဘာလဲ. . တစ်ခွက်တည်းနဲ့ ငေါင်သွားလိုက်တာ အကြာကြီးပဲ. . . မူးနေပလား မောင်ပန်း. . ."

ဦးလေးခ၏ အာသွက်ခရံ အသံပြကြောင့် သူအာရုံ ဝိုင်းထဲပြန်ရောက်လာသည်။ ချိုသဲလေးက ငါးပုပ်ခြောက်ပန်းကန် လာချရင်း ပြုံးတုံ့တုံ့မျက်နှာလေးနှင့် သူ့နံဘေးဝင်ထိုင်သည်။ လေးခနှင့် ဦးသာဥာဏ်လေကြောမိနေလေပြီ။

"ဆရာလေး. . . ငါးပုပ်ခြောက်နဲ့မြည်း. . နည်းနည်းငန်တော့ ထန်းရည်ပိုဝင်တယ်"

"မူးသွားရင် ဘယ်လိုလုပ်မလဲ"

"လှည်းတောက်ပြီး လိုက်ပို့ပေးမှာပေါ့"

"ချိုသဲက လှည်းမောင်းတတ်လို့လား"

"အွန်. . ထယ်တောင်ထိုးတတ်သေးတယ် အဖေက မခိုင်းလို့"

"ဟွန်း. . . ဟွန်း . . . ချိုသဲက တောသူရုပ်လည်း မှုတ်ဘဲနဲ့"

"အလို့!. . . တကယ်ပြောတာလား. . ဟာဟ. . မမသီ





တို့ကို ပြန်ကြွားစရာရပြီ"

သီခနဲဆို ဒုတ်ခနဲ ရင်ခုန်တတ်သော အကျင့်ဇာဂ ဘယ်တန်ခိုးရှင်က မျိုးစေ့ချပေးခဲ့ပါသလဲ။ သူ ချိုသဲကို ဖိုးလမင်းနေရာထားရန် ရည်ရွယ်လိုက်မိသည်။ စ,ပျိုးကြည့်သည်။

"ချိုသဲက သီသီထွေးကို အရမ်းခင်ပုံရတယ်နော်"

"မမသီကိုချိုသဲက ခင်တာမှုတ်ဘူး. . ချစ်တာ. . ချစ်တာ မမသီက သိပ်ချစ်ဖို့ကောင်းတာ"

သူတို့နှစ်ယောက်က စကားဝိုင်းတစ်ဝိုင်းဖြစ်တည်နေတော့၏။ ဦးသာဥာဏ်က စကားပြောဖော် ဝတ်ခဲ့ပုံရသည်။ ဦးလေးခကြားအောင်လည်း ဒေါနှင့်မောနှင့် အော်ပြောနေရသဖြင့် ကောင်းကင်လေမိ နေတော့သည်။ သူတို့နှစ်ယောက်က မြေပြင်လေပြည်ဝိုင်း။

"ညည်းမမသီက တက္ကသိုလ်ပြီးအောင် မတက်တော့ဘူးလားဟင်"

"နောင်နှစ်ခါ အဝေးသင် ဖွင့်မယ်ကြားတယ်တဲ့. . ဖွင့်ရင်ဘွဲ့တော့ရအောင်ယူထားမှတဲ့. . . မင်္ဂလာဆောင်ဖိတ်စာထဲ ထည့်ရိုက်ရင် ခန့်အောင်လားဆိုတော့ ရယ်တယ်လေ"

"သူက မင်္ဂလာဆောင်ဖို့ ရည်ရွယ်ထားတဲ့လူ ရှိလို့လား"

"ဘယ်သိမလဲ. . ရှိလည်း ဘယ်ပြောပါ့မလဲ. . မမသီတအရှက်ကြီးတယ်. . ဘာလဲဆရာလေးက မမသီကိုကြိုက်နေလို့လား"

"ဟာ. . . ဒီကောင်မလေး"

တည့်တည့်ကြီးဝင်လာသဖြင့် ဒီကောင်မလေးဆိုပြီး စကား



www.burmeseclassic.com

www.burmeseclassic.com



က ထိုးရပ်နေသည်။ ဘာဆက်ပြောရမှန်းမသိ။

"ဆက်ပြောလေ ဒီကောင်မလေး. . . ဘာဖြစ်လဲ ဗိုက်ထဲ ပုလ္လင်္ကာလေးရှိတယ်လို့ ပြောမလို့မှတ်လား!"

"ကြံကြီးစည်ရာဟာ"

"ဘာလဲ ကြံကြီးစည်ရာဆိုတာ မကြံကောင်း မစည်ကောင်း သောအရာလို့ ပြောမလို့ဟုတ်လား. . လူပျိုက အပျိုကိုကြံတာ ကြံကောင်းတာပါပဲဟာ. . . ဘာလဲ. . . ဆရာလေးမှာ မိန်းမရှိလား"

"တို့ရုပ်က လူအို ကလေးအဖေရုပ် ပေါက်နေလို့လားဟာ"

"ပေါက်ပါဘူး လမ်းသရဲရုပ်ပဲ ပေါက်ချင်ပေါက်မှာ"

ရေစက်ခန်းထဲက သူကြားခဲ့သော စကားဝိုင်းဆီ စကားဦးက လည်ထွက်သွားဦးတော့မည်။

"လမ်းသရဲဆိုတာကို ချိုသဲက မြင်ဖူးလို့လား!"

"မြင်ဖူးပါဘူး မမမာကတော့ မြင်ဖူးတယ်တဲ့ ကြောက်စရာ မကောင်းဘူးတဲ့. . . ချစ်စရာကောင်းတယ်တဲ့. . အဟ!"

"ညည်းမမသီကကော. . . အဲ့ဒီစကားကိုလက်ခံသလား"

"အွန်!. . . ဘယ်သိမလဲ. . အဲ့ဒီ စကားပြောနေတုန်းက မမသီတို့က စာသင်ကျောင်းမှာ ညောင်ရေအိုးသွားယူနေတယ်လေ အို. . ဆရာလေး စက်ခန်းထဲက အကုန်ကြားနေရက်သားနဲ့"

"တို့က အလုပ်ထဲအာရုံရောက်နေရင် ဘာမှမကြားဘူး"

"ဒါဆိုတော်သေးတယ် ချိုသဲတို့တစ်အုပ်လုံး အဲ့ဒီကိစ္စ ဆရာလေးကို ရှိန်ပြီး ရှောင်နေကြတာ. . . မရှိဘူးထင်ပြီး ဘာသောက်တင်းတွေ အုပ်ခဲ့မိကြမှန်းမသိဘူး. . ဒါလဲပြန်ပြောရမယ်. . ဟာဟ





ဆရာလေးဘာမှ မကြားလိုက်ဘူးဆိုတာ"

ထိုစဉ် ဦးလေးခနှင့် ဦးသာဉာဏ်၏ အမေရိကန် ဗီယက်နမ် စစ်ပွဲက သူတို့စကားဝိုင်းဘက် ဝဲလာသည်။ မဲတင်းခြင်းဖြစ်၏။

"မောင်ပန်းရေ. . သာဉာဏ်က အင်အားကြီး အမေရိကန် ပဲနိုင်မယ် လုပ်နေတယ်. . ဝင်ပြောဦး. . ဒီမယ် သာဉာဏ် ဗီယက်နမ်ပြည်သူတွေဟာ ကမ္ဘာကျော်သူရဲကောင်းတွေချည်းပဲကွ. . မိန်းမတွေတောင် ကလေးကျောမှာပိုးချည်ပြီး ကောက်စိုက်နေကြတာ အမေရိကန်လေယာဉ် နိမ့်နိမ့်များ ပျံလာလို့ကတော့ ကန်သင်းဘေးက သေနတ်ပြေးဆွဲပြီး ဒိုင်းခနဲဆို မင့်လေယာဉ် အုန်းခနဲပဲ။ သူကတော့. . . ဆက်ပြီးကောက်စိုက်မြဲပဲ. . .။

"ဟ!. . လေးခရ ဗီယက်နမ်က ကောက်စိုက်သမဆိုတာ အဲ့လိုလား"

"ဒါကြောင့်ငါပြောတာပေါ့ သာဉာဏ်ရ အမေရိကန်က ကျူးကျော်တဲ့ကောင် ဟိုက သူ့မြေကိုသူ ကာကွယ်တဲ့ပြည်သူ. . ဘယ်သူမတရားတာလဲ. . . တရားသောသူ. . . တရားသောစစ်"

လေက ဟိုအပေါ်ပြန်တက်သွားကြပြန်သည်မို့ သူက မရုတ်မလွှန်လေး ချိုသဲကို ကပ်မေး၏။

"ချိုသဲ. . . ညည်းမမသီနဲ့တို့ကို သဘောတူလားဟင်"

ကလေးမက ထရယ်သည်။ လူလည်မလေးဖြစ်မှန်း. . . သိစေသည့် စကားက. . .

"ဟား. . ဟား. . မေးပုံက လမ်းသရဲပညာတတ် ဆန်တယ် ဟား. . . ဟား. . . ဟား. . . လူမေးမှားနေပြီ ဆရာရေ. . အဲ့. .



www.burmeseclassic.com

www.burmeseclassic.com



လူများနေပြီ. . အဲ့ဒီစကားက ဒေါ်အာပြုမြသီကို သွားမေးရမှာ. . ဟားဟား. . . မမသီကိုကြိုက်လား မေးတုန်းကတော့ ဟိုလိုလိုဒီလိုလိုနဲ့. . ဟား. . ဟား. . ဟတ်. . . ဟတ်. . . ရယ်ရတယ်ဟေ့”

ထိုစဉ်. . . ဖိုးသဲနှင့်ဝဏ္ဏာဟန် တဲဝ၌ပေါ်လာ၏၊ ဝဏ္ဏာဟန်က ဝမ်းသာအားရ. . .

“ဟာ!. . ဆရာပန်း. . . ကြည့်စမ်းဗျာ ခုပဲပြောနေတာ ဖိုးသဲ သွားခေါ်ရအောင်လို့. . ”

“ဟုတ်တယ် အစ်ကိုပန်း. . . လာဗျာ ကျွန်တော်တို့ဝိုင်း. . ချိုသဲ တို့ဝိုင်းကို နောက်တစ်အိုး. . . အိုးကြီးနဲ့”

သူက ချိုသဲခွင့်ပြုမိန့်ကို လှမ်းကြည့်သည်။

ချိုသဲကလည်း နားထောင်ချင်နေသူမို့. . .

“နင်တို့မူးပြီးမယစ်နဲ့. . ဝိုင်းမအော်နဲ့. . ဆရာလေး ဆိုတာ တီးတာ အေးဆေးနားထောင်မယ်ဆိုရင် ငါပါလိုက်ခဲ့မယ်. . ဒီထရေထပ်မှာတာကို ငါ ပလဲစင့်ပေးမယ်”

“ဟေး!. . ဒါမှ တို့ချိုသဲလေး. . . ငါ့ညီမလေး”

ဝိုင်းတူးရုန်းအထဲ၌ ကိုစိန်ထုပ်နှင့်ဇဂွဲက လာရပ်သည်။ ဇဂွဲက ဖိုးသဲပုခုံးကိုပုတ်၍ လက်တင်ရင်း. . .

“ဟေ့ကောင်ဖိုးသဲ. . ညီထွေးလေး. . ဒါ. . တို့တောင်ဝိုင်းသားကွ. . . ဒီဝိုင်းပြီးရင် တို့ဝိုင်းကိုကူးဖို့ အစောထဲက ပြောပြီး စလစ်ဖြစ်နေပြီ. . မင်းတို့လစ်တော့ မြောက်ဝိုင်းကို”

မြောက်ဝိုင်းဟု တမင်ပြောသလိုဖြစ်နေ၍ ဖိုးသဲက ဇဂွဲလက်ကို ပုတ်ချသည်။ သူဝင်မှုဖြစ်တော့မည်။





“ကျွန်တော့်သဘောထားကို အရင်ပြောပါရစေဦး နောင်တော်တို့ ညီလေးတို့၊ ကျွန်တော် တစ်ခါတလေ ထရေလာသောက်တယ် ဂီတာတီးပြီး အားလုံးပျော်အောင် ဖျော်ဖြေချင်တယ်. . ကျွန်တော်က. . ဘဝပျောက်နေတဲ့ ရွာပျောက်နေသူပါဗျာ. .

ခင်ဗျားတို့အားလုံးဟာ ကျွန်တော့်ဘဝပါ ကျွန်တော့်ရွာပါ တောင်ဝိုင်းမြောက်ဝိုင်း ကျွန်တော့်ရင်ထဲမှာ မရှိပါဘူး. . တောင်ဝိုင်းမြောက်ဝိုင်း ခဏခဏရန်ဖြစ်နေကြတာလည်း ကျွန်တော် မကြိုက်ဘူး. . . အပန်းဖြေတဲ့ ဒီနယ်မြေမှာ ပျော်ပျော်ရွှင်ရွှင်ပဲ အားလုံးဆိုကြတီးကြက,ကြတာ မကောင်းဘူးလားဗျာ. . တစ်ရွာတည်းနေ တစ်ရေတည်းသောက်တွေပဲ ချစ်ချစ်ခင်ခင်ပေါ့. . . ကျွန်တော် ပြောတာဟုတ်ပါသလား”

“ဟုတ်တယ်”

“ဟုတ်တယ်”

“ကဲ. . . နေဝင်ပြီ မီးပုံပွဲပါလုပ်ကြမယ်. . အားလုံးတစ်ဝိုင်းတည်း. . . ဘယ်လိုလဲ”

“ကောင်းတယ်. . . ဟေ့”

“ဖျောင်း!. . ဖျောင်း!. . ဖျောင်း!. . ဖျောင်း!”

သူ၏ပထမဆုံး စည်းရုံးရေးအောင်မြင်သည်။

မြေကွက်ကျယ်ကျယ် ထန်းပင်တွေအလယ်၌ မီးပုံကြီးတည်းထလာသည်။ စုပေါင်းဝိုင်းပတ်ထိုင်ကြသည်။ ဦးသာဉာဏ်ကလည်း စဥ့်အိုးပါ အတူဝိုင်းမ၍ ချပေးထားသည်။ ကိုအောင်ဘုနှင့် ကိုညွန့်သီးပါရောက်လာသည်။ ဗူးသီးကြက်သားဟာလသား



www.burmeseclassic.com

www.burmeseclassic.com



ဟင်းပါချက်တော့သည်။ ဆိုကြ၊ တီးကြ၊ သောက်ကြ၊ စားကြ၊ ကချင်သူတိုင်း စည်းလွတ်ဝါးလွတ်ထကကြသည်။ ပျော်ကြသည်။

*"မီးပုံပွဲမှာ စုကာဝေးကာ အပေါင်းအဖော်များနဲ့ ပျော်စရာကွယ်xxxxလှကညာဂမုန်းရယ် ညှသလိုပြုံးတယ် ရှုလို့မဆုံးအောင် ပင်ကိုယ်ကြွယ်xxxxမောင်အသည်းထဲဝယ် ထာဝစဉ် အမြဲပဲကွယ် ပစ်ခွာမပြေးနဲ့ မောင့်မှာတော့ကွယ်xxxxနှစ်ယောက်အတူ နေချင်တယ်xxxx"*

သံပင်စို့ရွာပေါ် လင်းနေကျလမင်းသည် ထိုညဉ့်က မီးဝင်းဝင်းတလင်းကို စင်းစင်းကြီးငုံ့ကြည့်နေခဲ့ရလေသည်။ မှောက်သူကမှောက်လို့။

သမာဒေဝ နတ်ကောင်းနတ်မြတ်များ၏ စောင်မမှုလား မာရ်နတ်၏ ကျီစယ်နှောက်ပြောင်မှုလား ခွဲခြားမသိနိုင်သော အဖြစ်အပျက်တစ်ခု ထိုညဉ့်က ဖြစ်ပျက်ခဲ့လေသည်။ မီးပုံပွဲသိမ်းတော့ သတာဝင်သွားပြီဖြစ်သည်။ ထိန်းထိန်းသိမ်းသိမ်းသောက်၍ သူကမူးသော်လည်း ဦးလေးခက ခြေလှမ်းမမှန်တော့ပြီ။

လိုက်ပို့ပါမည် ပြောနေသည့်ကြားက နှစ်ယောက်သားချည်း အပြန် ပြောင်းတောအစပ်၌. . . ဦးလေးခကို ရှုးတည်နေစဉ်. . .

"နှစ်ယောက်အတူနေချင်ဦးကွာ"

"ခွပ်!. . "

ရိုပ်ခနဲ မြင်၍ သူက ငုံ့အရှောင်တွင် ဒဏ်ရာဟောင်းကိုရှပ်ထိသွားသည်။

ချောင်းရိုက်သူက ပြောင်းတောထဲ ဝင်ပြေးပျောက်ကွယ်





သွားသည်။ ဦးလေးခက ရှုးတန်းလန်းနှင့် ပြေးလိုက်သေးသည်။ သူက အတင်းလိုက်ဆွဲ၍ နှစ်ယောက်လုံး လုံးထွေးလဲကျ နံစော်ပေပွတုန်သည်။ ခေါင်းက ပူခနဲသာ၊ ရှပ်ထိ၍မကွဲပါ၊ သွေးလည်းမထွက်ပါ။ အလင်းတွေ အကွင်းလိုက်ပေါ်လာပြီး. . .

"ဟာ!. . ဦးလေးခ. . ကျွန်တော်အရေးကြီးတာတစ်ခု သတိရလာပြီ. . . ဟာ!. . ရိုက်ပြေးတဲ့ကောင်ကို ကျေးဇူးတင်လိုက်တာဗျာ"

"ဘာကွ. . . ဘာပြောတာလဲ!"

"ဟိုရောက်မှပြောပြမယ်. . လာ. . လာ. . ဟာ နံလိုက်တာဗျာ"


"အော်ဒီကလုံး သောက်လာတာမှ မှတ်တာကွာ. . . သုရာ ခမေဒယျလာတာပဲ. . . ဟဲ"

"ယောက္ခမကြီးက မျက်နှာချိုတယ်. . ကိုယ့်အယားလေးဘာ စေတနာပိုတယ်."

ဦးလေးခ အသံပြဲကြီးကို မကျိန်းဘဲစောင့်နေသော ဆရာတော်ကြားကြောင်း နောက်နေ့မှသိရလေသည်။

ဩော်. . အောင်မြင်စွာအရိုက်ခံရသောည။

www.burmeseclassic.com






# အခန်း(၆)

နောက်နေ့သည် အဖိတ်နေ့ဖြစ်၍ ကျောင်း ...သည်။ သူ ခြေကန်၍ အိပ်နေမိသည်။ သူအိပ်နေ၍ မသိလိုက် ... အဖြစ်အပျက်တစ်ခုလည်း ဖြစ်ပျက်ခဲ့လေသည်။

ထန်းရည်သည် အိပ်ရာကနိုးလျှင် ရေငတ်သောသဘော ...ည့်အပြင်. . . ဦးလေးခသည် တုံးမောင်းခေါက်လျှင် နိုးနေကျ ...ဖြစ်သမို့ အစောကြီး နိုးလာသောဟူ၏။ အာခေါင်တွေ ခြောက် ...င် ရေငတ်နေ၏။ သောက်ရေအိုးက ဘယ်လိုဖြစ်သည်မသိ ...နေ၏။ ရေတိုင်ကီထဲတွင်လည်း ရေကမရှိ။ အရင်က ...ရှိခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော အရက်သမားလူထွက် ဦးလေးခသည် မောနင်းပက်နှင့် ဖြေရမည်ကို သတိရလာ၏။ ခြေဦးက သာညာဏ်ထန်းတောဘက် ဦးတည်သွားတော့သည်။

လမ်းလျှောက်ရင်း သူ့တစ်ကိုယ်လုံး သေးစော်နံနေသည်ကိုတွေ့ရှိရ၏။ ပြောင်းခင်းစပ်အရောက်တွင် သူ့တစ်ကိုယ်လုံးနံစော်နေသော အကြောင်းရင်းကို သတိရလာ၏။ ညဥ့်က သူ့သီချင်းလေးညည်း၍ အခင်းလေးသွားနေစဉ် အောင်ပန်းလို လူလိမ္မာလေးကိုဝင်ရိုက်သော ငမိုက်သားကြောင့် ဖြစ်ရခြင်းဖြစ်ကြောင်း သုံးသပ်ဆုံးဖြတ်မိလာ၏။ ငါပါတာတောင် မောင်အောင်ပန်းလို သူတော်ကောင်းလေး အရိုက်ခံရတယ်။ ဒါဟာ ငါ့ကိုပါ စော်ကားတာပဲဟူသော ဇာတိပုညဂုဏ်မာနကလည်း ငေါက်ခနဲ ဦးထောင်ထ,လာ၏။

'ကပ္ပိယ ခေရယ်. . . နင်ပါနေရက်သားနဲ့ ငါ့သားတော်ခံလာရသလားဟ' ဆိုလာမည့်. . ဆရာတော်၏ ဒေါသကိုလည်းကြောက်ရသေးသည်လေ။ တွေ့မယ်. . . မိမဆုံးမ ဖမဆုံးမကောင်သို့မြှင့်. . ဦးသာညာဏ်ထန်းတောသို့ ရောက်လာ၏။

သောညာဏ်ကို အတင်းနှိုးရ၏။

"ညဥ့်တအတုန်ပဲလေ. . လေးခရ. . ဒီမနက်ရည်က တက်တောင်မတက်ရသေးဘူး" တဲ့။

မထူးတော့ပြီ ဒေါ်ချက်စူ၏ အရက်ဖိုကို ရောက်လာ၏။ တစ်လုံးမှာ၏ တစ်ပိုင်းသောက်၏ ကျန်တစ်ပိုင်းခါးထိုး၍ ရွာမိုးလျှောက် မိုးသောက်အဆဲခန်းနှင့် ချဲလင့်ခန်း ဖွင့်တော့၏။

နောက်ဆုံး. . . သူကြီးလူမောင်းအိမ်ရှေ့ ရောက်လာ၏။





ဒိနပ်ခါးထိုးနှင့်(ထိုခေတ်က ကျေးရွာကောင်စီလူကြီးကိုလည်း သူကြီးဘုပင် ခေါ်ကြ၏။)

"ဟော့ကောင် လူကြီးလုပ်စားနေတဲ့သူကြီး. . ကောင်. . . တံခါးဖွင့်စမ်း. . ငါအမှုဖွင့်မလို့လာတာကွ. . ငါ. . မင်းအစ်ကိုမောင်ခ. . ထောင်ကျဖူးတာ မင်းသိသနော် ထောင်ထွက်မောင်ခကွဘုမိုက်ဆို. . တစ်ကောင်မှ မထားဘူး ရွာနာတယ်. . အရပ်ကတို့ဆံပင်စို့ပြည်သူတို့. . . ငတို့ရွာကို အကျိုးပြုနေတဲ့ ဆရာလေး. . ကိုအောင်ပန်း သာညာဏ်ထတောက အပြန်မှာ. . အမှောင်ထဲကချောင်းရိုက်သွားတယ်. . ဘယ်ကောင်လဲ. . သတ္တိရှိရင်. . တစ်ယောက်ကြေး. . မျက်နှာချင်းဆိုင်ပါလား. . အဲဒီ မိန်းမဉာဏ်နဲ့ဆလဲထဘီဝတ်ဖို့ကောင်းတဲ့ကောင်. . ဘယ်ကောင်လဲ. . ထွက်ခဲ့ဟေ့ထောင်ထွက်ခေလက်သီးက အသက်ကြီးပေမယ့် မပျက်စီးသေးဘူးဘူး. . လာ. . ခုထွက်ခဲ့. . . ဟော့ကောင် ငါ့ညီအငယ်ဆုံး လူမောင်းမင်းမှာတာဝန်ရှိတယ်. . . မင်းအဲဒီကောင်ကို တွေ့အောင်ရှာပေးတွေ့ရင်. . . မင်းနဲ့ငါနဲ့ တွေ့မယ်. . . "

"ခွမ်း!"

ကုန်နေသောပုလင်းကို ခြံခတ်တန်းနှင့်ရိုက်ခွဲ၍ ပွဲကြမ်းတော့သည်။ အောင်ဘုနှင့်ဒေါ်လွန်း ထွက်လာပြီး ချော့မော့၍ချောက်ထပ်တိုက်ရသည်။ နောက်ဖေးစပါးကျီထဲလဲမှပဲ ပွဲက ပြီးသွားတော့၏။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ဆရာလေး. . . ဆရာလေး ထပါဦး. . တဲခြေရင်းထ
ပွင့်နေတယ် နောက်ဖေးတဲတံခါးလည်း ပွင့်လျက်သားကြီးနဲ့. . .
ဆရာလေး အင်္ကျီအဝတ်အစားတွေလည်း ပွပြနေတာပဲ"

"ဟေ. . . သံခဲ. . . ဘာတွေဖြစ်ကုန်တာလဲဟ"

အိမ်ရှေ့ကွပ်ပျစ်နှင့် ခြံထဲမှာလည်း နည်းတဲ့လူအုပ် မဟုတ်
ပါလား။ တဲနံရံတ အထဲကို တိုးဝင်ထားသလို ပေါက်ပြနေသည်။
ရေအိုးကွဲပြီး တစ်တဲလုံးပွစာကြနေသည်။

"ဟင်. . ဦးလေးခကောဟ. . ညဥ့်က သူ ဒီဘုရားစင်ရှေ့
အိပ်တာလေ. . . ဟိုကလူတွေကကော ဘာလာလုပ်ကြတာလဲ"

ဦးစံရပါ ကွပ်ပျစ်တွင် ငုတ်တုတ်ထိုင်၍ ရွာသားအချို့နှ
ဆွေးနွေးနေသည်ကို တွေ့ရသည်။ မျက်နှာမသစ်အားဘဲ သူခ
ကပ်သွားသောအခါ. . .





"ဆရာလေး ညဥ့်ကအရိုက်ခံရတယ်ဆိုလို့ စိတ်ပူပြီး ရောက်
လာကြတာ"

"ဘယ်သူပြောတာလဲ"

"ဦးလေးခပေါ့. . . သူကတော်တော်မခံချင်လို့ တစ်ရွာလုံး
ပတ်ဆဲပုံရတယ်လေ"

"ဟာ. . . သွားရောကွာ. . . ကျွန်တော်ဘာမှမဖြစ်ပါဘူး
ဦးလေးစံရရယ်. . . အဆင်တောင်ပြေသွားသေးတယ်"

"ဘာအဆင်ပြေတာလဲ မောင်အောင်ပန်းရဲ့"

"အဲ. . . ဘာမှမှုတ်ပါဘူး. . . နည်းနည်းဖူးရုံလေးမို့ပါ"

သူသတိပြန်ရသည့် အကြောင်းတစ်ခုကိုတော့ လူအုပ်ကြား
မောင်းထု၍မဖြစ်ချေ။

"ကိုပန်းအောင် အိမ်ကိုလည်း ညဥ့်ကသူခိုးကပ်ပုံရတယ်
ကျုပ်တို့ရွာ ဒါမျိုးတစ်ခါမှ မဖြစ်ဖူးဘူး. . ကျုပ်အိမ်တောင် တံခါးဖွင့်
အိပ်နေကျပဲ ဂုန်နီအိတ်ချုပ်တဲ့ အပ်တိုတစ်ချောင်းတောင် ပျောက်ဖူး
တယ်မရှိဘူး. . . ဘာမှမရှိရှာတဲ့အိမ် သူခိုးကပ်ရတယ်လို့"

သူဆက်စပ်၍ တွေးကြည့်သည်အခါ ဦးလေးခ ပတ်ဆဲရင်း
စကားလုံးတွေ ဖေါင်းပွနိုင်ကြောင်း မြင်လာသည်။

"နေပါဦး ဦးလေး. . . ကပ္ပိယကြီး ဒီမနက်ပတ်ဆဲရင်း ဘာ
တွေပြောသေးလဲ. . . ဟင်"

"အထူးသတင်းလို ဖြစ်သွားတာတော့ရှိတယ် မောင်ပန်းရဲ့
မောင်ပန်းဟာ သူတော်ကောင်းလေးတဲ့ ဘုရားဒကာကျောင်းဒကာ
ရေ့ရာရုံဒကာလေးတဲ့. . . ဘုန်းကြီးက ဘယ်သူ့မှ မပြောနဲ့ဦးဆိုလို့



www.burmeseclassic.com

www.burmeseclassic.com



မပြောတာတဲ့. . . ဝတ္တုကံမြေပေါ်မှာ သံပင်စို့ မှော်ရုံကြီး ဟည်းနေအောင်ဆောက်ဖို့ ငွေတစ်သိန်းလှူထားတယ်တဲ့. . . ရွာအကျိုးသာသနာ့အကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးနေတဲ့ ရွာကျေးဇူးရှင် သူတော်ကောင်းကို ခေါင်းရိုက်ခွဲတာ ဘယ်ကောင်လဲတဲ့. . ."

"ဟား. . သွားရောပဲ"

"ဒါဆို. . . ဦးခပြောတာ သတင်းမှားကြီးပေါ့. . မောင်ပန်းတစ်သိန်းလှူတာ မဟုတ်ဘူးပေါ့"

"သတင်းမမှားပါဘူး ဆရာတော့်ကိုသုံးချင်တာသုံးဖို့ လှူဖို့အပ်တာပါ. . . ဆရာတော်က သူအမိကရည်ရွယ်တဲ့ စုပေါင်း သံပင်စို့မှော်ရုံဆောက်ဖို့ မ,တည်ငွေ ထည့်ဝင်လှူဒါန်း လိုက်တာပါခင်ဗျာ"

(ထိုစဉ်က ရွှေတစ်ကျပ်သား ထောင်ဂဏန်းသာရှိသေးသဖြင့် ကျပ်ငွေတစ်သိန်းဆိုသော ငွေအင်အားကို ကာလတန်ဖိုးဖြင့် ထောက်ထားမြှောက်စား ကြည့်နိုင်ကြပါသည်။ ။ စာရေးသူ)

ကိုစိန်ထုပ်က သူ့ဒေးဦးစံရနောက်နား ကပ်ထိုင်နေသဖြင့် ဝမ်းခေါင်းသံကြီးနှင့် အထူးသတင်းကိုအတည်ပြု ထ,အော်သည်။

"ကြားကြားသမျှ ဝေနေယျအပေါင်းတို့ရေ. . ဟုတ်သဟေ့ ကျောင်းဆရာလေး ကိုပန်းအောင် မှော်ရုံအတွက် ငွေတစ်သိန်းကြီး များတောင်လှူတာ ဟုတ်တယ်တဲ့ဟေ့. . တို့ဆရာလေး ကျန်းမာ. . ထိပေါက်၊ နိဗ္ဗာန်မင်္ဂဖိုသို့ ရက်တိုတိုနဲ့ရောက်. . ပါ. . . စေ. . . သ. . . တည်း. . . ."

"သာဓု. . . သာဓု. . . သာဓု. . ဟု. . . ဟု"

သာဓုသံတွေ လျှံတက်ပြီး ပြန်ငြိမ်သွားသောအခါ. . .





မေးသံက ထွက်ပေါ်လာ၏။

"တို့တောင်ပိုင်းမှော်ရုံကို လှူတာလားဟေ့"

"စုပေါင်းသံပင်စို့ မှော်ရုံပါဆို မင်းကလည်း"

ဆရာတော်မောင်းထုခေါ်လို့ ကနစိုပင်အောက်က ငါတို့သွားထမ်းလာတာပဲ ခြေဗလာ၊ လက်ဗလာ အိတ်ဗလာပါ။ ဘယ်ကနေ ဒီလောက်ပိုက်ဆံတွေ ရတာလဲဟူသော တီးတိုးစကားများလည်း မျက်ခင်းပြင်ထဲ ပြန့်ကြနေရော့မည်။

သိုက်ကလာတာလေ. . . သျှောင်တစောင်းနဲ့ မတွေ့ဘူးလား ဘိုးတော်ဘုရားဝင်စားတာလို့ ပြောကြတာမှန်နေပြီ ဥပမိရုပ်ကနန်းရုပ်ပေါက်နေတာပဲဟာ ဆိုတာလည်း ရှိနေသည်။

သူက တောင်းတောင်းပန်ပန်. . .

"ဦးလေးစံရ. . အားလုံးပြန်ခေါ်သွားပါဗျာ ဒုက္ခပဲ ဦးလေးခသည်းပျောက်နေတယ်၊ ဆရာတော်သိရင် နှစ်ယောက်စလုံး ကြိမ်လုံးစာ မိတော့မယ်"

"တောင်ပိုင်းသားတွေရော၊ မြောက်ပိုင်းသားအုပ်စုကပါ ညဉ့်ကရိုက်တာ သူတို့မဟုတ်ကြောင်း. . . အလီဘိုင်ဆိုလား သက်သေပြနိုင်တယ်တဲ့. . . ညဉ့်ကသူတို့ ထူတောင်မထူနိုင်တာ အားလုံးအသိပဲတဲ့. . . မြောက်ပိုင်းက အောင်ဘုတို့ညွှန့်သီးတို့ပါ မြဲပြင်မှာ နှိုးတယ်"

"အားလုံးကိုပဲကျေးဇူးတင်ပါတယ်. . . ကျွန်တော်လည်း သာမှမဖြစ်တဲ့အတွက် ညဉ့်ကချောင်းရိုက်တဲ့ လူကိုလည်း ခွင့်လွှတ်တယ်လို့ပြောပေးကြပါ. . . တစ်ဆင့်စကား ကြားပါစေ. . . စိတ်မှ



www.burmeseclassic.com

www.burmeseclassic.com



ပြီး လာဖော်ရတဲ့ တစ်ရွာလုံးကို ကျွန်တော် ကုသိုလ်မျှဝေကြောင်း လည်းပြောပေးပါ။ ဦးလေးစံရနဲ့ အစ်ကိုစိန်ထုပ်ရာ. . လောလော ဆယ် လှူစုခဲ့ပေးပါ"

ဒူးတုတ်လက်အုပ်ချီမှ လှူစုကွဲသွားကြလေသည်။

သံခဲခပ်ထည့်ပေးခဲ့သောရေကို တဝချိုးမှ လန်းဆန်းသွားသည်။ အဝတ်လဲသည်။ လိုအပ်သလို အိမ်ကိုသိမ်းဆည်းရသည်။

မနက်စာ စားနေစဉ်. . .

"ဆရာလေး. . . ဝင်ခဲ့မယ်နော်"

သူလှမ်းကြည့်လိုက်သောအခါ. . ဒုတ်ခနဲ ဖြစ်ရပြန်သည်။ အိမ်ရှေ့ခြံဝတွင် ချိုသဲလေးနှင့် သီသီထွေး မတ်တတ်လေး ရပ်နေသည်။ ချိုသဲလက်ထဲတွင် ကြွေရည်သုတ်သုံးဆင့်ချိုင့်လေး ကိုင်ထားသည်။

"ဝင်ပါခင်ဗျာ"

သူကွပ်ပျစ်တွင် ဖျာထ,ခင်းသည်။ သူ၏ပျာပျာသလဲဖြစ်နေပုံကိုကြည့်၍ ချိုသဲက ပြုံးတုံ့တုံ့လုပ်နေသည်။

"ထိုင်ပါ. . . ထိုင်ကြပါ"

"ချိုသဲကတော့ လူနာလာမေးတာပါ. . ကျွေးမွေးပြုစုမယ့်သူကို ဝင်ခေါ်မိလျက်သား ဖြစ်သွားတာလေ. . . အဟိ"

"ကြည့်. . ဒီကောင်မလေး ဘာမှန်းလဲမသိဘူး. . ချိုသဲအလာနဲ့. . အိမ်မှာမုန့်ဟင်းခါးချက်လို့ မေမေကပို့ခိုင်းတာနဲ့ ကြုံတာပါ ကိုအောင်ပန်း၊ အဖော်လည်းရှိတုန်း. . ဒဏ်ရာလည်း ကြည့်ရင်း. . လာလည်ဖူးတယ်လည်းရှိအောင်ပါရှင်"





မေမေကပို့ခိုင်းလို့ဆိုသောစကားက. . စိတ်ဝင်စားဖွယ်ကောင်းနေ၏။ အမေကြောက်ရလွန်းသူမို့ အမေခွင့်ပြုချက်ရပြီ ဖြစ်ကြောင်း ကောင်းသတင်းလာပို့ခြင်းပေလား။ ယခင်က မေးထူးခေါ်ပြော အဆင့်သာရှိခဲ့သည်ကို အမှတ်ထင်ထင်ဖြစ်ရသည်။

"ကျွန်တော့်အိမ်ကတော့မြင်တဲ့အတိုင်းပဲ ဧည့်ခံစရာက စကားပဲရှိတယ်. . အင်း. . အဲ့ဒီစကားတောင်မှ ခပ်ရှားရှားရယ်. ."

"ခုမှရှားနေ. . မနေ့ကတော့ မမသီအကြောင်းပြောလိုက်တာဖေါင်ရေး"

နှစ်ယောက်စလုံး ချိုသဲစကားကို မကြားသလိုတမင် လမ်းလွှဲနေရသည်။ တစ်ပြိုင်နက်ပင်ဆိုမိကြသည်။

"စားပြီးပလား"

"ဘာစားနေတာလဲ!"

"ဟာဟ. . လုပြောမနေကြပါနဲ့ ချိုသဲဝင်မရှုပ်တော့ပါဘူး တစ်ယောက်တစ်လှည့် ပြောနိုင်ပါပြီတဲ့ရှင်"

"ဒဏ်ရာကများသလားဟင်"

"ရှပ်ထိသွားတာပါ. . . ဘာမှမဖြစ်ပါဘူးခင်ဗျ"

ချိုသဲက ဝိုင်းမှထသွားပြီး. . . မုန့်ဟင်းခါးပြင်ဆင်ရန် လုပ်ရင်း ရှောင်ပေးသည်။

"တကယ်စိတ်ပူသွားလားဟင်"

"ပူတာပေါ့ ကိုယ့်တူလေးတွေရဲ့ဆရာပဲရှင်၊ ကိုအောင်ပန်းကို ရန်လုပ်မယ့်သူ ရှိနေတာကို သိအံ့ဩတာပါ. . . ဒီရွာမှာရန်မြင်ဖူးလား!"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဖူးပါဘူးဗျာ. . . ကိုယ့်ကိုမုန်းနေတဲ့သူက ဂျီမပါနိုင်သလို ကိုယ့်ကိုချစ်နေသူကလည်း ရင်ဘတ်မှာမှန်အကြည် တပ်တဲ့ပြတင်းပေါက် ပါနိုင်တာမှ မှုတ်တာ"

"ဟင်း. . ဟင်း. . ကဗျာဆန်သားပဲ"

"စောစောက သီထွေးစကားထဲမှာ ကိုယ့်တူလေးတွေရဲ့ ဆရာမို့ စိတ်ပူတယ်ဆိုရင်. . နောင်နောင်တို့ညီအစ်ကို လေးတန်းအောင်သွားရင် စိတ်မပူတော့ဘူးဆိုတဲ့သဘောလား"

"မဟုတ်ပါဘူးရှင်. . တစ်ရွာသားချည့်သည်ပဲ အိမ်ရှင်မှာ တာဝန်ရှိပါတယ်"

"ကျွန်တော်က. . . ဘယ်ရွာဘယ်သောင်က မျောလာမှန်းမသိတဲ့ လမ်းသရဲကောင်ပါဗျာ"

သူမ ခဏငြိမ်သက်သွားသည်။ ဖျာစလေးကို လိမ်ဆွဲနေသည်။

ခဏနေမှ သူ့ကို မျက်ဝန်းလဲ့နှင့် အသေအချာစိုက်ကြည့်ရင်း. . .

"ရေစက်ပြင်နေတဲ့နေ့က မမအေးကြည်တို့စကားဝိုင်းမှာ အဲ့ဒီစကားပါသွားလို့. . စကားနာထိုးတာထင်တယ်. . မေမေက ရွာစရိုက်မို့ အပြောစကားကြမ်းပေမယ့် စိတ်ထားကဖြူစင်ပါတယ် ပွင့်လင်းတာက ရိုင်းသလိုဖြစ်နေတာမျိုးပါ"

"ကျွန်တော်နားလည်ပါတယ်. . စကားနာထိုးတာလည်း မဟုတ်ပါဘူးဗျာ. . ပြောချင်တဲ့စကားက လည်ချောင်းက ထွက်မလာလို့. . . အဆင်ပြေမယ့် စကားပြောလိုက်ရတာပါ"





ချိုသဲက ပန်းကန်နှင့်ဇွန်းတွေ လာချရင်း. . .

"ပြောချင်တဲ့စကားပြော စကားမှားလို့ ဖမ်းမယ့်ပုလိပ် ဒီနားမှာမရှိဘူး"

"တစ်ရွာလုံးကြားအောင် ထုမယ့်မောင်းကွဲလေး တစ်လုံးပဲရှိတယ်. . . ဟင်းဟင်း"

"မမသိနော်. . ချိုသဲစိတ်ကောက်ပြီး ထ,ပြန်လိုက်မှ ဟုတ်ပေ့ဖြစ်ကုန်မယ်. . ဘာ. . မောင်းကွဲလည်း. . ချိုသဲက မောင်းအသစ်ကျပ်ချွတ်လေး. . . ကောင်းသတင်းမင်္ဂလာသတင်းပဲ ထုရင်းကြေညာမှာ. . . ဒူ. . ဟူဟူ. . . တိုင်းသူပြည်သား လူအများတို့လေ. . . သံပင်စို့ဆရာတော်၏ ကိတ္တိမသား မောင်ပန်းခေါ် မောင်အောင်ပန်းနှင့် သွားလေသူ ဦးမောင်မောင်ထွေး. . . ဒေါ်. . . ဖရွှေ. . . ဖူး. ."

သီသီထွေးက ချိုသဲပါးစပ်ကို အတင်းလိုက်ပိတ်သည်။ ချစ်စဖွယ်ကျီစယ်ခန်းနှင့် လွမ်းမောဖွယ်မြင်ကွင်းလေးမို့ သူကတော့ ပြုံးရယ်ရင်း နှလုံးကြည်စွာကြည့်နေမိသည်။

"ကလေးလေးနော် ကလေးဆိုတာ စကားကိုကုန်အောင် မပြောရဘူး အစားကိုကုန်အောင်စား. . . အိမ်မှာစားမလာဘူးလေ ဟိုကျမှ အစ်ကိုအောင်ပန်းနဲ့ တူတူစားမယ်တဲ့. . မေမေ အများကြီးပဲ ထည့်ပေးလိုက်တာ. . ဟိုတစ်လောက အုန်းနို့ခေါက်ဆွဲလည်း မေမေပဲ သံခဲနဲ့သပ်သပ်ပို့ခိုင်းတာလေ. . ."

သည်စကားက ပို၍စိတ်ဝင်စားဖို့ ကောင်းပါသည်။ ... သိသည် သူ့ကို လမ်းသရဲ ဘယ်ကလွင့်လာမှန်းမသိတဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဟု လူကြားထဲ ပြောဖူးသည်ဟု အတင်းစကားထဲပါနေသည်။ အခု မုန့်ဟင်းခါး သမီးကို ပိုခိုင်းခြင်းသည် သူငွေတစ်သိန်း လျှိုသည့် သတင်းကြား၍ ဖြစ်လိမ့်မည်ဟု သူထင်ခဲ့သည်။ ထင်စရာလည်း ဖြစ်နေသည်ကိုး။ ခုတော့ရှင်းနေပြီဖြစ်သည်။

ဟိုတစ်ခါ. . အုန်းနို့ခေါက်ဆွဲပိုတုန်းက သူ ဘာမှမလျှိုရ သေးတာ သေချာနေသည်လေ။ စေတနာကို အသပြာထင်မိမှား သော အမေ့သားအား ခွင့်လွှတ်ပါ အမေ။ စိတ်ထဲက ကာရန်နဘေ နှင့် တောင်းပန်ရင်း သူပြုံးမိသည်။

သီသီထွေးက. . .

"အဲတော့. . မုန့်ဟင်းခါးနယ်ရင်း. . သူက. . ဘာတွေ ပြုံး နေရတာလဲ. . ."

"ဘာရယ်မှုတ်ပါဘူး. . ဒါနဲ့. . ဒီမနက်. . သီထွေးတို့. . ရွာထဲက ဘာသတင်းထူးတွေ ကြားသေးလဲ. ."

"ကိုပန်း ထရေလာသောက်တယ်. . ဒါသတင်းထူးပဲလေ. မီးပုံပွဲမှာ သီချင်းဆိုတယ်. . အပြန်လူရိုက်ခံရတယ် ဒီမနက်တစ်ရွာ လုံးလိုလို သတင်းလာမေးတာလည်း လှမ်းမြင်ရတယ် ဒါပဲလေ. ."

"ချိုသဲရော ဘာကြားသေးလဲ. ."

"ဟင့်အင်း မမသီပြောတဲ့သတင်းပဲလေ ဘာဖြစ်လို့လဲ!. ."

ပို၍ စိတ်ရှင်းသွားသည်။ သူ့အလှူသတင်း တောင်ပိုင်းတွင် ပြန့်နှံ့ပုံမရသေး။

"ညဉ့်က. . . ချိုသဲလည်း ရွာထဲအိမ်ပြန်အိပ်ဘူး. . ထန်း လျက်ဖိုမှာပဲ အိပ်တာ. . အစောကြီး ဦးလေးခ အဖေ့ကို လာနှိုးတာ





ကြားတယ်. . ထရေမရှိတော့ဘူးဆိုတော့. . ဒေါ်ချက်စုရဲ့ အရက်ဖို ဘက် ထွက်သွားတယ်လို့. . အဖေပြောတာပဲ. . . ."

"အင်း. . ထန်းရည်မရတော့. . အရက်သောက်ပြီး ရွာရိုး လျှောက်အော်ပုံရတယ်. . ."

"သီထွေးတို့အိမ်ရှေ့တော့. . မလာပေါင်. ."

"ကျောင်းဝင်းနဲ့နီးတယ်လေ. . . ဆရာတော့် ထားဝယ်ကြိမ် က အချိန်မရွေးဘူးဆိုတာ ဦးလေးခသိတာပေါ့. . ."

ညဉ့်က အရိုက်ခံရ၍ သူပြန်သတိရသွားသော အလွန် အရေးကြီးသည့် အကြောင်းကို ဦးလေးခလည်း အိမ်ရောက်တော့ ဆက်မမေး၍ သူကလည်း ပြောမပြခဲ့။ အင်း. . ပြောမျှားပြမိရင်. . ဒီအကြောင်းလည်း မောင်းထုသလိုဖြစ်ရော့မည်။

တော်သေးသည်။

ခက်ပြီ။ သည်အကြောင်း ခေါင်းထဲရောက်လာသည်နှင့် ဗိုက်ထဲက မအီမလည်ကြီး ဖြစ်လာသည်။ မုန့်ဟင်းခါးစားလက်စကို တစ်ပန်းကန်နှင့်ပင် သူရပ်လိုက်သည်။

"ဟင်. . ထပ်ထည့်ဦးလေ. . စားမကောင်းလို့လား!. ."

"တော်ပြီ. . သီထွေး. . အခုန ထမင်းကြော် စားထားလို့ပါ ဗိုက်ပြည့်ပါပြီ လက်ရာအရမ်းကောင်းပါတယ်. . ကျေးဇူးဘယ်လို ဆပ်ရမှန်းတောင်. . မသိတော့ဘူး. . ."

ချိုသဲက. .

"တစ်သက်လုံး ပြန်လုပ်ကျွေးလိုက်ပေါ့. . ."

"ဒီကောင်မလေးနဲ့ ခက်နေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်မလေးနဲ့ ခက်နေပါပြီ"

နှစ်ယောက်စလုံး ပြိုင်တူပြောမိပြန်သည်။

ချိုသဲက မုန့်ဟင်းခါး သီးအောင်ရယ်ရင်း. . .

"အဟွတ်. . အဟွတ်. . ဟွတ်. . . လူချင်းတော့ မသိဘူး ဟားဟားဟား. . . စကားချင်းကတော့. . . ထပ်. . . ထပ်နေပုံများ . . . ဟား. . ဟား. . ဟား. ."

ထိုစဉ် နောင်နောင်လေး ပြေးဝင်လာသည်။ လက်ပိုက်၍. . .

"မင်္ဂလာပါဆရာလေး"

"မင်္ဂလာပါကလေး ဘာကိစ္စ အပြေးလာရတာလဲ!"

"ဘွားလေးမြသီက. . ဘောနတ်ချောင်း ဈေးဝယ်သွားမလို့ လှည်းကြုံရှိတယ်တဲ့. . ဆရာလေး ဘာမှာဦးမလဲတဲ့. ."

"ဘာမှ မှာစရာမရှိပါဘူးကွာ. . . သားအဘွားကို ကျေးဇူးတင်ကြောင်း သေချာပြောပေးနော်. ."

"ဟုတ်ကဲ့ပါ"

"မသီထွေးနဲ့ မမချိုသဲလည်း အိမ်စောင့်ဖို့ ပြန်လာခဲ့ပါတဲ့"

"မသီလို့ပဲ ခေါ်သလား. ."

"ချိုသဲခေါ်သလိုပဲ ငယ်ငယ်ကတည်းက လိုက်ခေါ်ရင်း နှုတ်ကျိုးနေတာလေ. . ရွာကို သီလာလည်တိုင်း ချိုသဲက အိမ်မှာပဲ လာနေခဲ့တာကိုး. . ကဲ. . နောက်မှ သံခဲနဲ့ ချိုင့်ပို့ပေးလိုက်. . သီထွေး ပြန်ဦးမယ်. . . ဟိုးမယ်. . မေမေ့ကို လှည်းစောင့်နေတယ်. . ချိုသဲ စားပြီးရင် အိမ်လိုက်ခဲ့. . ပြန်မယ်နော် မေမေ့ကို သီထွေး ဈေးမှာ





စရာရှိနေလို့. . ."

သူမသိမသာ ခေါင်းငုံ့နေလိုက်ရသည်။ သီထွေး လုံချည် ပြင်ဝတ်ချိန် ပေးခြင်းဖြစ်ပါသည်။ ဒါကို အကင်းပါးသော ချိုသဲက မြင်ဖြစ်အောင် မြင်သည်။ သိသည်။ ခြံ့ဝမှ ပျောက်ကွယ်ခါနီး တစ်ချက်တော့ ကြည့်ဖြစ်သည်။ သီထွေးက ပြုံးရင်း မသိမသာ လက်လေး ထောင်ပြသွားသည်လေ။ ရင်ခုန်ဖွယ် အမူအရာပါပေ။

"ဟွန်း. . အနီးကပ်တော့ မကြည့်ရဲဘဲနဲ့ ဟိုးအဝေးကျမှ မျက်လုံးကြီး ကျွတ်ပြီးပါသွားပြီး. . လိုက်ကောက်တပ်ဦး. . ."

"ဒီကောင်မလေးနော် ငါခေါက်ထည့်လိုက်ရ"

"အောင်မာ. . အိမ်အရောက်ခေါ်လာပေးတဲ့ မြားနတ်ရှင်ကို ကျေးဇူးမတင် ဖင်လှန်ပြ. . . အဲ. . ကန်တော့. . ကန်တော့. ."

"ကျွန်တော်မျိုးက ကန်တော့ရမှာပါ ကျေးဇူးရှင် ကျောင်းအစ်မရယ်. . ကလပ်လေးနဲ့ တင်ပြီးတော့လေ"

"အား. . . မလုပ်ပါနဲ့ ချိုသဲမြေမျိုပါမယ်. . ကလပ်ပေါ်သည်း တစ်သက်လုံး ငြိမ်ကုပ်ပြီး အရုပ်ကြီးလို နေနိုင်ပေါင်တော်သီးရ. . ပွင့်ရဦးမှာ. . ရှင့်. . ."

သူဖျတ်ခနဲ သတိရသွားပြန်သည်။ ညဦးက သူကို မရိုက်ခင် နားနှင့်ဆတ်ဆတ်ကြားလိုက်ရသောစကား။ ညဦးက သူ ချိုသဲနှင့် စုံတွဲသီချင်းတွေ တော်တော်ဆိုဖြစ်သည်။ မီးပုံပွဲသီးချင်း၌ တီးခင်းပင် ဂီတာလွယ်၍ ထ,ကဖြစ်သေးသည်။ သူ့အနားကို ချိုသဲ ရောက်လာသည်။

တွဲကသည်။ ခုန်ပေါက်နေခဲ့ကြလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



*"ပစ်ခါမပြေးနဲ့xxxxမောင်မှာတော့ကွယ်xxxx*

*နှစ်ယောက်အတူနေချင်တယ်xxxxx"*

ထိုအပိုဒ်ကို ဘယ်နှခေါက်ကျော့ကောင်းကောင်းနှင့် ကျော့နေမိခဲ့ မှန်းမသိ။ မျက်စိစပါးမွေးစူးရုံမက၊ မျက်စိထဲ စပါးတစ်ခင်းလုံးဝင်သွားမယ့်သူ ရှိနိုင်သည်။ ချိုသဲလေးက ချစ်စရာကောင်းသည်လေ။ နှစ်ယောက်အတူ နေချင်ဦးကွာတဲ့. . ဒေါ်သအပြည့်နှင့် အသံကို ပြန်ကြားလာ၏။

"ဒီမယ်. . ချိုသဲ. . ချိုသဲလည်း မိန်းမချောလေးပဲ ညည်းမှာရည်းစားသနာရှိလား!. . "

"ရှိပါဘူး. . . "

"ညည်းကိုကြိုက်နေတဲ့သူရော မရှိဘူးလား!. . "

"ရှိတာပေါ့. . အများကြီးပဲ. . ချိုသဲသိတာပေါ့ အဖေ့ငှက်ကြီးတောင်ဓါးကို ရှိန်နေတာရယ် ချိုသဲအာကို ကြောက်တာရယ် ကြောင့်မပြောရဲကြတာ. . လေ. . "

"အဲဒီ အထဲကမှ ချိုသဲမှ ချိုသဲဆိုပြီး သဲသဲမဲမဲ ဖြစ်နေတာဘယ်သူရှိသတုန်း. . . "

"မြောက်ပိုင်းက မဲလုံး. . . ညဉ့်က ကာလသားဟင်းချက်တဲ့ဦးအောင်ဘုသား. . သူကြက်သွားလာပို့တာလေ. . ပို့ပြီး. . ဘယ်ပျောက်သွားလည်းမသိဘူး. . တစ်ညဉ့်လုံး သူ့ကို မတွေ့ဘူး. . ဘာဖြစ်လို့လဲ. . . "

"ဘာမှ မဖြစ်ပါဘူး. . . ကဲ. . စားပါ. . "

ပါးစပ်က ဘာမှဆက်မပြောမိတော့ပါ။ စိတ်ထဲကမူ မီးပုံပွဲ





ကို ခပ်လှုံမ်းလှမ်းအမှောင်ထဲက သူ့တစ်ညဉ့်လုံး စောင့်ကြည့်နေခဲ့တယ် ချိုသဲရေ. . . ဟုတ်တယ်။ သူပဲ။

အိုး. . . အစာအိမ်ထဲက အောင့်တောင့်တောင့် အီလည်လည်ကြီးပါလားလေ။ ။





www.burmeseclassic.com

www.burmeseclassic.com

ဩော်....
ဗမာစကားဟာ
အင်မတန်စကားလုံးကြွယ်ဝပါတယ်ဆိုနေမှ
နေ့တရူဝ မသုံးမဖြစ်သုံးနေရတဲ့
အနိမ့်ဆုံးစကားလုံးမှာပဲကြည့်....
နောက်ဖေးသွားတယ်.. နောက်ဖေးနောက်ဖီ..တဲ့
အီအီးပါမယ်.. အော့အော့တွေဟဲ့
အိမ်သာတက်မယ်.. အိမ်သာဝင်မယ်..
ဝမ်းသွားတယ်၊ ဓါတ်သက်တယ်၊ ဝမ်းပျက်တယ်..
ဓါတ်သွားတယ်၊ ဓါတ်သက်တယ်၊ ဓါတ်ချုပ်တယ်..
အခင်းကြီးသွားတယ်၊ ယင်ကြီးစာကျွေးမယ်..
မစင်စွန့်တယ်.. တောတိုးမယ်..
တောထိုင်တယ်.. ဘာကျန်သေးလဲ..
ကဗျာဆန်ဆန်
ငယ်ပါလှန်ဦးမယ် ဆိုတာကရှိသေး...
(ကန်တော့ဗျာ)
ချေး လေးတစ်လုံး..မှာ.. မဆုံးအောင်
ကြွယ်ဝနေပုံကိုပြောပါတယ်..





# အခန်း(၇)

**တိုင်း**မြို့ကြီးမှ သူနှင့် ဦးလေးခ ရွာပြန်ရောက်တော့ ရွာက လူခြေတိတ်နေပြီ ဘောနတ်ချောင်းမှ ကုန်းကြောင်းလျှောက်၍ ပြန်လာကြခြင်းဖြစ်သည်။ အောင်ပန်း စိတ်ပန်းလူပန်းဖြစ်လာသည်။ ရွာလယ်လမ်းမှာ ခွေးတစ်ကောင်နှစ်ကောင် ထွက်ဟောင်သည်။ ရွာလယ်မီးကင်းသမားက ကင်းတဲလေးရဲ့အပေါ်ဆောင်ခြုံပြီး တက်အိပ်နေပြီဖြစ်သည်။ အိမ်ပြန်ရောက်တော့ ရေတစ်ဝသောက်၍ အိမ်ရှေ့ကွပ်ပျစ်ပေါ် သူက ခြေပစ်လက်ပစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပစ်လှဲချလိုက်တော့သည်။

ဦးလေးခက သူ့နံဘေး ဆေးလိပ်ထိုင်ဖွာရင်း. . .

"နေပါဦး. . . ငါမေးပါဦးမယ်. . မောင်ပန်း မင်းက ဘာရောဂါမှ မရှိဘဲ. . ဘာလို့ မြို့တက် ဓါတ်မှန်ရိုက်ရတာတဲ့တုန်း. . ."

ဓါတ်မှန်အဖြေသိပြီးကတည်းက ဦးလေးခကို မပြောမဖြစ် ပြောကိုပြောရတော့မည့် သတင်းဆန်းဖြစ်နေခဲ့ပြီးဖြစ်သည်။

သို့သော်. . . မူးလျှင် တစ်ရွာလုံးသိသွားမည်ကို စိုးရိမ်ရသောကြောင့် သူ တစ်လမ်းလုံး ချီတုံချတုံဖြစ်နေခဲ့ရသည်။ သည်ကိစ္စ၌ အဓိကကူညီဖြေရှင်းနိုင်သူက ဦးလေးခသာ ဖြစ်နေသည်လေ။

အရင်ဆုံး ချည်ရတုတ်ရပေဦးမည်။

"ဦးလေးခ. . ကျွန်တော်အရေးကြီးတာ ပြောပြမယ်. . ဇမာစကားပုံရှိတယ်. . ထန်းရည်မူးရင် ကျွဲခိုးပေါ်တယ်တဲ့ မူးရင်လူဟာ ရိုးသားဖြောင့်မှန်လာတဲ့သဘော. . အမှန်ကို အမှန်အတိုင်း ပြောချင်လာတဲ့သဘောကို ပြောတာပဲ. . ဒါပေမယ့်. . အခုကိစ္စတ. . ဦးလေးခ အမှန်အတိုင်း သိသွားရင် အမှန်အတိုင်း မူးပြီး လျှောက်ပြောမှာစိုးလို့. . . ကျွန်တော် ပြောသင့်၊ မပြောသင့် စဉ်းစားနေရတာ. . ."

ခပ်ကျယ်ကျယ်ပြောနေရ၍ သူ့စကားအားလုံး ကြားနေကြောင်း သိသာသည်။ အိမ်ခြံဝင်းက ကျယ်သည့်အပြင် ညဥ့်ကလည်း တိတ်ဆိတ်နေသည်။

"မင်းမပြောချင်လည်း နေပေါ့ကွာ. . ငါကတော့ ထန်းရည်မသောက်တော့ပါဘူး. . ဆရာတော် ဆော်တော့မယ်. ."





"ထန်းရည်က အရေးမကြီးဘူး. . မချက်စူအရည်က ပိုဆိုးတာဗျ. . ပိုမူးတာ. ."

"အဲ့ဒါလည်း မသောက်တော့ပါဘူးကွာ. . . မင်းနဲ့ ငါပဲ တိုင်ပင်ဖော်ရှိတာ. . မပြောရင်လည်းနေ. ."

"မပြောလို့တော့ မဖြစ်ဘူးဗျ. . ပြောကိုပြောရမှာ. ."

"ပြောလေကွာ. . ."

"မပြောခင် ကျွန်တော်မေးချင်တာလေးတွေရှိတယ်. . သေသေချာချာစဉ်းစားပြီးမှဖြေနော် ဦးလေးခ. . ."

"အေးပါကွာ. ."

သူခဏစဉ်းစားသည်။

အသေးစိတ်မေးရန် လိုအပ်သည်လေ. . .။

"ဦးလေးခ ကျွန်တော်တို့ ကနစိုပင်အောက်ကနေ. . ဆရာတော်နဲ့ ဒီအိမ်လေးကို ထမ်းလာတုန်းက ကျွန်တော်လမ်းမှာ အခင်းကြီးတွေဘာတွေ သွားသေးလား. ."

"ဟေ. . ဘာကွ!. ."

"လမ်းမှာ အီးပါသေးလားလို့မေးတာ"

"ကြံကြီးစည်ရာကွာ. . မင်းကမေ့နေတာ. . ဘယ်လို ချီးပါမှာလဲကွ"

"ဒါဆို ကျွန်တော်ကို အဝတ်အစားတွေဘာတွေ ဘယ်သူလဲပေးတာလဲ. . ."

"ငါနဲ့သံခဲပဲလေ. . ."

"အဲ့သမှာ. . ဘောင်းဘီထဲ. . မစင်တွေဘာတွေထွက်ကု



www.burmeseclassic.com

www.burmeseclassic.com



နေသေးလား!. . ”

“ထွက်ကျရင် နံ့စော်နေမှာပေ့ါ. . နံ့မှမနံ့ခဲ့တာ. . ”

သူ ခဏစဉ်းစားရပြန်သည်။

“ကျွန်တော် တစ်ညဉ့်လုံး အိပ်ပျော်နေတယ်နော်၊ မိုးလင်းတော့. . အိမ်သာတွေဘာတွေ သွားသေးလား!”

ဦးလေးခလည်း နောက်ကြောင်း ပြန်စဉ်းစားနေပုံရသည်။

အတော်ကြာအောင်ငြိမ်ဆိတ်နေသည်။

ငြိမ်လေ သူက မရိုးမရွဖြစ်လေဖြစ်ရသည်။

“နေဦးကွ. . ငါလည်းစဉ်းစားပြီး ပြန်ဖေါ်နေရတာ. . . အဲ မင်းနိုးတော့. . နေ့ခင်းကြီး. . အဲ. . အားနည်းနေလို့ သေးတောင် အနိုင်နိုင်ထပေါက်ရတယ်. . ဝမ်းမသွားဘူး. . ဘာအစာမှ မရှိတာ ဘာဝမ်းသွားမှာလဲ. . နှစ်ရက်နေမှ ဝမ်းသွားတယ်. . ”

“ဘယ်. . . ဘယ်မှာသွားလဲ ဦးလေးခ. . . ”

“ဒီခြံထဲက ငါဆောက်ထားတဲ့ အိမ်သာမှာပဲလေ. . . လည်ပေါ်အိမ်သာ. . လည်ပင်းလေးပေါ်လို့. . . ငါမှတ်မိတယ် ခြံထောင့်မှာ. . . ”

“အဲသည်တုန်းက အိမ်သာက ကျင်းမတူးထားဘူးနော်”

“အေးလေ. . မြေကြီးပေါ် ဒီတိုင်းလေး တိုင်စင်တည်ပြီး. . ဖျာစုတ် ယိုင်ပတ်ကာထားတာပဲ. . . မင်းမသွားတတ်ဘူးဆိုမှ ကျင်းတူးအိမ်သာဆောက်ကြတာလေ. . ”

သူခေါင်းပူအောင် စဉ်းစားရတော့သည်။ သူမှတ်မိသည်။ မြေပြင်အိမ်သာဟောင်းက အနောက်ခြံထောင့်၊ အသစ်တူးတာက





အရှေ့ဘက်ထောင့်ဖြစ်သည်။ မြေပြင်အိမ်သာမှာ တစ်ပတ်လောက်သာ တက်ခဲ့သည်။ ယခုလို ခြံဝင်းမခတ်ရသေး။

မြေပြင်ကို ခွေးယက်ကြက်ယက်နှင့် မစင်ဟောင်းက ပြောင်တလင်းခါနေပြီ။ နေရာဟောင်းကို ကျင်းမတူးချင်၍ အရှေ့ဘက်ထောင့်တွင် တူးခြင်းဖြစ်သည်။

ယခုအခါ သုံးကျင်းမြောက် နေရာရွှေ့ခဲ့ပြီးဖြစ်သည်။ ကျင်းဟောင်းတွေ မြေဖို့ပစ်ခဲ့သည်။ မြေပြင်အိမ်သာတုန်းက နှစ်တောင်လောက်မြင့်သည်။ ထူးထူးခြားခြား ဘာမှမတွေ့ခဲ့။ တကယ်ဆို အဝါထဲတွင် ရဲနေသော အရောင်လက်လက်က ထွက်ကိုထွက်နေရမည်။

သူကလည်း ထိုစဉ်က ဘာအိပ်မက်မှ မမက်သေး. . ဘာမှလည်း ပြန်သတိမရသေး၍ အမှုမဲ့အမှတ်မဲ့သာ ငုံ့ကြည့်ဖြစ်ခဲ့၍လည်းဖြစ်မည်။

“နေပါဦး မောင်ပန်းရ. . . ငါခေါင်းရှုပ်လာလို့ပါ. . မင်းခါတ်မှန်ရိုက်တာနဲ့ ဒီအခင်းကြီးသွားတာနဲ့ ဘယ်လိုဆိုင်နေလို့လဲကွ”

ပြောမှဖြစ်တော့မည်။

“ကာလပေါက်ဈေး သိန်းငါးဆယ်နဲ့ တစ်ရာကြား တန်ဖိုးရှိနေတဲ့ ကျွန်တော့ချေးကိုစွ၊ ဦးလေးခရ”

“ဘယ်လိုကွ”

သဘောပေါက်အောင် ရှင်းပြမှ ဖြစ်ပေရော့မည်။

“ဆရာတော့်ကို ကျွန်တော်ဓါးမြှောင်နဲ့ ငွေထုပ်တွေ အပ်တုန်းက ဦးလေးခလည်း အနားမှာရှိနေခဲ့တာပဲ”

“အေးလကွာ”



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတော်က ခါးမြှောင်ရှိုးကြည့်ပြီး. . ရှေးလက်ရာ. . . ရှေးဟောင်းပစ္စည်းပဲ. . . ဒီမယ် စွန်ကုပ်ချည်းပဲကျန်နေတယ်. . ဒီနေရာမှာ အင်မတန် တန်ဖိုးကြီးတဲ့ ကျောက်သံပတ္တမြားတစ်လုံး တော့ ရှိကိုရှိနေလိမ့်မယ်လို့ ပြောခဲ့တာမှတ်မိလား. . ."

"ဟား. . ငါမှတ်မိတာပေါ့. . ဘာကြာသေးတာမှတ်လို့"

"အဲတုန်းက ကျွန်တော်ခဏခဏမက်လာနေတဲ့ အိပ်မက် အကြောင်း ဘုန်းကြီးကို လျှောက်ခဲ့တာကော မှတ်မိလား. . ."

"မှတ်မိတယ်. . အဲ့ဒီပတ္တမြားကို မင်းအဘိုးက ပါးစပ်နဲ့ ကိုက်ပြီး မျိုချပစ်ခဲ့တာကို မင်းခုတလော မက်မက်နေတယ်. . လို့ လျှောက်တယ်လေ. . မင်းအဘိုး အစာအိမ်ထဲ အိတ်ကလေးလိုဖြစ် ပြီး ပတ္တမြားနစ်နေတာကို မင်းအတိုင်းသား မြင်ရတယ်ဆို. ."

"ဟုတ်တယ် ဦးလေးခ. . . အဲဒီခါးမြှောင်ကို ကနစိုပင် အောက်မှာ မြေမမြှုပ်ခင် ပါးစပ်နဲ့ကိုက်ပြီး မျိုချခဲ့တာက ကျွန်တော် ကိုယ်တိုင်ပဲ. . . အဲ့ဒီတုန်းကတော့ ဖြစ်ချင်ရာဖြစ် ဒီနန်းစဉ်လို ပတ္တမြားကတော့ ငါနဲ့ကွဲလို့ခွါလို့ မဖြစ်ဘူးဆိုတဲ့ အတွေးနဲ့ မျိုချခဲ့ တာ. . . အရိုက်ခံရတဲ့ညဦးကမှ အဲ့ဒါကို အတိအကျပြန်သတိရတာ အိပ်မက်ထဲကလိုပဲ အစာအိမ်ထဲနစ်ပြီး သပ်သပ်ရှိနေလိမ့်မယ် ထင်လို့ ဓါတ်မှန်သွားရိုက်ကြည့်တာ. . ရှင်းပလား. ."

"ဓါတ်မှန်ထဲ ဘယ်လိုနေသတဲ့လဲ. ."

"ဆရာဝန်ကပြောတယ်. . အစာအိမ်ထဲ ဘာမှမရှိပါဘူးတဲ့ ကြားကြားချင်း ကျွန်တော်လဲ သေလိုက်ချင်အောင်ပဲ ဖြစ်သွားတယ် ဒါပေမယ့် သူက ဓါတ်မှန်ပြားကို အသေအချာကြည့်ပြီး ထူးဆန်းတာ





တော့ တွေ့တယ်တဲ့. ."

"ဘာ. . . ဘာတဲ့လဲ"

"အလေးချိန်ရှိပြီး ထူးဆန်းတဲ့အရာတစ်ခု. . ဟောဒီနေရာ မှာ အချိန်အတော်ကြာအောင် ရှိနေခဲ့ပုံပဲတဲ့ ပြလည်းပြတယ်. . အစာအိမ်အောက်ခြေမှာ အိတ်လိုဖြစ်နေတဲ့ အခွက်လေးတစ်ခွက်ရှိ နေတယ်တဲ့. ."

ဒါဆို အဲ့ဒီခွက်ထဲကဟာ ဘယ်အချိန်လောက်အပြင်ထွက် သွားလဲဆရာ ဆိုတော့. . အဲ့ဒါတော့ သူလည်းမပြောတတ်ဘူးတဲ့"

ဦးလေးခ. . သဘောပေါက်သွားပုံရသည်။

ချက်ချင်းခေါင်းထောင်လာပုံက သက်သေပြသည်။

"ဒါဆို. . သိန်းတစ်ရာတန်တဲ့ မင်းချေးပုံဟာ. . ငါ့ခြံထဲ. . အဲ. . ဒီခြံထဲမှာ ရှိကိုရှိနေတာပေါ့. . အေး. . ဟုတ်တယ်. .၊ မင်း ဖင်က အိမ်သာရွေးတာ ငါသိတယ်. . . ဘုန်းကြီးကျောင်းအိမ်သာ၊ စာသင်ကျောင်းအိမ်သာမှာ မင်းဘယ်တော့မှ အီးမပါတာ ငါသိ တယ်. ."

"အဲ့ဒါကြောင့် ကျွန်တော် ဦးလေးခကို အတိအကျတွေ မေးနေရတာပေါ့. . အစာအိမ်ထဲက အဲ့ဒီပတ္တမြား ဘယ်အချိန် ထွက်သွားတယ်ဆိုတာ သေမှမသေချာတာ. . . သေချာတာက ဒီခြံ ဒီအိမ်ထဲမှာပဲ ကျွန်တော် ဝမ်းသွားခဲ့တာ ရောက်ကတည်းကပဲလေ"

"ဟာဟ. . ငါ့ခြံလေးက. . သိန်းတစ်ရာတန်နေတာ သေ ချာပဟေ့"

"ဖို့ပစ်ခဲ့တဲ့ အိမ်သာကျင်းဟောင်းနှစ်ခုနဲ့ လက်ရှိကျင်းက



www.burmeseclassic.com

www.burmeseclassic.com



လွဲပြီး. . အဲ့ဒီပတ္တမြားကြီး ဘယ်မှာမှ နစ်မနေဘူး ဦးလေးခရေ. . ကျင်းဟောင်းနှစ်ခုမှာ သေချာရှိနိုင်တယ်. . ”

“ဟားဟား. . သိန်းတစ်ရာဆိုတာ ရွာမြောက်ပိုင်းတစ်ပိုင်းလုံးကို ဝယ်လို့ရတယ်ကွ၊ မဟုတ်သေးဘူးကွ တစ်ရွာလုံးကို ဝယ်လို့ရသကွ၊ နက်ဖြန်. . ငါကိုယ်တိုင် ကျင်းဟောင်းဖေါ်ပေးမယ် ဆန်ခါတိုက်မယ်. . ”

“အရေးကြီးတာက ခြံကို လုံနေအောင် ပြန်ခတ်ရမယ်. . ခြံသော့ခတ်ရမယ်. . အထူးသဖြင့် ဦးလေးခဆီက ဘယ်မှမပေါက်ကြားဖို့ပါပဲ. . ”

“စိတ်ချပါကွာ. . ဒီလောက်အရေးကြီးတဲ့ကိစ္စကြီးပဲဟာ”

“ကဲ. . ခရီးပန်းတယ်. . ဦးလေးခလည်း ဒီမှာပဲ အိပ်လိုက်တော့. . အိပ်ကြရအောင်ဗျာ. . ”

သူတို့နှစ်ယောက် ခြံထဲဝင်လာပြီး မကြာခင်ပင် ခြံနောက်ပေါက်က ဖြဝင်လာသော အရိပ်တစ်ခု. . သူတို့မအိပ်ခင်ပင် တိတ်တိတ်ကလေး တဲအိမ်နားက ခွါသွားသည်တော့ ဘယ်လိုမှ မရိပ်မိလိုက်ကြချေ။ လကလည်း တိမ်ကွယ်၌ ချိတ်နေခဲ့သည်လေ။

မနက်လင်းသောအခါ ခြံထောင့်အိမ်သာကျင်း မြေတစ်တင်းစာမျှ တူးပေါက်ယူသွားသည်ကို အံ့ဩစွာ မြင်တွေ့ရလေသည်။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

ဆရာတော်အား အကြောင်းစုံကို လျှောက်ကြား၍ လူ အင်အားနှင့် နေ့ချင်းအပြီး ဝင်းခြံခတ်သောလုပ်ငန်းကို စတင်ရတော့ သည်။ လုပ်အားပေးများအား မနက်ညနေ ထမင်းဟင်း ကောင်း ကောင်းချက်ကျွေးရသည့်ပြင် ကွမ်းယာ၊ ဆေးလိပ်၊ မုန့်ပဲသရေစာက အစ လိုလေသေးမရှိအောင် ဦးလေးခနှင့်သံခဲ အပါအဝင် ကျောင်း သားကြီးများက စီမံဆောင်ရွက်ပေးကြသည်။ သူလည်း ဝင်လုပ်ရ သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကိုယ်တိုင် ကြွလာပြီး စစ်ဆေးကြည့်ရှုသည်။

ဆရာတော်က မိုးမခပင်အောက်တွင် ပက်လက်ကုလားထိုင်နှင့် သီတင်းသုံးနေသည်။ တောင်ပိုင်းမြောက်ပိုင်း မမှာရုံ အလှူခံမဏ္ဍပ်တွေဆီက လော်စပီကာသံကလည်း ရွာအရှေ့ဖျား အနောက်ဖျားနှင့် တောင်ဖျားမြောက်ဖျားအထိ အပြိုင်အဆိုင် သူထက်ငါ အော်နေကြသည်။ မိုက်ခဲတွေ ပေါင်းစုံဖြစ်နေ၏။

မီးပုံပွဲ၌ သူစည်းရုံးသိမ်းသွင်းထားနိုင်ခဲ့သည်နှင့်အညီ. . မနက်ခင်းတွင် ဆရာတော်က သူကြီးလူမောင်း၏ မြောက်ပိုင်း အုပ်စုရော၊ သူဌေးစံရ၏ တောင်ပိုင်းအုပ်စုပါ ကျောင်းသို့ဆင့်ခေါ်၍ တောင်ပိုင်း မြောက်ပိုင်း ခွဲခြားစကားပြောမှု၊ ရန်ဖြစ်မှုဖြစ်ပေါ်ပါက ဆရာတော်ကိုယ်တိုင် ကိုင်တွယ်စစ်ဆေး၍. . . ထိုက်ထိုက်တန်တန် အပြစ်ပေးမည့်အကြောင်းနှင့် ယခုလည်း ရွာ၏တစ်ခုတည်းသော ဘ/က စာသင်ကျောင်း၏ ကျောင်းဆရာလေးခြံကို သူနိုးကပ်သဖြင့် တောင်ပိုင်းရောမြောက်ပိုင်းပါ ပေါင်း၍ ဝင်းခြံခိုင်အောင် ခတ်ခိုင်းခြင်းဖြစ်သည်။ ဦးလူမောင်းနှင့်ဦးစံရက ခဏသာလူလုံးပြပြီး တပည့်လက်သားများနှင့်ထားခဲ့၍ ပြန်ကြလေပြီ။ ဆရာတော်ကိုင်ထားသည့် တောင်ဝှေးကိုလည်း ကြောက်ကြသည်။ နှစ်ယောက်ကို အတင်းကြီး မျက်နှာချင်းဆိုင်ပြီး ပြန်ခေါ်ခိုင်းမှာလည်း မလိုလား၍ ရှောင်ကြခြင်းဖြစ်သည်။

တောင်ပိုင်းကာလသားခေါင်း ကိုစိန်ထုပ်၊ ကိုဇဂွဲအုပ်စု၊ မြောက်ပိုင်း ကိုညွန့်သီး၊ ကိုအောင်ဘုတို့အုပ်စု နှစ်ဘက်လုံးနှင့် သူက ခင်ခင်မင်မင်ဖြစ်နေသည်ကို ဆရာတော်က အလွန်သဘောကျနေ





ပုံရသည်။

မဲနှိုက်ပြီ အလျားအနံညီညီမျှမျှ အလုပ်ခွဲချထား၍ အရင်ပြီးသူ သပ်ရပ်သူကို ဆုတော်ငွေကြော်ငြာထုတ်ထားသောကြောင့် အပြိုင်ကြဲနေကြသည်။ ဒိုင်က ဆရာတော်ပင်ဖြစ်သည်။

"ဆရာလေး ကိုအောင်ပန်းက ဒီခြံထဲမှာပဲ. . ဒီည. . အထူးအစီအစဉ် မီးပုံပွဲလည်း ရှိတယ်တယ်ဟေ့"

"ဝေး. . ဟေး. . . ဟေး. . "

သူနှင့် ရွာရှိ လက်သမားဆရာနှစ်ယောက်က ဝင်းခြံတံခါးကို သစ်သားဖြင့် ခိုင်ခိုင်ခန့်ခန့်ဖြစ်အောင် လုပ်နေသည်။ သူက. . သူဖြစ်လိုသော အနေအထားကို ပြောပြ၍ လိုသမျှ ပစ္စည်းဝယ်ရန် ငွေထုတ်ပေးခြင်းသာပါ။ ဘာမှဝင်လုပ်ရသည်မဟုတ်၍ ဆရာတော့်အပါး ဒူးတုတ်ဝတ်ဖြည့်ရင်း. . .

"တပည့်တော် အကြံတစ်ခုရလို့. . . ဆရာတော့်ကို တင်လျှောက်ပါရစေဗျာ. . "

"အိမ်း. . ဆိုပါဦး"

"ဦးလူမောင်းနဲ့ ဦးစံရကို ဆရာတော့်အာဏာနဲ့ အတင်းကြီးမျက်နှာချင်းဆိုင် မပေးလိုက်တာ အင်မတန် ရှေ့ရေးကောင်းသွားပါတယ်ဘုရား. . ဆရာတော်ရဲ့ မျှော်မြင်ဉာဏ်တော်ကိုလည်း. . တပည့်တော် ကြည်ညိုရပါတယ်ဘုရား. . . "

"ဒါပဲလေ. . ဒကာလေးရဲ့. . မင်းလက်နက်ချ. . . [illegible] လည်းလက်နက်ချလို့ ကိုယ်က သူတို့ထက်တောင်းတဲ့ လက်[illegible] ချိန်ပြီး ငြိမ်းချမ်းရေးသွားလုပ်ရင်. . လက်နက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



သာ လက်နက်လေးတွေ ချလိုက်ရမှာပေါ့. . စိတ်တွင်းကိုယ်တွင်းက ငြိမ်းငြိမ်းချမ်းချမ်း ချစ်ချစ်ခင်ခင်စိတ်က. . ဘယ်လိုလုပ် ပေါ်လာမှာလဲ. . . ကွယ်ရာမှာ ရန်လိုစိတ်က ဘယ်တော့မှ ပျောက်သွားမှာမဟုတ်ဘူးလေ. . သူတို့အသိနဲ့သူတို့ လက်နက်ချပြီး. . ထ,ဖက်လာအောင် အချိန်ပေးပညာပေး နားချရပေမပေါ့. . . ကလဲ့စားချေတာထက် သင်ပုန်းချေတဲ့ မေတ္တာဓါတ်ဟာ တို့ဗုဒ္ဓဘာသာရဲ့ ဗီဇသဏ္ဍာန်မှာ ဟပ်နေပြီးသားပါ. . ."

"မှန်ပါဘုရား. . အင်မတန်သင့်လျော်တဲ့ ဥပမာပါပဲဘုရား"

"မောင်ပန်းရဲ့ အကြံကိုလည်း လျှောက်ပါဦး. ."

"အိမ်သာကျင်းထဲက ပတ္တမြား ပြန်ကျင်ယူရတဲ့ကိစ္စက အများကြားရင် ရယ်ပွဲဖွဲ့စရာလည်း ကောင်းနေပါတယ်. . . အခုခြံခတ်လုပ်အားပေးနေသူတွေ လုံးဝမသိပေမယ့်. . တစ်နေ့သိသွားနိုင်တဲ့ ခြေရာလက်ရာက ရှိနေခဲ့ပါပြီဘုရား၊ ဗူးတစ်ရာ ပိတ်လို့ရပေမယ့်. . ပါးစပ်တစ်ပေါက်က ပွင့်ခဲ့ပြီဆိုတော့. . အရပ်ဆယ်မျက်နှာရောက်သွားနိုင်ပါတယ်ဘုရား. . . တပည့်တော် လေ့လာကြည့်သလောက် မြောက်ပိုင်းက ကိုညွန့်သီးနဲ့ ကိုအောင်ဘုက ရိုးသားပြီးကာလသားတွေအပေါ် ဩဇာညောင်းသလို. . . တောင်ပိုင်းက. . ကိုစိန်ထုပ်နဲ့ကိုဇော်ဂွဲကလည်း အတူတူပါပဲဘုရား. . .

ဒါကြောင့် အဲ့ဒီကာလသားခေါင်းလေးယောက်ကို ဒီလိုဒီလိုရှိကြောင်း ပွင့်ပွင့်လင်းလင်းပဲ ပြောပြပြီး. . . ပတ္တမြားကျင်းတွေဖြစ်ကြောင်း. . အိမ်သာကျင်းဟောင်းပေမယ့် မြေကျင်းနီးပါး ပြန်ဖြစ်နေပြီမို့. . လူမသိအောင် ညဥ့်ပိုင်းမှာ ပြန်ကျင်ပေးစေလိုကြောင်း





ပြန်ရရင် သူတို့မိသားစုနာမည်တွေနဲ့ ဓမ္မာရုံအလှူရှင်စာရင်းမှာ. . ဆိုင်းဂဏန်း လှူဒါန်းပေးမယ့်အပြင်. . ချမ်းသာသွားအောင် ခွဲဝေပေးမယ့်အကြောင်း. . အရှိအတိုင်း ဖွင့်ပြောလိုက်ချင်တာပါပဲ. . . ညဥ့်ရေးညဥ့်တာ လုံခြုံရေးလည်း တောင်ပိုင်းမြောက်ပိုင်း ပေါင်းပြီး ကင်းစောင့်နိုင်းပြီးသား ဖြစ်တာပေါ့ဘုရား. ."

ဆရာတော် ခေါင်းတငြိမ့်ငြိမ့်နှင့် ကွမ်းယာရင်း စဉ်းစားနေသည်။

"အိမ်း. . ပေးချင်ကမ်းချင်တဲ့ ဒကာလေးရဲ့ စေတနာကိုပါ ဘုန်းကြီးလှမ်းမြင်ရပါတယ်. . သူတို့ချင်းလည်း ငယ်သူငယ်ချင်းတွေပါ. . သံယောဇဉ်မကင်းကြပါဘူး၊ သူ့ဆန်စားရဲရ ဆိုတဲ့ အာစရိယပါ့ကြောင့် နင်ဘဲငဆဖြစ်နေခဲ့ကြတာပါ. . ဒကာလေး အကြံဉာဏ်ကောင်းပါတယ်. . ဒါ. . ပေ. . သိ. ."

ဘုန်းကြီးခဏ စဉ်းစားနေသည်။ သူက ကွမ်းသွေးထွေးရန် ထွေးခံတံတွေးခွက် အသင့်ကမ်းပေးသည်။

"ဒါထက်ကောင်းအောင် ဘုန်းကြီးစဉ်းစားနေတာက. . အိမ်း. . လူဆိုတာက လောဘသား. . ပြီးတော့ ဒကာလေးပစ္စည်းက ပဲကြီးစေ့လောက်ရှိတာ ဖျောက်လို့အင်မတန်လွယ်တယ်"

"မှန်ပါဘုရား. ."

"သူတို့ သစ္စာရေ ဆိုရင်တော့ အင်မတန် ရွံ့ကြောက်ရှိသေကြတာကလား. . ဘုန်းကြီးသိတယ်. . သစ္စာရေကို သိမ်ထဲမှ တိုက်ရလိမ့်မယ်. . ဘုရားရှေ့မှာပေါ့. .၊ ပြီးတော့. . တန်ပြန်ထောက်ထွမ်းတဲ့အနေနဲ့. . တောင်မြောက်တစ်တွဲ. . တောင်မြောက်တစ်တွဲ



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းပေးရလိမ့်မယ်. . စိန်ထုပ်နဲ့ညွန့်သီး၊ ဖဲ့ွနဲ့အောင်ဘု. . ဒါမှ မဟုတ်. . ညွန့်သီးနဲ့ဖဲ့ွ၊ စိန်ထုပ်နဲ့အောင်ဘု စသဖြင့်ပေါ့. . . ဒါက အနီးကပ်ကိစ္စ. . ဒကာလေး ကြည့်တွဲပေး. . အင်ချပ်ကတော့ ဒကာလေးနဲ့ မောင်ခပေါ့. . ”

“အင်မတန်သင့်မြတ်တဲ့ အစီအစဉ်ပါပဲဘုရား၊ ဒီအကြောင်းတွေ တောင်ပိုင်းမြောက်ပိုင်းက သူတို့ အာစရိတွေကို ဖွင့်မပြောနဲ့ ဦးလို့ တားထားပြီး. . . သူတို့ သူဌေးဖြစ်သွားမှ ဝတ်ကောင်းစားလှတွေနဲ့. . ကျေးဇူးသိတဲ့ တပည့်ရင်းတွေအဖြစ် ထိုက်ထိုက်တန်တန် သွားကန်တော့ခိုင်းရင်. . ဦးလူမောင်းရောဦးစံရပါ ဘယ်လောက်ပျော်ရွှင်ကြည်နူးလိုက်မလဲဘုရား. . ပီတိဖြစ်လိုက်မလဲ. . .

မြောက်ပိုင်းကောတောင်ပိုင်းရော ကာလသား ကာလသမီးတွေပါ အားလုံးပေါင်းပြီး တစုတဝေးကြီး. . . သူတို့ကို ကြိုအသိမပေးဘဲ သွားကန်တော့ရင်လေ. . ”

သူအဝေးကို လှမ်းကြည့်ရင်း ပြောနေမိသည်။

“အိမ်း. . မြင်ယောင်ပါတယ် မောင်ပန်းရေ. . အင်မတန်ချမ်းမြေ့ဖွယ်ကောင်းမယ့် သံပင်စိုပေါင်းစည်းတဲ့ မြင်ကွင်းပါ. . . အဲ့သလို တကယ်ဖြစ်လာခဲ့ရင်တော့. . ဟည်းထနေမယ့် ဓမ္မာရုံကြီးနဲ့အတူ တွင်တျန်ရစ်မယ့် အောင်ပန်းသမိုင်းပေကပဲ. . ကဲ. . ဆွမ်းစားသံချောင်းခေါက်နေပြီ. . အားလုံး သာသနာတော်ကို ရည်စူးပြီး လုပ်နေတာ. . အောင်မြင်မှာပါ. . ”

ဆရာတော်ပြန်ကြွသွားသောအခါ. . . အဝေးက ဟေးခနဲ ခေါ်သံလိုလိုကြား၍ လှမ်းကြည့်လိုက်သောအခါ ချိုသဲနှင့်သီသီတွေ





ဘုန်းကြီးကျောင်းအပေါက်ဝတွင် ဖိနပ်လေးတွေ ကုန်းကောက်နေကြသည်။ လက်ထဲတွင် ဒန်ချိုင့်ကြီးတစ်လုံးကို နှစ်ယောက်ဆွဲထားသည်။ အအေးကပ်ပြီးရင် လာခဲ့မယ်ဟူသော ကိုယ်ဟန်စကားကို ချိုသဲလေး လုပ်ပြသွားသည်။ ဦးလေးခတို့အုပ်စု နေ့လယ်စာပြင်နေသော ဝိုင်းကိုကူရန် သူလျှောက်ခဲ့သည်။

အိမ်ရှေ့က ကွပ်ပျစ်ကို အရိပ်ရှိရာ မိုးမခပင်အောက်ချ၍ အလယ်တွင် ဟင်းအိုးနှင့် သရက်သီးပိုးတီသုပ် နှစ်ပန်းကန်ချသည်။ ဗက်တွေ ကွပ်ပျစ်အနားဘေးတစ်လျှောက် စီးခင်း၍ ထမင်းတွေ ပုံထားသည်။ သုံးဆတိုး ပေါ်ဆန်းမွှေးဆန်က အငွေ့တထောင်းထောင်းထ မွှေးပျံ့နေသည်။ ဇီယာ၊ မဆလာနှင့် ကရဝေးရွက်နံ့ သင်းနေသော ကြက်သားများများ ပဲကုလားဟင်းနံ့က ထမင်းဆာစေတော့သည်။

“ကဲ. . နောင်တော်တို့ ညီတော်တို့ အားလုံးပဲဗျို့ ထမင်းသုံးဆောင်ရန် ကြွကြွပါခင်ဗျား. . ဟိုမယ်. . . လက်ဆေးရည်ပါ ခင်ဗျား. . ”

ဦးလေးခက ယောက်ချိုဇွန်းနှင့် ဟင်းတွေခပ်၍ ထမင်းပုံတွေပေါ် လိုက်ဆမ်းပေးသည်။ ပါးနပ်သော ဦးလေးခက တောင်ပိုင်းသားမြောက်ပိုင်းသားတွေကို. . မင်းဒီမှာထိုင်. . နင်က ဒီကိုလာနှင့် တစ်ယောက်ခြားစီ နေရာချပေးနေသည်။

“ငါက စတိပဲထည့်ပေးထားတာ. . ဟင်းတွေအများကြီး ဟောဒီမှာ ဟင်းအိုး. . ဟောဒီမှာ ယောက်ချိုဇွန်းကြီးလေးချောင်း ကြိုက်သလိုခပ်စား. . . ဝင်းခက ကာရင်ကြီးပြောသလို အားနေသ



www.burmeseclassic.com

www.burmeseclassic.com



လိုစား. . ကိုယ့်အိမ်မဟုတ်သလိုစား. . ဟား. . ဟား. . ဟား. . .

သူပြောတာ သဘောဝကျတယ်ကွ အားနာသလိုလို လုပ်နေရင် ဘယ်ဝမလဲ. . ကိုယ့်အိမ်လိုစားရင် ဟင်းချွေတာ နေရမယ်လေ. . ."

တဝါးဝါး တဟားဟားနှင့် အားပါးတရ စားနေသည်ကိုက ကြည့်၍ကောင်းလှသည်။ သည်လို ထမင်းကောင်းဟင်းကောင်းနှင့် အမြဲပင် ကျွေးချင်သောစိတ် သူ့ရင်ထဲ ဖြစ်မိသည်။ ဆီပျားနည်းနည်း လယ်ငါးအိုးကပ်နှင့် ငါးပိရည်ကြဲ ဇေိန်ဆန်ကြပ်ခဲသာ စားနေရရှာသော သူချစ်သည့် တောင်သူလယ်သမား ဆင်းရဲရှာသူများ. . .၊

အလို. . ကိုစိန်ထုပ်နှင့် ကိုအောင်ဘုက တစ်တွဲပါလား. . သူစားမည့် အသားကောင်းတုံးကို ကိုအောင်ဘုက ကိုစိန်ထုပ် ထမင်းပုံပေါ် တင်ပေးလို့ပါလား. . .။

ဟိုမှာလည်း အသက်ကြီးသောကိုညွှန့်သီးကို ကိုဇာ့ဂွဲက ပုံးတီချဉ်သုပ်ခပ်ပြီး ဦးချနေပါရောလား. . .၊ လှလိုက်တာ. . လက်ရည်တစ်ပြင်တည်း ထမင်းဝိုင်းတွင် တောင်ပိုင်းမြောက်ပိုင်း ဆိုတာ ရှိကိုမနေတာပါလား. . တစ်ပေါင်းတည်း၊တစ်စည်းတည်း. . .။

သေချာသည်က သူရှိ့ခေါင်းဆောင်နှစ်ဦးသာ ရှိနေကြည့်နေပါက သည်မြင်ကွင်းကို အလျှဉ်းမြင်ရမည် မဟုတ်ခြင်းပင်။ ခပ်ပါးပါးလေးသာဖြစ်သော အမူအရာအပြုအမူလေးတွေထဲက နက်ရှိုင်းကျယ်ပြန့်သော အတွေးအမြင်တစ်ရပ်ကို သူခံစားရရှိသည်။

စားရင်းသောက်ရင်း သူမရောက်ခင်က ဖြစ်ခဲ့ပုံရသော တောင်ပိုင်းမြောက်ပိုင်း ဘောလုံးပွဲတုန်းက ရန်ပွဲအကြောင်းကို ရယ်





ရယ်မောမော ပြောဆိုနေကြသည်။ ခုတော့လည်း ရယ်ပွဲဖွဲ့စရာ တစ်ခုသာပါ။ သူကြည့်ရင်း ကြည်နူးနေစဉ် ဘယ်တုန်းက သူ့နောက်နားရောက်နေမှန်းမသိသောရနံ့လေးက လေဝေ့၍ သူ့နှာဝဆီ ဝင်လာသည်။

"ဘာတွေငေးကြည့်နေတာလဲ. . . ဟယ်. . မျက်လုံးမှာ မျက်ရည်တွေလည်း ဝေ့လို့. . ."

"ဩော်. . ဒီမြင်ကွင်းလေးကိုကြည့်ပြီး. . . ပီတိဖြစ်နေတာပါ. ."

"ဟုတ်တယ်နော်. . တောင်ပိုင်းမြောက်ပိုင်း မတည့်ဘူးဆိုသီထွေးလည်း အံ့ဩပြီး ငြိမ်ကြည့်နေမိတာ. . . သူကြိုးစားနေကြောင်း ချိုသဲပြောတယ်. . . တောင်ပိုင်းမြောက်ပိုင်း ပြန်ပေါင်းဖို့လေ. ."

"ချိုသဲရော"

"လက်ထရိန်းတက်နေတယ်. . ဒါနဲ့ သူဘာလို့ မျက်ရည်ဝဲနေတာလဲဟင်. . ."

"ဩော်. . စပါးစိုက်တဲ့ တောင်သူလယ်သမားတွေ စားနေတဲ့ ထမင်းဟင်းတွေ ပြန်မြင်ယောင်လာလို့ပါ။ ဒီလို. . အားပါးတရ အရသာရှိရှိ၊ ခွန်အားပြန်ပြည့်မယ့် အစားအစာတွေ အမြဲတမ်း စားစေချင်လာလို့ပါ။ ပြီးတော့. . ဂုဏဝုတ္တိ ဝရဝုတ္တိတွေ အပြည့်ရှိနေကြတဲ့ မြင်ကွင်းမို့ပါ. . .

ဦးညွှန့်သီးကို ကိုဇာ့ဂွဲက စားဦးစားဖျား ဦးဖယ်တယ်. . သူစားမယ့် အသားကောင်းကို ကိုအောင်ဘုက ကိုစိန်ထုပ် ထမင်းစားပုံ



www.burmeseclassic.com

www.burmeseclassic.com



ပေါ် တင်ပေးထားတယ်၊ ဘယ်လောက်လှလည်း သီထွေးရယ်. . . ပြီးတော့ ရန်ပွဲတုန်းကအကြောင်းတွေ ရယ်ရယ်မောမော ပြောနေကြတယ်၊ အကြောင်းကြောင်းကြောင့် မတည့်တဲ့သူတွေလေ၊ ကိုယ်မကြည်နူးပဲ နေမလား. . ပီတိမျက်ရည်ပါ"

"သူက သီထွေးထင်ထာထက် နူးညံ့သိမ်မွေ့တယ်နော်. . သီထွေးပိုပြီး လေးစားသွားရပါတယ်. . တကယ်ပြောတာပါ. . "

သူ သီထွေး၏ နူးညံ့သိမ်မွေ့သော လေသံလေးကြောင့် အသေအချာလှည့်ကြည့်ရင်း စူးစူးစိုက်စိုက်ကြည့်လိုက်မိသည်။

သနပ်ခါးပါးကွက်ကြားလေးနှင့် ရှိန်းမြနေသော မွေးညင်းနုနုများ ဆယ့်ငါးလက်မ အကွာအဝေးတွင် အတိုင်းသားရှိနေသည်။

မျဉ်းခတ်ထားသလို တိကျသပ်ရပ်သော နှုတ်ခမ်းဖူး ပန်းသွေးလေးက. . . သဘာဝအတိုင်း နီစွေးနေသည်။ သူ ရင်မခုန်ဘဲ ရပ်နေတော့သည်ထင်သည်။

"ဟိတ်. . ကိုပန်း ချိုသဲ ထမင်းအရမ်းဆာနေပြီ. . "

"ဟာ. . ဟုတ်သားပဲ. . ကိုယ်လည်းဆာလှပြီ. . လာ. . သီထွေး. . ထမင်းလက်ဆုံပဲ တစ်ခါတည်း ဝင်စားလိုက်ရအောင် လာပါ"

"အတင်းမခေါ်ရပါဘူးရှင် သီထွေးစားမှာပါ. . "

"အဘခ. . နေရာလုပ်ပေး၊ ဦးအောင်ဘု. . ဟိုဘက်တိုး ချိုသဲလည်းဆာလှပြီ. . . "

ပျော်ရွှင်စွာ ပေးခနဲ ရယ်မော၍ ကြို့ပေးကြသည်။

တွန်းတွန်းထိုးထိုး ဝင်ထိုင်တော့ ဦးညွန့်သီးက. .





"ငတို့ ဆင်းရဲသားဝိုင်းထဲ ဝင်မစားဘူးထင်လို့ မခေါ်ရဲကြတာပါဟာ. . လာ. ပျော်စရာကြီး. . . "

ကိုအောင်ဘုကလည်း ပလုတ်ပလောင်းသံနှင့်. . .

"ကြံ့ဖူးပေါင်. . ဟာ. . ဆရာလေးရော သီထွေးနဲ့ချိုသဲရော ပါလား. . ငရို့က ရှုံလိမ့်မယ်ထင်နေတာ. . တစ်ဝိုင်းထဲတော့ ဒီ လူရည်သန့်တွေ ဝင်မစားလောက်ဘူးပဲ တကယ်ထင်နေတာ"

"ရှုံပေါင်တော်. . ဦးအောင်ဘု ပါးစပ်ထဲကတောင် လုစားဦးမှာ. . "

"တကယ်လား. . ငါဝါးခွံ့မှာနော် ချိုသဲလေး. . . "

"ဝေါ့. . ဆိုပြီး မှိုချပစ်မှာပေါ့. . "

သူ့ကြက်အုပ်ကို အစားကျွေးပြီးသကာလ. . ဦးလေးခကလည်း အိမ်ပေါ်က သံခဲတို့ကျောင်းသားဝိုင်းမှာ ဝင်စားတော့သည်။

သီထွေးထမင်းပုံထဲ သူ ကြက်သည်းဖတ် ထည့်ပေးရန် ချောင်းနေသည်ကို ချိုသဲက မျက်လုံးတမင်မှိတ်ထားသည်။ မမြင်ယောင်ဆောင်သည့်ပေါ့။ ထိုအခိုက်. . အနားကဇလွံက ချိုသဲထမင်းလုပ်ထဲ ငရုတ်သီးတောင့် လှမ်းထည့်လိုက်သည်။ မမြင်။

"အား. . စပ်တယ်. . စပ်တယ်. . ကုလားအော်သီး ဟားရေ. . ရေ"

"ကုလားအော်သီး မဟုတ်ဘူးဟ. . . ဝက်ပေါက်အော်သီးဟ. . . "

တဝါးဝါးတဟားဟားနှင့် မြိန်လှသော မမေ့စဖွယ် ထမင်းဝိုင်းဖြစ်တော့သည်။ သီထွေးက အအေးချိုင့်ကြီး ကွပ်ပျစ်ပေါ်ယူတင်



www.burmeseclassic.com

www.burmeseclassic.com



ပေးသည်။

ထမင်းဝိုင်းပြီးဆုံးတော့ အအေးတိုက်သည်။ ကုသိုလ်ဆိုတာလည်း မောင်တစ်ထမ်း မယ်တစ်ရွက်ဟု. . ချိုသဲက ကပ်၍စ,သေးသည်။

အိမ်ပေါ်ရှင်း၍ ကျောင်းသားဝိုင်းပြန်သွားသောအခါ. . ဘုရားဆောင်နားတွင်. . .

"ဟိုအထုပ် ဘယ်ကျောင်းသားကျန်ခဲ့ပါလိမ့်"

"ကျောင်းဆရာကို သူ့ကျောင်းသား ညီအစ်ကိုက ကန်တော့တာပါတဲ့. . "

ယောလုံ့ချည်နီညို၊ ချုပ်ပြီးသားဖြစ်နေသည်။

စောင်းပုံသေးသေးလေးတွေနှင့်. . .

"နောင်နောင်တို့ ညီအစ်ကိုကန်တော့တာပါရှင်. . "

"အလကားပြောတာ. . ကြီးမြသီ ဘောနတ်ချောင်းအသွားမမသီမှာလိုက်တာ အစ်ကိုပန်း၊ သံခဲက ဆရာလေးမှာ လုံချည်သုံးထည်ပဲရှိတယ်. . တစ်ထည်က ရေလဲလုံချည်ဆိုလို့"

"တိုက်ဆိုင်လိုက်တာဗျာ. . "

သူ့ခရီးဆောင်အိတ်ယူလိုက်သည်။ ဇစ်ဖွင့်ရင်း. . .

"ကိုယ်မနေ့က မြို့ကြီးဈေးထဲရောက်တယ်. . ထန်းရည်နဲ့ကြွက်သား ဧည့်ခံထားတဲ့ ချိုသဲဖို့ အင်္ကျီနဲ့စကတ်ဂါဝန်ဝယ်ရင်း. . နောက်ဆုံးပေါ်တဲ့ ဖော့ခရစ်လှိုင်းကြီးဆိုလား. . အုန်းနို့ မုန်းဟင်းခါးမပြတ်တမ်းစားရမလားလို့. . ဖားတာပါ. . . "

"ဟာ. . ရောင်စုံပဲ. . ငါးစတောင်ပါလား. . ဘယ်မှာလဲ





ချိုသဲဖို့ရော. . "

"ပါပါတယ် ကျေးဇူးရှင်ရယ်. . . ကျောင်းအစ်မက အစ်ကိုပါ"

"ဟယ်. . လှလိုက်တဲ့ ဂါဝန်တွေ. . . ဟာဟ. . "

"ဒါက. . ကြီးကြီးဒေါ်မြသီအတွက်. . ယိုးဒယားပါတိတ်သိပ်ပြီး လူကြီးဆင်မဖြစ်အောင် မနည်းရွေးရတယ်. . . "

ဦးလေးခက တံခါးဝမှ. .

"ဟုတ်သဟေ့. . ရည်းစားဖို့လား မိန်းမဖို့လားလို့တောင်တို့မောင်ပန်း လူပျိုနုနုထွင့်ထွင့်လေး အမေးခံရသေး. . အဟေး"

အင်္ကျီဂါဝန်တွေ ကိုယ်ပေါ်ကပ်ကြည့်နေသော ချိုသဲက. .

"ဟုတ်တယ် ချိုသဲတောင်ကြားလိုက်သေးတယ်၊ အစ်ကိုပန်းပြန်ဖြေတာ. . အမေ့ဖို့တဲ့. . "

"လုပ်ပြန်ပြီ ဒီကောင်မလေး. . . "

"ပြောပါစေ သီထွေးရယ်. . ကလေးစကားပဲ. . ဘေးမဲ့ပေးထားလိုက်ပါ. . . "

"အောင်မာ. . အရူးစကား၊ ကလေးစကား မှန်တတ်တယ်တဲ့၊ မှန်နေပြီ မဟုတ်လား. . . "

"ထားပါတော့ ထားပါတော့. . . "

"ထားပါဒယ်. . ထားပါဒယ်. . "

နှစ်ဦးသား စူးစိုက်၍ ငိုက်ခနဲ ကြည့်လိုက်မိကြသည်။ အခိုက်လေးကို ဟန်ပန်အမူအရာ မျက်ဝန်းတွေနဲ့ သိပါလ. . . ဖွဲ့စရာ ညှိစရာ. . စကားမှ မရှိတာ. . . ။



www.burmeseclassic.com

www.burmeseclassic.com



စက္ကတ်ဂါဝန် အသစ်တစ်ထည်ကို ဝတ်လက်စ အင်္ကျီပေါ်က ထပ်စွပ်ပြီး ချိုသဲက နှစ်တောင်လောက်မြင့်သော တဲအိမ်ကြမ်းခင်းမှ ခြေတွဲလောင်းချရင်း. . .

"ဟယ်. . ဒါက ဘယ်သူ့ဖိနပ်လဲ. . ရေးထားတာကလည်း ဘယ်ဘက်မှာက 'မ'တဲ့၊ ညာဘက်မှာ 'ခ'တဲ့ ဘာလဲဟ. . ."

"အဲ့ဒါ ငါ့ဖိနပ်ဟဲ့. . မ,ခ ဆိုတာ မောင်ခပေါ့ဟ ဒါလေးတောင် မသိဘူး. . ရှစ်တန်းဘယ်လိုအောင်ထားလဲ မသိပေါင်"

"ခိုးချလို့. . ခိုးချလို့. . ."

ထိုစဉ် လေပင့်တိုး၍ ချိုသဲစက္ကတ်ဂါဝန် လန်ပျံတက်သွားသည်။ အလုပ်ဝင်ခါစ အားလုံးနီးပါး ကြည့်နေသမို့ ဝါးခနဲ ဝိုင်းရယ်ခံလိုက်ရ၏။

"ဘာရယ်တာလဲ. . ဒီမှာ အောက်တစ်ထပ်ပါသေးတယ်ဟဲ့ နှာဘူးတွေရဲ့. . ."

"တော်သေးတာပေါ့ အားလုံးဝိုင်းကြည့်နေတုန်း ဝုန်းခနဲ လန်ပျံသွားလို့. ."

အသံတစ်သံထွက်လာသည်။ စက္ကတ်ဆွဲဖုံးမနေဘဲ ချိုသဲ ထုံးစံအတိုင်း ကြမ်းပေါ် ထိုင်ချပြီး ခြေသပ္ပတ်ထိုး၍ အော်ငိုတော့သည်။

သူတို့နှစ်ယောက် ဝိုင်းချော့သည်။ ဟေးခနဲ ဝိုင်းအော်ပြန်သည်။ အော်လေ. . ငိုလေ။ ငိုလေ. . အော်လေ. . ။ သို့သော်. . ပျော်စရာကောင်းပါသည်။ အော်၍ကလေးလိုငိုနေသော အပျိုဖြန်းလေးပေမို့ ချစ်စဖွယ်ဖြစ်နေပါသည်။





"အော်. . အီး. . ဪ. . ."

အရေးထဲတောင်ပျံကြက်မကြီးက မပီမသနှင့် ကြက်ဖလိုလာအော်ရင်း သူမကို မော့ကြည့်လာနေသည်မို့ ကဲလားတုတ်နှင့် ကောက်ပေါက်သည်။

"ကဲဟာ. . . "

"ကြည့်. . ကြည့်ဟေ့. . သူ့ထက်လန်တာကျတော့ သူဟာသူ တွန်တာကို မနာလိုဖြစ်ပြီး ရန်လုပ်နေတယ်ဟေ့. . ."

ကုန်းအော်ရင်း ကိုင်တုတ်ပါတော့သည်။

သူက ချိုသဲ တောရုပ်ပေါက်သွားပြီဆိုမှ ရပ်လေသတည်း။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၉)

ကျင်း ဟောင်းတွေဆိုသော်လည်း မြေအစိုဓါတ်ကြောင့်. . . အနံ့အသက် မကောင်းလှပါ။ နှာခေါင်းနှင့်မျက်နှာတွင် ပဝါတွေ၊ တဘက်ဟောင်းတွေ ပေါင်းအုပ်၍ အလုပ်လုပ်ကြရသည်။ သူကတော့ အားနာပြီးရင်း အားနာနေတော့သည်။

ကိုစိန်ထုပ်နှင့်ကိုအောင်ဘုက တစ်တွဲ၊ ကိုညွန့်သီးနှင့်ကိုဇဂွဲက တစ်တွဲ ညအချိန်ကျမှ လုပ်ငန်းခွင်ဝင်ခြင်းဖြစ်သည်။ အောက်လင်းမီးနှစ်လုံးနှင့် ထွန်းလုပ်ကြခြင်းဖြစ်သည်။ အလင်းအပြင်မထွက်



www.burmeseclassic.com

www.burmeseclassic.com



ရန် တာလပတ်တွေကို တိုင်စိုက်၍ ကာရံအုပ်မိုးထားရသေးသည်။ လှို့ဝှက်တကယ့်စီမံကိန်းကြီး ကျနေတော့သည်။

ကျင်းက သုံးပေပတ်လည်ခန့်သာရှိသည်။ တစ်ယောက် ဆင်းတူးရန်သာ နေရာရှိသည်။ တူး၍ ကျင်းနှုတ်ခမ်းသို့တင်သည်။ တစ်ယောက်က ထောင်းထုချေမွ၍ ဆန်ခါတိုက်ခြင်း အလုပ်ဖြစ်သည်။ ကျင်းနှစ်ကျင်းကိုပေါင်း၍ တာလပတ်ဖုံးအုပ်ထားခြင်းဖြစ်သည်။ တစ်ကျင်းနှင့်တစ်ကျင်း ဆယ်တောင်ခန့်သာ ကွာသည်မို့ ကျင်းနှစ်ကျင်းကြားတွင် ဆန်ခါချသည့်မြေမွမွတောင်ပို့နှစ်ခု အပြိုင် ပင် မို့မောက်လာသည်။ ဂဝံဆန်သောမြေမို့ နီရဲရဲဂဝံကျောက်စ လေးတွေပါ ရောပါလာသဖြင့် အလွန်ဂရုစိုက်၍ ဆန်ခါပေါ်တင်သ မျှကို စစ်ဆေးရသည်။ စပါးလှေ့ဆန်ခါ ဖြစ်သဖြင့် ကျွံ၍ပါသွားစရာ အကြောင်းတော့မရှိ။

သို့သော်. . ပို၍စိတ်ချရစေရန် ဆန်ခါတိုက်ပြီးသား တင်တန့်ရစ်သည့် ခဲလုံးအမှော်အမွှားတွေကို သံပုံးထဲထည့်၍ ရေဆေးပြီး စစ်ဆေးရသေးသည်။ ဒါက အင်ချုပ်တွေဖြစ်သော ဦးလေးခနှင့်သူ့ဘာဝနဲဖြစ်သည်။ ရှိနေသည်ဆိုပါက ဘယ်လိုမှ မလွတ်နိုင်သော ဝရှုံစိုက်မှုများဖြစ်သည်။

တစ်ခါတလေလည်း အနှံခံနိုင်အောင် အသောက်အစား လေးနှင့် စကားတပြောပြော၊ ဟာသတသောသော လုပ်ကိုင်ကြသည်။ အားလုံး ဟာသဉာဏ်ရှိနေသူများဖြစ်ကြောင်း သူတွေ့ရသည်။ ကိုစိန်ထုပ်က ကျင်းနှုတ်ခမ်းပေါ် မြေတောင်းတင်ပေးရင်း အုန်းမှုတ်ခွက်နှင့် ဦးလေးခခွဲ့တိုက်သော ထန်းရည်ကို ပါးစပ်ဟ





မော့ချသည်။ (ယောကျ်ားသားတွေချည်းမို့ သဘာဝကျကျ စိတ်လွတ် လက်လွတ် ပြောဆိုကြသည်ကို နားလည်ခွင့်လွှတ်ကြပါကုန်။)

ကိုစိန်ထုပ်က သူကမ်းပေးသော ဆေးလိပ်တိုကို မီးတို့ဖွါရင်း

"ဝါးဖေါင်သူကြီးသမီး. . . အားကောင်းမောင်းသန် ကရင် လှေထိုးသားနဲ့ အိမ်ထောင်ကျရော၊ ညဥ့်ကျတော့အဖေလုပ်သူက တဲအပြင်ထွက်ပြီး ဖေါင်စုန်ဖို့ လမ်းကြောင်းကြည့်ပေးနေရတာပေါ့ ဝါးဖေါင်ဆိုတော့ သိတဲ့အတိုင်းပဲ လှုနင်းတာတောင် တကျွတ်ကျွတ် မှတ်လား. . . ."

ဆန်ခါချနေသော အောင်ဘုက. . .

"ခင်ဗျားအိမ်လည်း ဝါးကြမ်း တကျွတ်ကျွတ်ပါဗျာ. . ."

"ကျွတ်ကျွတ်ကွာ ငရို့ကနှစ်ယောက်တည်းနေတာ. . အဲ ဆက်ပြောမယ်. . သန်းခေါင်ကျော်ထိ ကျွတ်ကျွတ်ကမရပ်ဘူး. . အဖေခင်မျာ ထိုင်လိုက်ထလိုက် ဟိုလျှောက်ဒီလျှောက်ပေါ့. . ငြိမ် သွားလိုက်. . ခဏကြာ ကျွတ်ကျွတ်လိုက်ပေါ့ကွာ. . . တော်ပြီ. . တော်ပြီလည်း ခဏခဏ ကြားနေရသပေါ့. . တော်ပြီလိုက် ကျွတ် ကျွတ်လိုက်. . ကြာတော့ အဖေ သည်းမခံနိုင်တော့ဘူး. . ကျိန်းသံ ထွက်ပေးရတော့တယ်. . . တော်ဆိုလည်း ဒတ်လိုက်ပေါ့ကွာ. . မင်းဖင်ထဲ ပြောင်းဖူးရိုး ထိုးထားကြည့်ပါလား တစ်ညဥ့်လုံး မင်းဘယ် လိုအိပ်မလဲတဲ့. . ."

တစ်ဘက်ကျင်းက ကိုညွန့်သီးပါ ထရေသီးအောင်ရယ် တော့သည်။

သူကတော့. . . ကိုစိန်ထုပ်၏စကားထဲပါသော [illegible]



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေးရတော့တယ်" ဟူသည့်အပိုဒ်ကို ရသဟုယူဆသည်။ နှစ်ခွစကားဖြစ်သည်။ ကြိမ်းမောင်းခြင်း၊ သားမက်တပည့်ပေကိုး။ ပြီးတော့ ဗမာစကားပုံရှိသည်ပဲ နှမလင်နေမောင်ဖင်ကျိန်းတဲ့၊. . . ခုဟာက အဖေ။ သူပြုံးရုံမက ရယ်နေမိသည်။

ဆန်ခါချနေသော ကိုဇွဲကလည်း အားကျမခံ. . ။

"ကိုစိန်ထုပ်က ပြောင်းဖူးရိုးဆိုလို့ ကျွန်တော်လည်း ဆေးပြင်းလိပ်တို့ သတိရသွားတယ်ဗျ. . ကိုစိန်ထုပ်လောက် မကြမ်းပါဘူး ကန်တော့နော်ဆရာလေး. . . ."

"ပြောပါဗျာ စာဖြစ်မလာတဲ့ ပြည်တွင်းဖြစ် ဟာသတွေ"

"သိပ်ချစ်တဲ့ သူငယ်ချင်းနှစ်ယောက်ရှိတယ်တဲ့. . ခပ်ကျဉ်းကျဉ်းခုတင်မှာ နှစ်ယောက်အတူအိပ်ရတယ်၊ တစ်ယောက်က ဆေးပြင်းလိပ်စွဲနေတယ်. . အိပ်ခါနီးဆေးပြင်းလိပ်ကို ထောင်းထောင်းထအောင်ဖွာလေတယ်၊ လင်းလင်းချင်း နိုးနိုးချင်းလည်း ဆေးပြင်းလိပ်သောက်တယ်. . . တစ်ယောက်က ဒီဆေးပြင်းလိပ်နံ့ကို အလွန်မုန်းတယ်. . ခင်နေတော့မပြောရက်ဘူး. . . ငါ့သူငယ်ချင်း ဆေးပြင်းလိပ်ပြတ်အောင် ဘယ်လိုလုပ်ရမလဲ အမြဲကြံနေသပေါ့၊ တစ်ညတော့အကြံရတယ် ဟိုကောင်ဆေးလိပ်ဖွါပြီး အိပ်သွားတယ်. . . သူက မီးသေနေတဲ့ ဆေးပြင်းလိပ်ငွေးငွေးလေးကို ယူပြီး ဖင်ကြားညှပ် အိပ်လိုက်တယ်. . မနက်ဟိုကောင်မနိုးခင် အိပ်ရာကထတယ် ဖင်ကြားက ဆေးလိပ်ကို အသာသူ့နေရာသူပြန်တင်ထားပြီး ပြန်အိပ်ချင်ယောင်ဆောင်နေတယ်. . .

ဟိုကောင်နိုးလာတယ် ဆေးပြင်းလိပ်တိုလေး ဖျတ်ဆို ပါး





စပ်ကောက်တပ်တယ်. . . ဟာ. . ဘာဖြစ်တာလဲ. . ဖွီး. . ဝေါ့. . ဆိုပြီး ထွေးထုတ်ပစ်လိုက်တယ်. . အဲဒီညဉ့်ဘက်လည်း ဆေးလိပ်မသောက်ပဲအိပ်သွားတယ်. . သူ့သူငယ်ချင်း ဆေးလိပ်ပြတ်တော့ ပျော်တာပေါ့. . ဖြစ်ချင်တော့ သူကအိပ်မရဘူး. . . ဘာလိုနေမှန်းမသိဘူး. . နောက်ဆုံးဆေးပြင်းလိပ်တိုလေး ဖင်ကြားကောက်ညှပ်လိုက်မှ အိပ်ပျော်သွားတယ်တဲ့. . ."

ရယ်သံတွေ ညဉ့်ယံထဲ ထွက်လာသည်။ ဒါတောင် ကိုဇွဲက နောက်ဆက်တွဲသေးသည်။

"ဒါတောင်ဆေးပြင်းလိပ်က အရင်ညကလို သိပ်မငွေးလို့ မေ့ခနဲ. . မေ့ခနဲပဲ အိပ်ရတယ်တဲ့. . ."

သူကြားဖူးသော ဟာသဖြစ်နေပါသည်။ သို့သော် ငွေးသောကိစ္စမပါဟုထင်သည်။ ကိုဇွဲ စကားအလင်္ကာဆင်ပုံက ပို၍အံဝင်သွားပါသည်။

ဤသို့ဖြင့် ကျင်ရက် သုံးရက်သုံးညဉ့် လွန်မြောက်၍ မိုးသောက်ခဲ့ပါသည်။

ကျင်သမားလေးယောက် မိခင်ဖခင်နှင့် အိမ်သူသက်ထားတွေကို အကြောင်းအမျိုးမျိုးပြ၍ ညဉ့်ညဉ့်ပျောက်နေသောကိစ္စက ခေါင်းထောင်ထလာတော့သည်။ ကိုစိန်ထုပ်မိန်းမ မယ်မျှင်က. . .

"ဒီမယ်ကိုစိန်ထုပ် ရှင်တစ်နေကုန်အိပ်ပြီး ညဉ့်ညဉ့်ပျောက်နေတာ ဘယ်တစ်ယောက်နဲ့လဲ. . ပြော. . "

"နင် ချမ်းသာဖို့ပါဟာ. . ငါမဖေါက်ပါဘူး. . ."

အောင်ဘုမိန်းမ ကျင်ဥမကလည်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ခြေလှမ်းပျက်နေတာ ကျုပ်သိသနော် ရုတ်ရုတ်ရုတ်ရုတ် လုပ်လို့ကတော့. . . ကျင်ဥတဲ့ တစ်ဥထဲရှိတယ် ဟောသလို ဆံပင်စု ကိုင်ပြီး. . ဘယ်ပြန်ညာပြန်. . "

"ဟဲ့. . ဟဲ့. . နင့်သဏ္ဍာန်လုပ်တာကလည်း ငါ့ဆံပင်ကျွန် ပါပြီ. . နဂိုကတစ်မွေးနှစ်မွေးဟာကို. . တစ်ဥထဲရှိတဲ့နင်ဥကို ငါ့ငွေ ထုပ်နဲ့ပစ်ခွဲပြဦးမယ်. . အဲ့သတော့မှ. . တဟဲဟဲ. . ငါ့လင်ကြီး. . ငါ့ လင်ကြီး လာမလုပ်နဲ့. . . "

"ဒါဆိုရှင် ညဥ့်ညဥ့်ဘာလုပ်နေလို့ ဘယ်သွားသတုန်းပြော"

"အမေကလည်းဗျာ ယောကျ်ားအလုပ်တွေ ဝင်ဝင်မရှုပ်နဲ့"

သားတော်မောင် မဲလုံးက ဒေါသဖြစ်ပြီး အိမ်ပေါ်က တဝုန်း ဝုန်း ခြေဗလာနှင့် ဆင်းသွားသည်။

"ဟဲ့. . ငမဲလုံး နင်သာ. . ငါ့ဘဲရောင်းပြီးဝယ်ပေးထားတဲ့ ဖိနပ်လိုက်ရှာဦး. . ယောကျ်ားမှာဖိနပ် အမေရဆိုလို့ မစားရက် မသောက်ရက် ဝယ်ပေးထားတာဟဲ့. . . "

"တော်ကြပါဟာ. . ငါအိပ်ပါရစေ "

ထိုအတူပင် ကိုညွန့်သီးလည်း မိုက်မခဲရသော ဝေဒနာတစ် ဘက်နှင့် ပူညံပူညံအမေ့ကြောင့် အိပ်ရေးပျက်ရသည်။ ဇွဲလည်း သူ့သူ့ငွေးစံရက. . ညဥ့်ညဥ့်ဖျောက်ပြီး နေ့ခင်းကျောခင်းခင်းနေသ ဖြင့် တပူပူတဆူဆူ ထုံးမလေ့တစ်ခုလိုပင်. . .

ရွာထဲတီးတိုး သတင်းတွေလည်း ထွက်လာခဲ့သည်။

"ဆရာတော် အိပ်မက်မက်တဲ့ ဝိသကြုံ မိုးကျရွှေကိုယ်ဆို တာ ငါအစကမပြောဘူးလား. . အောင်ပန်းဟာ သိုက်ကလာတာပါ ဆို. . လက်ဗလာခြေဗလာက မမှာရုံဆောက်ဖို့ ဘယ်ကပိုက်ဆံလာ သလဲ. . . "

"ရှူးတိုးတိုး. . ခုလည်း သူ့ခြံထဲ သိုက်တူးနေကြတယ်တဲ့ နဂါးသိုက်တဲ့. . တော်တော်နက်တယ် ပြောတာပဲ. . . ညဥ့်ညဥ့်နဂါး မတွေ့ ပြိုးပြိုးပြက်ပြက် ခြံထဲထွက်လာတတ်တယ်တဲ့. . "

"ဟမလေး. . အနားသွားမကပ်နဲ့နော် နဂါးမျက်စောင်း အကြောင်းမရွေးဘူး. . တဲ့. . "

"သူ. . သိုက်ကလာတာကို မပြောချင်လို့. . အတိတ်မေ့ချင် ယောင်ဆောင်နေတာတဲ့. . "

"ဥစ္စာစောင့်မတဲ့ဟဲ့. . ယောကျ်ားယောင်ဆောင်နေဖို့ သိုက် ကမှာလိုက်တာတဲ့ ကြည့်ပါလား ဆံပင်ဘယ်လောက် ကောင်းသလဲ"

"ဟုတ်ပ့ါ. . ဖြန့်ချထားတာ ငါမြင်ဖူးတယ် အရောင်လက် လက်ကို ထနေတာပဲ လှမှလှ. . "

"သိသိထွေးကိုလည်း လူပုံအလယ်မှာ အမေဂျမ်း ဟော ထားတာ တစ်ရွာလုံး အကြားပဲဥစ္စာ. . သိုက်ဆက်တဲ့. . ဒါကြောင့် အဝင်အထွက်ရှိနေတာပေ့ါ. . "

"မောင်နှမတဲ့ဟဲ့. . ကြိုက်လို့မရဘူးတဲ့. . . "

"ညီအစ်မပါဟာ. . . "

"ဘာပဲဖြစ်ဖြစ် သူတို့နှစ်ယောက်က. . လိုက်တယ်ဟဲ့. . "

"ဟိုမယ်. . ဒေါ်အာဖြ လာနေပြီ. . . "

၍ ၍ ၍ ၍







www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် စတုတ္ထညဥ့်ကို ရောက်ရှိလာလေသည်။ ညဥ့်ဦး တွင်ပင် တူးမြေက မစင်မြေဆွေးအမည်းတွေကုန်၍ အောက်ခြေက ဂဝံမြေနီနီတွေ ပါလာနေပြီဖြစ်သည်။ နှစ်ကျင်းလုံးဖြစ်သည်။

အလေးချိန်စီး၍ မြေတိုးနိုင်သည်ဟု ယူဆပြီး တစ်ထွာက နေတစ်ထောင်ခန့် ထပ်တူး၍ ကျင်ကြသည်။

ဦးလေးခက စိတ်ပျက်စကား စသည်။

"အင်း. . ငရို့ ဘေးသားတွေလည်း နီရဲအောင် ခြစ်တူးလာ တာပဲ. . ခက်တော့နေပြီ"

ကိုညွန့်သီးက သူ့တွင်းကို ရေလောင်းထည့်၍ သစ်သား ကျင်ခွက်နှင့်ပင် ကျင်ကြည့်နေသည်။ ထိုကျင်းက မြေတစ်တင်း ရှင် တူး၍ အခိုးခံထားရသော ပထမကျင်း၊ ဖြစ်နိုင်ချေများသောကျင်း ဖြစ်သည်။ ကျင်းနှုတ်ခမ်းတွေပါ ပေပွဗွက်တွေထ၍ ချော်ကုန်သည်။





ခဏနား၍ ရေနွေးကြမ်း မြေပဲယိုနှင့် ကျတော့မည့် တည်း တည်းစိတ်ဓါတ်တွေကို တင်နေကြစဥ်. . .

ခြံဝကလက်နှိပ်မီး တဝင်းဝင်းနှင့်. . .

"ဟေ့. . ဆရာကိုအောင်. . ပန်း. . ခြံတံခါးဖွင့်ပါ. . . ဧည့်စာရင်းနဲ့. . ရှောင်တခင် စစ်ဆေးစရာရှိလို့. . ."

ကိုအောင်ဘုက ဖျာယာခတ်သွားပြီး. . .

"ဟာ!. . သူကြီးအသံဗျ. . . ဘယ်လိုလုပ်ကြမလဲ. .'

သူက ချက်ချင်းပင် ဆုံးဖြတ်ချက်ချလိုက်နိုင်သည်။

သွေးအေးအေးလေသံနှင့်. . .

"ဘာမှ အပိုတွေမပြောနဲ့. . ရှောင်မနေနဲ့. . ဦးလေးခက ဆရာတော်ခိုင်းထားလို့ လုပ်နေကြတာလို့ပဲ ပြောထား. . ကျွန်တော် သူတို့ကိုရှောင်ပြီး ဆရာတော်ပင့်ခဲ့မယ်. . ဦးလေးခ တံခါးသွားဖွင့် ပေးလိုက်. . ကျွန်တော့်ကိုမေးရင် ဆရာတော့် ကျောင်းသွားတယ် ပြောထား. . ."

ဆရာလေးကော ဦးခပါ ရွက်ထည်တဲထဲက ထွက်သွား သည်။ မကြာခင် သူကြီးဦးလှမောင်းနှင့် ဆယ်အိမ်မှူးနှစ်ယောက် ရွက်ထည်တဲထဲ ဝင်လာသည်. . . ညွန့်သီးနှင့် အောင်ဘုကို မျက်နှာ ထားနှင့် အရင်ကြည့်သည်။

"မင်းတို့အိမ်တွေက လာတိုင်လို့ ငါလိုက်ရှာပေးတာ. . မင်းတို့ ကျိတ်ပြီးဘာတွေလုပ်နေတာလဲ. . ပြောစမ်း. . ."

စိန်ထုပ်နှင့် ဇဝ္ဂကို အပေါ်စီးကကြည့်သည်။ ဇဝ္ဂက ခေါင်း လေးချွန်နေသည်။ စိန်ထုပ်က ရုပ်တည်နှင့် ခပ်သာသာပင်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေးနေတယ်လေ. . . အောင်ဘု. ."

နောက်ဝင်လာသော ဦးလေးခက သူညီသူကြီးကို ခပ်မာမာလေသံနှင့်ပင်. . .

"ဆရာတော်ခိုင်းထားလို့ လုပ်နေကြတာ. . သူတို့ဘာမှ မသိဘူးသူကြီး. ."

"ရပ်ရွာအုပ်ချုပ်ရေးပိုင်းကမသိဘဲ. . လုပ်ချင်တိုင်းလုပ်လို့ရမလားဗျ. . ကိုမောင်စိုး ခင်ဗျားအပိုင်ထဲမှာ ခင်ဗျားသိရမှာဗျ"

"ဒါက ဝတ္ထုကံမြေထဲပါတယ်လေ. . ဘုန်းကြီးနဲ့ပဲဆိုင်တယ်သူကြီး. . ."

"ဒါဆို ဒီနေရာမှာ လက်နက်စက်ရုံလာတည်ရင်. . ခင်ဗျားဒီတိုင်းပဲကြည့်နေမယ်ပေါ့. ."

ဦးခက. .

"ဟော့ကောင်သူကြီး. . ငါတို့ဘုန်းကြီးက အဲ့ဒါမျိုးလုပ်မလားကွ. . မင်းစကားပြောတာ ကြည့်ပြော. . ဒါ မင်းပိုင်မြေမှုတ်ဘူး. . ငါ့ကို စံရပေးထားတာ. . ငါကလှူထားတာ. ."

"ခင်ဗျားကြီး တိတ်တိတ်နေ. . . ထိတ်တုံးစာမိချင်နေလားမူးပြီးလာရမ်းကတည်းက ခတ်မလို့ မိလွန်းတောင်းပန်လို့. . ဒီတစ်ခါတော့ မဖြေရှင်းနိုင်ရင် ခင်ဗျားထိတ်တုံးနဲ့ညားမှာပဲ. ."

ပြောရင်း ရှံ့ကျင်းနှုတ်ခမ်းဘက် တိုးကဲ၍ ကြည့်သည်။

ကိုညွန့်သီးက. . .

"သူကြီး. . သူကြီး. . အနားမကပ်နဲ့. ."

"ကပ်တော့ဘာဖြစ်လဲ. . ကပ်တယ်ကွာ. ."





"ဖလပ်!. . ရှရော!. ."

"ဟာ!. . ဟာ!. . မောင်စိုး လုပ်ဦး"

"ရှော!. . ဝုန်း!. . ဝရုန်း!. . ဗွပ်!. ."

သူကြီးရော မောင်စိုးပါ ဗွက်ကျင်းထဲ ကျွမ်းထိုးမှောက်ခုန်ပြုတ်ကျကုန်တော့သည်။ ပေရေညစ်ပတ်၍ ကုန်းထလာကြသည်။ ရုတ်တရက် ဘယ်သူမှ ဆွဲမတင်. . အောက်က မျက်နှာက ရှုံ့မဲ့ညိုတွေသုတ်ရင်း မမြင်မစမ်း လက်တရမ်းရမ်း. . အော်နေသည်။

"ချေးစော်ကလည်း နံလိုက်တာ ဟောင်နေတာပဲ. . လုပ်ဦးဆွဲတင်ကြဦးလေကွာ ငါ့လန့်သွားမှပဲ. . ."

ဆရာတော်နှင့် ကိုအောင်ပန်း ဝင်လာသည်။ ကိုအောင်ပန်းကတော့ ရယ်နေသည်။ ဆရာတော်ကတော့ ခေါင်းတငြိမ့်ငြိမ့်နှင့်ကြိမ်လုံးကိုင်ရင်း. . .

"အိမ်း. . မင်း. . သာသနာ ကောင်းရာကောင်းကျိုး လုပ်နေသူတွေကို သာသနာမြေထဲ လာဝင်စွက်လို့. . အဲဒါဘုရားရိုက်တာပဲ. . . ဘုရားက ဒီထက်ထပ်မနှက်ခင် မင်းတို့ထွက်သွားတော့ဒကာညွှန့်သီး ဟိုမယ်ကြိုးရှိတယ်. . အိမ်သာတိုင်မှာချည်ပြီး တွဲလောင်းချပေးလိုက်. . ."

ကြိုးကိုဆွဲ၍ ဗွက်တွင်းထဲက ကုန်းရုန်းတက်လာကြသည်။ တစ်ကိုယ်လုံးဗွက်တွေနှင့် မျက်စေ့နေရာလေးသာ ကွက်ကျန်ပြီး ပေကလပ် ပေကလပ်နှင့် ဒူးတုပ်လက်အုပ်ချီနေကြပုံက မပြုံးဘဲ ဝါးလုံးကွဲရယ်ဖို့ကောင်းနေတော့သည်။

"ဒီတစ်ခါက ဗွက်တွင်းထဲကျတာ နောက်တစ်ခါဆို ဘယ်



www.burmeseclassic.com

www.burmeseclassic.com



တွင်းထဲကျမလဲ. . သိလား. . လူမောင်း. . ”

“မသိပါဘုရား. . . ”

“အဝိစိ. . အဝိစိငရဲတွင်းကွ. . . ငါလေ. . တယ်. . . ဆော်လိုက်ရ”

ဦးပင်မချနိုင်ဘဲ တစ်ချိုးတည်း ထလစ်ကြတော့သည်။

တကယ်လည်း ဆော်မည့်ဆရာတော်ပေကိုး။

အခြေအနေတိတ်ဆိတ် ငြိမ်သက်သွားမှ. . .

“အိမ်း. . ဥစ္စာကံပေးမရသေးက နှောင့်နှေးဗျာပါ မရှိရာတဲ့ ဒကာတို့. . ဥစ္စာပစ္စည်းဆိုတာ ကံနဲ့အလွန်ဆိုင်တယ်. . ချမ်းသာခြင်းကတော့. . ကံ၊ ဉာဏ်၊ ဝီရိယနဲ့ ဆိုင်သပေါ့. . . ဉာဏ်နဲ့ ဝီရိယ စိုက်ကြတာတွေ့ရလို့. . ဘုန်းကြီးဝမ်းသာသကွဲ့၊ ကံမပါသေးတော့ မရသေးဘူးပေါ့. . . ကိုင်း ဒီညဉ့်တော့ အားလုံးအိမ်ပြန်နားကြပေရော့. . . နက်ဖြန်မှ ဘုန်းကြီးလိုအပ်သလို အခေါ်လွှတ်မယ်”

ကိုအောင်ဘု၊ ဦးညွန့်သီး၊ ကိုစိန်ထုပ်၊ ကိုဇွဲ တို့လေးဦး ညှိုးငယ်စွာ ဆရာတော်ကို ဝတ်ပြု၍ ထကြသည်။ နောက်ဆုံးမှ ထွက်သော ကိုအောင်ဘုက တဲဝတွင် ချွတ်ထားသော ဖိနပ်တစ်ရန်ကို ကောက်၍ မီးရောင်နှင့်ထောင်ကြည့်ပြီး. . .

“ဘယ်သူ့ဖိနပ်မှားသွားသေးလဲ!. . . ”

ဦးလေးခက အနားသွားကြည့်၍. .

“မမှားပါဘူး. . အဲဒါ ငါ့ဖိနပ်ကွ. . . ”

ခဏတွေနေပြီးမှ ကိုအောင်ဘု ချာခနဲ လှည့်ထွက်၍ အမှောင်ထုထဲ ပျောက်ကွယ်သွားလေသည်။ ကိုအောင်ဘု ဘာဖိနပ်မှ





စီးမသွားပါ. . . ။

ဆရာတော်၊ သူနှင့် ဦးလေးခ. . သန်းခေါင်ကြက်တွန်သည် အထိ. . ထဲထဲဝင်ဝင် အသေးစိတ်ဆွေးနွေးကြသည်။ ဥစ္စာပျောက်ငရဲရောက်တဲ့။ တစ်စုံတစ်ယောက် သစ္စာပျက်တာ မဟုတ်လျှင် အနိုးခံရသော မြေတစ်တင်းစာထဲ ကျိန်းသေပါသွားခြင်းသာ ဖြစ်မည်ဟု အားလုံး အဆင်ပြေရေးအတွက်နှင့် သံသယကင်းရေးအတွက်. . လက်ရှိကျင်းကို မြေဖို့၍ သူကိုယ်တိုင် ကျင်မည်ဟု တွင်တွင်ပြောလာသည်။ ဆရာတော်က စဉ်းစားကြသေးတာပေါ့ဟုသာ မိန့်သည်။

“ဥစ္စာရှင်မှန်ရင် ပြန်ကိုရ,ရမှာပေါ့. . . ”

ဟူ၍ နှစ်သိမ့်ရင်း ပြန်ကြွသည်။

“အော်. . . အီး. . အော. . . ”

သူ ဆရာတော်ကို ဓါတ်မီးနှင့် လိုက်ပို့တော့ အိမ်အောက်က သန်းခေါင်ယံ တောင်ပြန်မ အသံ နောက်မှာကျန်ခဲ့သည်။ ရှာပါး ကြက်မပါပေ။ သူပြန်လာတော့လည်း ကြိုနေပြန်သည်။

“အော်. . . အီး. . . အော. . . ”





www.burmeseclassic.com

www.burmeseclassic.com






# အခန်း(၁၀)

ထို မနက်က သူစိတ်ဓါတ်လည်းကျ၊ အိပ်ရေးပျက်ပေါင်းလည်းများခဲ့ပြီမို့ စိတ်ရှိလက်ရှိပင် ပေအိပ်နေခဲ့သည်။ သီတင်းကျွတ်ခါနီးပြီမို့ ကျောင်းလည်း ပိတ်ထားသည်လေ။

"အစ်ကိုပန်း. . အစ်ကိုပန်း. . ကာလနဂါးကြီး. . ထစမ်းပါဦးရှင့်. . အိပ်ပုတ်ကကြီးလိုက်တာ. . ."

အိပ်ချင်မူတူးဖြစ်နေသော စိတ်သည် သီသီထွေးငေ့အပြုံးတွင် လန်းသွားလေသည်။ မျက်နှာပြေးသစ်ရသည်။ ငွေတောင်



www.burmeseclassic.com

www.burmeseclassic.com



ခေါက်ဆွဲဝိုင်းကို ပြင်ဆင်နေကြသည်။

ချိုသဲက. . .

"ပြောစရာရှိတယ် အစ်ကိုပန်း. . လာ. . မျက်နှာဒီနားမှာ လာထိုင်သုတ်ပါ. . . အရေးကြီးတယ်. . ."

"ဘာပါလိမ့်. . ချိုသဲက စကားအတည်တွေဘာတွေ ပြောတော့မယ်ထင်တယ်. ."

"ဟုတ်တယ်. . ညဥ့်က တော်တော်ညဥ့်နက်မှ ဦးညွန့်သီးရယ် ကိုအောင်ဘုရယ် ဦးစိန်ထုပ်ရယ် ကိုဇွဲရယ် ထန်းတောရောက်လာတယ်. . . ထရေမှာပြီ အဖေ့ကိုလည်း ကိုသာဉာဏ် ခင်ဗျားဝေးဝေးမှာနေပေးပါတဲ့. . . လူရိပ်သူရိပ် စောင့်ပေးပါတဲ့၊ ကျုပ်တို့ဆွေးနွေးစရာရှိလို့တဲ့. . .၊ ထရုံခြားပြီး ချိုသဲရှိနေတာ သူတို့မသိဘူး"

သူတော်တော်စိတ်ဝင်စားသွားသည်။

ဘာများ လျှို့ဝှက်ဆွေးနွေးပါလိမ့်. .။

"ထန်းရည် တစ်ခွက်စီငှဲ့တယ် ကိုင်မြှောက်ပြီး. . ဦးညွန့်သီးက ဒါလည်းသစ္စာဆိုရင် သစ္စာရည်ပဲတဲ့. . . သစ္စာဆိုမယ်. . ကဲ. . တို့လေးယောက် လိမ်ညာပြောသူ သွေးအံပါစေသား. . သောက်. . တဲ့. . .

ချောင်းကြည့်တာ မြင်နေရတယ်. . ကိုအောင်ဘုက စဉ်းစားနေတယ်. . မသောက်သေးဘူး၊ ကိုစိန်ထုပ်က. . ဟော့ကောင်အောင်ဘု မင်းက တို့လေးယောက်တည်းမှာ သစ္စာရေကို မယုံတဲ့ကောင်. . ဘုန်းကြီးကိုယ်တိုင်ပါသောက်တဲ့ သစ္စာရေကို သိမ်ထဲမှာတုန်းက အရင်ဆုံးကောက်သောက်တာ မင်းပဲ. . ခုဟာက. . ဘယ်





လိုဖြစ်တာလဲ. . မင်းမသောက်ရဲတော့ဘူးလား. .၊

ကိုအောင်ဘုက. . ဘာမှပြန်မပြောဘဲ တွေတွေကြီး လုပ်နေတယ်လေ. . ဦးညွန့်သီးကလည်း. . မင်းသစ္စာမဖေါက်ထားရင်သောက်တဲ့. . .၊ မသောက်ဘူး. . .၊

သစ္စာဖေါက်ဆိုပြီး ကိုဇွဲက စ,ထိုးတာ ပတ္တမြား ဘယ်မှာထားလဲလို့ ချုပ်ပြီး မေးကြတော့တာ. . ပါးစပ်က သွေးတွေသာ ကျလာတယ်. . ကိုအောင်ဘုက ဘာမှပြန်မပြောဘူး ရှုန်းလည်းမရုန်းဘူး. .၊

မင်း ငါတို့ကို သစ္စာဖေါက်ရုံမက. . ဆရာလေးနဲ့ ဆရာတော်ကိုပါ သစ္စာဖေါက်တယ်. . . ဘုရားရှေ့မှာ သစ္စာရေသောက်ထားတာကွ ပတ္တမြားကြီး ဘယ်မှာလဲပြောလို့. . . ရိုက်နှက်ထိုးကြိတ်မေးကြတာပေါ့. .၊

အဖေက ဝင်ဆွဲတယ်. . ကိုသာဉာဏ် ခင်ဗျားအနား မကပ်နဲ့ဆိုလို့ ခပ်ဝေးဝေးက အဖေက ကြည့်နေရတယ်. . ဝိုင်းထိုးလိုက်ကြတာ. . ချိုသဲ ကြည့်တောင်မကြည့်ရက်ဘူး. . ငါတို့ကို အလျှုရှင်ဖြစ်အောင် ချမ်းသာအောင် တကယ်လုပ်ပေးမယ့် ကျေးဇူးရှင်လေးကွ. . ဒါကိုမင်းက တစ်ကိုယ်ကောင်းကြံတယ် ဆိုပြီး တီးတာ. . နောက်ဆုံး ကိုအောင်ဘုက ငိုသံပါကြီးနဲ့. .၊

တောက်!. အသားထဲက လောက်ထွက်တာ. . ငါ ပတ္တမြားကြီးရအောင် ပြန်ရှာပေးပါ့မယ်ကွာ ဆိုပြီး. . ယိုင်ထိုး ထပြန်သွားတယ်. . သွေးတွေဆိုတာ ရဲနေရော. . ကျန်တဲသုံးယောက်တည်းကြောင်တောင်တောင်ကြီး ကျန်ခဲ့တယ်. . မူးအောင်သောက်ပြီး. .



www.burmeseclassic.com

www.burmeseclassic.com



တဲမှာ ခုထိမျောက်တုန်းပဲ. . . ”

သူလည်း အမောတကောပြောပြီးသွားသော ချိုသဲစကား အပြီး၌ ငေါင်တောင်တောင်ကြီး ဖြစ်သွားသည်။

ဦးညွန့်သီး၊ ကိုစိန်ထုပ်၊ ကိုဇဂွဲ တို့နှင့် ပတ္တမြားသည် လုံးဝ မပတ်သက်ကြောင်း ရှင်းနေပြီ။ ကိုအောင်ဘုက ဘာဖြစ်တာပါလဲ၊ သူအကဲခတ်နိုင်သမျှ ကိုအောင်ဘုသည် စိတ်ရင်းအဖြူအဖြောင့်ဆုံး ဖြစ်သည်။ ကျွဲသူခိုးများက လွတ်လမ်းမမြင်သဖြင့် သူ့အိမ်အောက်တွင် ခိုးလာသော ကျွဲကို ချည်ထားခဲ့ဖူးသည်။ ထောင်သုံးလကျဖူးသည်။ သူဖြေရှင်း၍ မရခဲ့သောကြောင့်သာ ကျခဲ့ခြင်းဖြစ်သည်။ ဒါကို အလွန်ရှက်ပြီး သိမ်ငယ်ခဲ့သူဖြစ်သည်။ သိမ်ငယ်စိတ်နှင့် ရိုက်နှက် ထိုးကြိတ်သမျှ ခံသွားပုံရသည်။ သူရအောင်ရှာပေးမည်တဲ့ အကြောင်းတော့ ရှိကိုရှိမည်။

“ကိုပန်း ဟးဦးလေ. . . တွေးနေတာ အကြာကြီးပဲ၊ အိပ်ရေးလည်းပျက်ထားလိုက်တာ နားထင်နားရင်းတွေ ကျနေပြီ၊ အစတော့စားပါဦး. . ”

မှန်သည်။ လောလောဆယ် ပစ္စုပ္ပန်တည့်တည့်၌သာ နေရမည်။ သီထွေးကို ပြုံးပြလိုက်နိုင်သည်။ နယ်ဖတ်ပေးထားသော ရွှေတောင်ခေါက်ဆွဲကို အားပါးတရပင် စားပစ်လိုက်သည်။ ချစ်ရသူက ဘေးနားတွင်ရှိသည်။ စားစရာကောင်းကောင်းရှိနေသည်။ ညီမလေးတစ်ယောက်ပါ အပိုဆောင်းရှိနေသေးသည်။

ဘာလိုသေးသနည်း။

“ကျောက်သံပတ္တမြားဆိုတာက စံနှုန်းတန်ဖိုးသက်သက်ပါ





အသုံးကျတန်ဖိုးဖြစ်စေချင်လို့. . ကိုယ်ကြိုးစားကြည့်နေတာပါ. . . ပစ္စည်းကို ခုံမင်လို့ မဟုတ်တာ. . သီထွေး သိပါနော်. . ”

“ချိုသဲ အကုန်ရှင်းပြပြီးပါပြီ. . သူက ဆင်းရဲသားတွေ ဘက်က အမြဲရှိတယ်ဆိုတာ. . သီထွေးလည်း သိပါတယ်. . ”

“စားသောက်ပြီးရင်. . ကိုအောင်ဘုကို သွားပြီးနှစ်သိမ့်ရအောင်နော်. . ဆေးဖိုးဝါးခပါ ပေးချင်တယ်. . တော်ကြာ. . သူ ဒီထက်ထပ်ပြီး စိတ်ဓါတ်သိမ်ငယ်သွားလိမ့်မယ်. . . ”

“ကောင်းတယ်. . . သီထွေးပါ လိုက်ခဲ့မယ်. . . နော်. . ”

“ကိုအောင်ဘု ပိုအားရှိတာပေါ့. . . ”

ချိုသဲဟင်းရည်သောက်ရင်း. . .

“အစ်ကိုပန်းကော အားမရှိဘူးလား. . မပျော်ဘူးလား!. . ”

“ရှာလယ်လမ်းက အတူတူလျှောက်ရမှာနော်. . သီထွေး ဂုဏ်သိက္ခာက ရှိသေးတယ်. . ”

“မကောင်းမှု လုပ်ရမှာ ကြောက်တာ. . မကောင်းမှု လုပ်ရမှာ ရှက်တာ. . . ဒီနှစ်ပါးတော့ သီးထွေး ဗုဒ္ဓဘာသာပဲ. . ရှိတာပေါ့ ဒါပေမယ့်. . ခုဟာက အားငယ်သူကို သွားနှစ်သိမ့်မှာ၊ မရှိနွမ်းပါးသူကို သွားပြီးပေးကမ်းမှာလေ. . . ကောင်းမှုလုပ်တာပဲ ဂုဏ်တောင် ရှိသေးတယ်. . .

ရှာလယ်လမ်းဘက် မျက်နှာလှည့်နေသော ချိုသဲက. . . မျက်လုံးလေးပြူး၍. .

“ဟယ်. . . ဟိုမှာလူအုပ်ကြီး ဒီဘက်လာနေတယ်. . ဟဲ တော့. . လူအုပ်ရှေ့မှာ. . . ”



www.burmeseclassic.com

www.burmeseclassic.com



သူ့သား မဲလုံးကို လက်ပြန်ကြိုးတုတ်၍ နောက်ကနေ၍ နွားရိုက်ကြိမ်နှင့် တရွှမ်းရွှမ်းရိုက်လာနေသော ကိုအောင်ဘု၊ သူ့အကျီ နှင့်မျက်နှာ ခန္ဓာကိုယ်ပေါ်၌ ခြောက်သွေ့နေသော သွေးကွက်တွေ။

သားဖြစ်သူ ကိုယ်တုံးလုံးပေါ်၌လည်း အဝေးကပင် မြင်နိုင်သော အရှိုးရာတွေ. . နောက်က နည်းနည်းနောနော လူအုပ်မဟုတ် ငြိမ်သက်လို့ . . ဘုန်းကြီးကျောင်းဝရောက်နေပြီ. . လှမ်းဝင်နေပြီ။

သုံးဦးသား ဖိနပ်ပင် မစီးအား ဒုန်းစိုင်း၍ ပြေးမိကြတော့သည်။ ကျောင်းအဝင်ဝ ပညောင်အိုအောက်တွင် ဝိုင်းရံနေသော လူအုပ်ကြီးကို ဘွားခနဲ တွေ့လိုက်ရသည်။ ဝိုင်းတွင်းက အသံတွေ လျှံထွက်လာ၏။

"ရွှမ်း!. . အား!. . ရွှမ်း!. . အ!. . ရွှမ်း!. . အ!. . "

ငြိမ်သက်ငုံ့ကိုင်းနေသော ညောင်ရွက်တွေပင် တဖျတ်ဖျတ် လှုပ်သွားသည်ဟု ထင်ရသည်။ လူအုပ်ကြား အတင်းတိုးဝင်လိုက်ကြသောအခါ. . . ပူပြင်းစ နေရောင်အောက်တွင် လက်ပြန်ကြိုးနှင့် ဒူးတုတ်ခေါင်းငုံ့နေသော. . ကျွဲပေါက်တစ်ကောင်လို သန်မာသည့် သားဖြစ်သူ မဲလုံး. . . ပါးစပ်ကသွေးစက်တွေ သဲမြေပေါ် တွဲစီးကျနေပုံ. . သွေးကွက်တွေ ချွေးစက်တွေနှင့် စုတ်ပြတ်နေသော ချည်အကျီ ရင်ပတ်ဟပြနှင့် ကိုအောင်ဘု. . ။

ကြိမ်လုံးကြီးမိုး၍ မောနေပုံ. . ဒေါသအဟုန်. . မျက်ရည်စီးကြောင်းတွေက ချွေးနှင့်အတူ မျက်နှာပေါ်ကနေ ဗလာရင်ဘတ်ပေါ် နီစွေးစွေး စီးကျနေပုံ. . လူပုံအလယ်က မြင်ကွင်းသည် အပူရောင်တွေနှင့် လောင်မြိုက်နေတော့၏။





ဘယ်သူမှ ဝင်မဆွဲရဲကြ။

သူလည်း ခဏတာ မှင်တက်မိနေစဉ်. . .

"မင်းကိုငါ လက်ဖျားနဲ့တောင် မရိုက်ခဲ့ဘူး. . လက်ညှိုးနဲ့တောင် မရွယ်ခဲ့ပါဘူး. . တစ်ရွာလုံးသိတယ်. . အခုဟာက မင်း မိုက်လုံးကြီးလွန်းလို့ ရိုက်တာ. . . ငါတို့မျိုးရိုးမှ မရှိတဲ့ မင်းဟာ သူခိုး"

"ရွှမ်း. . "

"သူတော်ကောင်းကို ချောင်းရိုက်တဲ့. . . သူတော်ကောင်းတွေရဲ့ လှူဒါန်းမယ့် ပစ္စည်းဥစ္စာကိုမှခိုးတဲ့ အမျိုးယုတ်. . သူခိုး. . "

"ရွှမ်း!. . . "

သူအတင်း ပြေးဝင်ဆွဲသည်။

"ဖယ်. . ဆရာလေး. . ကျုပ် မဆုံးမခဲ့လို့ ဒီလိုဖြစ်တာ. . ဖယ်ပါ. . ဒီကောင် သူခိုး. . ဆရာလေးကိုရိုက်တဲ့. . ဆရာလေး အိမ်ကိုကပ်တဲ့ သူခိုးဟာ ဒီကောင်. . တစ်ချက်မှ ဝန်မခံဘဲ ပေခံနေလို့. . ကျုပ်ရိုက်နေတာ. . . "

နောက်က ယောကျ်ားတစ်ယောက်ကလည်း ကိုအောင်ဘုကို အတင်းဝင်ချုပ်၍ သူက တုတ်ကိုဆွဲလုလိုက်နိုင်သည်။

ဆောင့်ကန်ရုန်းပြင်သည်။ အတင်းဆွဲထားမှ. . .

"ဆရာတော့်ဆီ ခေါ်လာတာ. . . သစ္စာရေ တိုက်မလို့. . . စစ်မလို့. . . "

"ဒါဆိုရင်. . လာ. . ကိုအောင်ဘု. . ဆရာတော့်ဆီ ကျွန်တော်ကိုယ်တိုင် လိုက်အပ်မယ်ဗျာ. . . ဘာမှ မလုပ်ပါနဲ့တော့. . . အမှန်အတိုင်း ဖြစ်စေရမယ်. . ဟိုမှာ ကလေးပင်ပန်းလှပြီ. . လူပုံ



www.burmeseclassic.com

www.burmeseclassic.com



အလယ် သားပျိုကို ဒီလိုဆုံးမတာ. . ခင်ဗျား ချစ်တာ မဟုတ်ဘူးဗျ နစ်သထက်နစ်အောင်. . နှစ်နေတာ. . ”

သူဒေါသသံနှင့် ခပ်ထန်ထန် အော်လိုက်မိသည်မို့. . ကို အောင်ဘုရော ပရိသတ်ပါ တိခနဲ ငြိမ်ရပ်သွားသည်။

သူ. . မဲလုံးကြီးတွေဖြည်ရင်း. . .

“လာ. . ညီလေး. . ဆရာတော့်ဆီသွားမယ် ဘာမှမဖြစ်စေရဘူး အစ်ကိုရှိတယ်. . ခိုးယူစရာမလိုဘူး. . ငါ့ညီ လိုချင်တာ ပြော. . အစ်ကိုအကုန်ပေးမယ်. . ယောကျ်ားစကား. . အားလုံးရှေ့မှာ ကျွန်တော်ပြောတယ်. . ဒီကလေးလိုချင်တာ ကျွန်တော် အကုန်ပေးမယ်. . လိုက်မလာကြပါနဲ့. . . အကြောင်းစုံသိချင်ရင် ဒီကပဲ အေးအေးဆေးဆေးစောင့်ပါ. . ကဲ. . ကိုအောင်ဘုကို သီထွေးနဲ့ ချိုသဲက တွဲခေါ်ခဲ့. . . ကျောင်းပေါ်ထိ လိုက်တက်မလာနဲ့ ကျောင်းအောက်ကပဲစောင့်. . လာ. . သွားကြမယ်. . . ”

ခုမှပင် အီးခနဲငိုချလိုက်သော မဲလုံးကြီး၏ ငိုသံသည် ကြားသူတိုင်းရင်ထဲ ဖြတ်စီးသွားတော့၏။ နုပျိုသန်မာသော ယောကျ်ားပျိုတစ်ယောက်၏ ခန္ဓာကိုယ်ပေါ် နီရဲညိုမည်း၍ သွေးခြေဥအောင် ရထားသော ဒဏ်ရာတွေကြောင့် ငိုသောအသံမဟုတ်ပါချေ။ ရှက်ရွံ့ခြင်း နာကြည်းခြင်း ဆုံးရှုံးခြင်း၊ နိမ့်ကျခြင်းနှင့် မာန်မာနကို ထိပါးလွန်သောကြောင့် ယူကျုံးမရဖြစ်ရခြင်းတို့ ပေါင်းရုံးလွင့်တင်လိုက်သော အသံဟု သူကတော့ ခံစားလိုက်ရပါသည်။

ကိုအောင်ဘုလည်း ယောကျ်ားအားကောင်းမောင်းသန်တွေ ဝင်မဆွဲရဲအောင် ဒေါသမီး တဟုန်းဟုန်း ထခဲ့သော်လည်း





နုံးညံ့သော မိန်းမသူနှစ်ဦး၏ လက်ဝါးနုစ်ဘက်ကြား ငြိမ်လျှက်သား ပါလာသည်။

ဦးလေးခ ပြေးလျှောက်ထားပြီးပုံရသည်။ စံကျောင်းပေါ်မှ ဆရာတော် မျှော်ကြည့်ရင်း စောင့်နေသည်။

ဆရာတော်က ကိုအောင်ဘုနှင့် သီထွေးတို့. . ကျောင်းအောက် ရပ်ကျန်ခဲ့သည်ကို မြင်၍. . .

“အားလုံးတက်ခဲ့. . . ”

ဟု သံပြတ်နှင့်မိန့်သည်။

အားလုံး ဝတ်ပြုပြီးသောအခါ. . .

“ကဲ. . တရားရုံးလိုဆိုရင် ဒကာအောင်ဘုက တရားလိုပဲ. . . သူကအရင် အမှုတိုင် အမှုဖွင့်ရတယ်. . ကဲ. . အောင်ဘု ဘာဖြစ်လာတာလဲ. . . ”

“ဆရာလေး ကိုအောင်ပန်းကို ချောင်းရိုက်တာ ဒီကောင်ပဲ. . . အဲ့ဒီညက ဆရာလေး အိပ်မောကျနေချိန် အိမ်ဝင်ဖေါက်တာလည်း သူပဲ. . ပြီးတော့. . အိမ်သာမြေ တစ်တင်းစာ ခိုးတူးတာလည်း မဲလုံးဆိုတဲ့ တပည့်တော်သားအရင်းပါပဲဘုရား. . အဟီး. . အဟင့်. . အဲ့. . ဒါ. . လက်ရဖမ်းပြီး လာအပ်တာပါဘုရား. . . အဲ့ဒီ မျိုး. . ဖျက်. . ကောင်. . ကို. . အဟီး. . ”

“သူ. . ခိုးပါတယ်လို့. . ဝန်ခံလို့လား. . အောင်ဘုရ”

“ခိုးတာကို ဝန်မခံဘူးဘုရာ့. . ဘာမှကို မပြောတာပါ. . ဒါကြောင့် တပည့်တော် ဒေါသထွက်တာပါ. . ”

“မင်းက. . မင့်သားရိုက်ပါတယ်. . ခိုးပါတယ်လို့. . ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် စွပ်စွဲရတာလဲ. . ပြောစမ်း. . ”

“သူ အင်မတန်မြတ်နိုးတဲ့ဖိနပ် ပျောက်နေတာရယ်. . နွားစာခွက်ထဲမှာ. . မစင်စော်နံနေတဲ့ မြေဆွေးအစအနတွေ တွေ့ထားဖူးတာရယ်ကြောင့်ပါဘုရား. . . ”

“အဲ့ဒါလောက်နဲ့. . သူ ခိုးပါတယ်လို့ စွပ်စွဲလို့ရမလားကွ မင်းဟာက မခိုင်လုံဘူး. . ”

“ခိုင်လုံပါတယ်ဘုရား. . စပါးတောင်းမှာ ကပ်ကျန်နေတဲ့ မြေဆွေးတွေဟာ တပည့်တော်တို့ ညဉ့်တိုင်းကျင်နေတဲ့ မြေဆွေးပါပဲဘုရား. . နွားရုံထဲမှာ တပည့်တော်တွေ့ထားတာ ကြာပါပြီ. . သံသယပဲရှိခဲ့ပါတယ်. . မနေ့ညက ဦးလေးခဆီမှာ သူ့ ဆင်ကြယ် ဖိနပ်တွေ့လိုက်မှ တပ်အပ်သေချာ ပြောနိုင်သွားတာပါ”

“ဟော့!. . မောင်ခ. . . မင်းဆီ မဲလုံးဖိနပ်က ဘယ်လိုက ဘယ်လို ရောက်နေတာလဲ. . . ”

“တ. . . တပည့်တော် ကောက်ရတာပါဘုရား. . ”

အောင်ဘုက ဝမ်းသာအားရ လှမ်းကြည့်သည်။ သူ့ အယူအဆ မှန်ပြီဟူသော မျက်လုံးနှင့်. . .

“လေးခ. . ပြောင်းခင်ထဲက ကောက်ရတာ မဟုတ်လား မင်း လိမ်ဦးမလား မဲလုံး. . ဆရာလေးကို မင်းရိုက်ပြီး ဖိနပ်ကျန် အောင် ထွက်ပြေးခဲ့တယ်မဟုတ်လား. . . ငါမင်းကို မွေးထားတဲ့ အဖေပါကွ. . ဘခ. . ပြောင်းခင်းထဲက ကောက်ရတာမှုတ်လား. . ဆရာတော့်ကို လျှောက်လိုက်. . ”

“မှုတ်ဘူး. . . ”





“ဗျာ!”

“ကနစိုပင်အောက်က. . ကောက်ရတာ. . . ”

“ဟော!. . ”

“ဟုတ်တယ်. . ဓါးမြောင်နဲ့ ပိုက်ဆံထုပ်သွားတူးတဲ့နေ့က ကနစိုးပင် ခွကြားက တွေ့တာ. . . ငါထင်တော့ထင်သား ကနစိုသီး အခွံလေးတွေ ကျနေတာကိုလည်း မြင်သား. . ဒါပေမယ့် ဖိနပ်ဦး မှာ မနဲ့ခ ရေးထားတော့ ကနစိုပင်စောင့်နတ်က. . မောင်ပန်းကို သူ့ပစ္စည်းပြန်ပေးသလို ငါ့ကိုလည်း ဖိနပ်ဆုချတယ်ပဲ ထင်တာလေ ရှိတောင်ခိုးခဲ့သေးပါကော. . ”

ဆရာတော်ကပြုံးရင်း. . .

“ဘာအဓိပ္ပါယ်လဲကွ မ,ခ ဆိုတာက”

“ဘယ်ဘက်ဖိနပ် ‘မ’က‘မောင်’ ညာဘက်ဖိနပ်က ‘ခ’က ‘ခ’. . မောင်ခပါဘုရား ကနစိုနတ်က ကမ္ပည်းပါ ထိုးပေးထားပါ တယ် ဘုရား”

“မှုတ်ဘူး၊ အဲဒါ ကျုပ်ရေးထားတာ သံချောင်းမီးဖုတ်ပြီး တစ်စက်ချင်းရေးထားတာ”

ခေါင်းကြီးငုံ့နေသော မဲလုံးဆီက အသံထွက်လာသည်။

နောက်မှာ ဘယ်သူတွေရှိသည်ကို သူသိသည်မဟုတ်။

ဘုန်းကြီးက. . .

“မောင်ခ မဟုတ်ရင် ဘာလဲကွ မ,ခ ဆိုတာ ”

“နှစ်ဘက်ပေါင်းမှ တစ်ရန်ဖြစ်တဲ့ သဘောပါဘုရား. . မဲလုံး/ချိုသဲ. . ပါဘုရား”



www.burmeseclassic.com

www.burmeseclassic.com



ခွိခနဲ ရယ်သံတွေ အုပ်တုတ်တုတ်ထွက်လာသည်။

သေချင်းဆိုးဟူသောအသံက ရယ်သံကို ကျော်ထွက်လာမှ မဲလုံးနောက်ကို ဝေ့ကြည့်သည်။ ပါးစပ်ဟသွားသည်။

"ကဲ မင်းကဘာလို့ ဆရာလေးကို ရိုက်တာလဲ!"

"နှစ်ယောက်အတူနေချင်တယ်ဆိုပြီး တွဲတွဲကနေလို့ပါ"

"အိမ်ကို အဲ့ဒီညဥ့်က ဘာဖြစ်လိုဖေါက်တာလဲ!"

" ပိုက်ဆံထုပ်တွေ့ထားလို့ပါ ချိုသဲကို ဘယက်လုပ်ပေးမလို့"

"မြေကြီးခိုးတူးတာကကော"

"ပတ္တမြားရရင် ချိုသဲကို ခိုးပြေးမလို့ပါဘုရား"

"အခု အဲ့ဒီပတ္တမြား ဘယ်မှာထားသလဲ!..."

ဆရာတော်က စိတ်လိုလက်ရတရားခံဖြေနေတုန်း ဖျတ်ခနဲ အမိကမေးခွန်းကို မေးချလိုက်ခြင်းဖြစ်သည်။

ပညာသားပါလှပါသည်။

"ပတ္တမြားမရဘဲ... ဟောဒီမှာ နီရဲနေတဲ့အရိုးတွေပဲ ရပါတယ်ဘုရား့..."

အောင်ဘုက ဝင်မေးသည်။

"ဟော့ကောင် မင်း သစ္စာရေသောက်ရမှာနော်.. မင်းလိမ်ရင် ချိုသဲကိုမရဘဲ.. သွေးအံသေလိမ့်မယ်..."

"မလိမ်ဘူးဗျ.. အဖေခွဲလို့ ဒီလောက်သောက်ရှက်ကွဲနေမှ ချိုသဲက ကျုပ်ကိုဘယ်လိုမှ ပြန်ကြိုက်မှာမှုတ်တော့ဘူး... အပြီး ကျုပ်ဘဝဆုံးပြီဗျ... အဲ့ဒါအဖေစွတ်လုပ်တာ..."

"မင်းသစ္စာရေ တကယ်သောက်ပြီး ပတ္တမြားမင်းမှာမရှိ





ကြောင်း ကျိန်မလား.. မင်း သွေးအတောင့်လိုက် အတောင့်လိုက် အန်ပြီး သေမှာနော်...."

"ဆရာတော်.. တပည့်တော်ကို သစ္စာရေသာတိုက်ပါတော့ဘုရား.. သောက်ရဲသေရဲပါတယ်.. ဘာပတ္တမြားမှ မရပါဘူး.. ချေးစော်နံလို့ နွားကန်ပါ ခံရပါသေးတယ်ဘုရား.. အပြီး..."

ထိုစဉ်...

"ဆရာတော်ဘုရား.. ဆရာတော်ဘုရား.. ဆရာလေး ကို အောင်ပန်း ဘုရား... အဲ... ရောကုန်ပကွ.. ဆရာတော်ဘုရား ဟောဒီမှာပါဘုရား.. တွေ့ခဲ့ပါပြီဘုရား.. ဆရာလေးရေ ဟောသမှာ.."

ကျောင်းပေါ်ဝရန်းသုန်းကား ပြေးတက်လာသော ဦးညွန့်သီး၊ ကိုစိန်ထုပ်၊ ကိုဇွဲတို့ လဲမတတ် ပြေးလာရင်း ပုဆိန်ပေါက်ဝတ်ပြုကြသည်။ ဆရာတော်က..

"ဘာဖြစ်လာသလဲ... ဘာတွေ့လာတာလဲဟ.."

ကိုစိန်ထုပ်က သူ့ခါးပုံစကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း.. ဟောဟဲလိုက်နေ၏။

"အေးအေးဆေးဆေး ပြောကြစမ်း... မောင်ခ မောင်းထောင်ချိုင့်နဲ့ ရေခပ်ခဲ့စမ်း.."

ရေသောက်ပြီး အမောပြေမှ.. ကိုစိန်ထုပ်က..

"တပည့်တော်တို့ ညဥ့်က အောင်ဘုကို အထင်လွဲပြီး ငိုင်းလုပ်မိပါတယ်ဘုရား့.. အောင်ဘုက ငုံ့ခံတဲ့အပြင်... ငါရှေ့ ပြန်ရှာပေးမယ်ဆိုပြီး ငိုသံကြီးနဲ့ ထ,ပြန်သွားမှ.. ငါတို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သတိထားမိပါတယ်ဘုရား. .

သာဉာဏ် ထ,တဲမှာပဲ ညဉ့်ကမူးအောင်သောက်ပြီး အိပ်ကြတယ်. . မနက်ကျတော့. . ငရို့ အိမ်မပြန်ဘူး ဆရာလေး ပတ္တမြားရှိမယ့် အိမ်သာကျင်းကို ဒီအတိုင်းပဲ ဆက်ကျင်မယ်. . ပေ. . ပေနံ့. . နံ့. . ကွာဆိုပြီး ထရေတစ်အိုးနဲ့ ဆရာလေးအိမ်ကို ပြန်လာကြပါတယ်"

ကိုညွန့်သိုးက. .

"ငါဆက်ပြောမယ်. . စိန်ထုပ်၊ မင်းက လိုရင်းမရောက်နိုင်ဘူး. . ခြံကောအိမ်ကော ပွင့်နေတယ်. . အသင့်ဝင်ပြီး ကြက်ချက်မယ်ပေါ့. . သောက်စားပြီးမှ အိမ်သာကျင်းထဲဆင်းမယ်ပေါ့. . မူးနေတော့ ကြက်တစ်ကောင်မှ ဖမ်းမမိဘူး၊ အိမ်အောက်က တောင်ပြန်မကြီးက အသံပေးတယ်. . အော်. . အီး. . အော. . တဲ့၊ ဝပ်ခြင်းထဲဝပ်နေရင်းက ထတွန်တယ်. . အင်း. . ဒင်းပဲ ဟင်းအိုးတောင်းတာဆိုပြီး. . သုံးယောက်သား အိမ်အောက်ဝင်ပြီး ဝပ်ခြင်းပါအုပ်မလိုက်တာ. . ဟော့ကောင် စိန်ထုပ် ပြလိုက်တော့. . အဲ့ဒါကြီး ကြက်ခြင်းအောက်က ရဲခနဲထွက်လာတာပါပဲဘုရား. ."

ကိုစိန်ထုပ် ခါးပုံစထဲ လိမ့်ကျစ်လုံးထည့်ထား၍ ဖုထုံးကို မနည်းဖြည်နေရသည်။

"ဟောသမှာပါဘုရား. . ကိုအောင်ပန်းရဲ့ ပတ္တမြားကြီး"

ကိုစိန်ထုပ်လက်ဝါးပြင်ပင် ပန်းသွေးစွန်းထင်နေ၏။

ဆရာတော်က ဖွဖွလေး ကောက်ကိုင်တော်မူရင်း အနီးကပ်ကြည့်သည်။ ခေါင်းတငြိမ့်ငြိမ့်. . .





"ငမောက် အမျိုးအနွယ်ပဲထင်ရဲ့ကွဲ. . အိမ်း. . အိမ်း. . တန်ဖိုး. . တန်ဖိုး. . ငါ့ကောင်ကြီးတွေ ငါ့တပည့်တွေ ငါ့ရွာသားတွေ ရိုးသားလိုက်ကြတာ. . . ဒီပတ္တမြားလိုပဲ၊ ပတ္တမြားက တန်ဖိုးဖြတ်လို့ ရသေးတယ်. . ရိုးသားတဲ့ တန်ဖိုးက ဘယ်လိုမှ ဖြတ်မရပါလားကွယ် ရို့. . . ကိုင်း. . ရိုးသားခြင်းမှာ တောင်ပိုင်းဆိုတာရှိလား. ."

"မရှိပါဘူးဘုရား. ."

"ရိုးသားခြင်းမှာ မြောက်ပိုင်းဆိုတာကော ရှိသလား. ."

"မရှိပါဘူးဘုရား. . ."

"အိမ်း. . ငြိမ်းချမ်းခြင်းမှာရော တောင်ပိုင်းမြောက်ပိုင်း ရှိသလား. . ."

"မရှိပါဘူးဘုရား. ."

"အိမ်း. . နောက်ဆုံးပြောချင်တာက ဟင်းတစ်ခွက် တောင်ဘက်ကပို့ချိုတယ် မြောက်ဘက်က ပို့ချိုတယ်ဆိုတာ ရှိသလား. ."

"မရှိပါဘုရား. ."

"ဒါပဲ. . သူတော်ကောင်းတို့. . .

အပ္ပမာဒေန သမ္ပာဒေထ"

"သာဓု . . သာဓု . . သာဓုပါဘုရား. ."

ဆရာတော့်ကျောင်းပေါ်မှ ဆင်းလာသောအခါ ဦးလေးခက ပရိသတ်အား သတင်းစာရှင်းလင်းပွဲလုပ်ပြီး ရှုံခါလိုက်၍ အားရဝမ်းသာပြန်သွားကြပုံရသည်။

တောင်ပိုင်း၊ မြောက်ပိုင်း ကာလသားကြီးလေးတော်လည်း ထန်းရည်ဆက်သောက် အောင်ပွဲခံရန် စောစောဝင် ထည်



www.burmeseclassic.com

www.burmeseclassic.com



ပင်းဖက်၍ ပြန်သွားခဲ့ပြီဖြစ်သည်။

ညောင်ရွက်တွေမြေသက်ကြွေနေသော ရှင်းသန့်သည့် အရှေ့ဆီက ရွာလယ်လမ်းကို သူနှင့်သူမ မျှော်ကြည့်လိုက်မိကြသည်။ သံပင်စို့မမှာရုံသစ်ကြီးထဲက အာစရိယပူဇော်ပွဲကို လာနေသော ဝတ်ကောင်းစားလှနှင့် သူဌေးအသစ်စက်စက် မိသားစုလေးစုကို လှမ်း၍အာရုံ၌ မြင်လာသည်။

နောက်ကိုလှည့်ကြည့်ရင်း သီထွေးက. .

"ကို. . ဟိုမှာကြည်စမ်း ကြည်နူးစရာလေး. ."

ဟုပြောရင်း သူ့လက်မောင်းကို နူးညံ့စွာ ရင်ခွင်နှင့် ဖက်တွယ်လာသည်။

ရင်ခုန်သံနှင့်အတူ သူလှည့်ကြည့်လိုက်သောအခါ ဘယ်သူမှ ဂရုမစိုက်တော့ဘူးဟူသော မျက်နှာပေးနှင့် ဖေးမထားသော ချိုသဲနှင့် ကုန်းကွကွ ဘေးချင်းကပ်ပါလာနေသော မဲလုံး. .။

ရှုံ့မဲ့နေသော မျက်နှာပေးကို ပို၍ဖေးမအောင် တမင်ဟန်ဆောင်လုပ်နေရင်း. . ချိုသဲပုခုံးပေါ် လက်တင်ခွင့်ရသဖြင့် ပြုံးဖြီးဖြီးကြီး လှမ်းကြည့်သည်။

"သူလိုချင်တဲ့ ပတ္တမြားသိုက်ကြီးရလို့. . မဲလုံးကြီး အရမ်းဝမ်းသာနေမှာပဲနော် ကို. ."

"ထမခုန်မိအောင် ထိန်းနေရတာက ဟောဒီကကောင်. ."

ဤတွင် သည်ဇာတ်လမ်းပြီးသွားပါသည်။ လုပ်ကြံအတိတ်မေ့ ဇာတ်လမ်းတွေလို တုတ်နှင့်ထပ်မရိုက်ဖြစ်ပါ။ ဟိုကသည်က အသိ၊ ဆွေမျိုးဆိုတာတွေလည်း သံပင်စို့ရွာ အပဋ္ဌ ရှိနေနိုင်သည့်





အရင်အတိတ်ဘဝကို အပိုတွေဆိုပြီး လိုက်ရှာမနေတော့ပါ။

သည်ရွာမှာ သူလိုတာအားလုံး ရှိနေပြီမို့ပါ။ ရွာသူရွာသားအားလုံးချစ်သော. . . ဘုရားဒကာ ကျောင်းဒကာ ရွာမျက်နှာဖုံးသူဌေးလည်းဖြစ်နေရုံမက. . သူချစ်သော သီထွေးနှင့်သူ့ကို ခေါင်းပင်ဖြီးပေးသည့် ယောက္ခမလည်း ရှိနေ၍ပါ။

ဘာလိုသေးလဲ. . ဟဲ. . ဟဲ. . ။

ကဲ. . လောကကြီး. . .

မလိုတာတွေ ပုတ်ထုတ်. . .

ဇနပုဒ်မှာ. . .

ကျုပ်ကတော့. . ငုတ်တုတ်နဲ့ပဲ. . .

ပျော်နေတယ်။ ။

လို၍မရခြင်းကင်းပါစေ



www.burmeseclassic.com